BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး
သတင်းစဉ်

ပြည်သူ့ လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၈၈) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ | မြန်မာသက္ကရာဇ် (၁၃၆၉) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# သံဃာ့တန်ခိုးရှင်ဟန်ပေးလိုက်သည့် ... 

# သံဃာ့ဇာနည်တို့၏ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ်တိုက်ပွဲ မြန်မာပြည်နေရာအနှံ့ဖြစ်ပွား

## လူမှုဒုက္ခမျိုးစုံအားလက်တွေ့ခံစားနေရသည့် အလွှာအသီးသီးရှိလူတန်းစားမျိုးစုံပြည်သူလူထုမှ တသဲနက်ပူးပေါင်းပါဝင်တိုက်ပွဲဝင်

ဩဂုတ်လ (၁၉) ရက်နေ့မှစ၍ဖြစ်ပွားခဲ့သော မြန်မာပြည်အနှံ့ စစ်အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲဆင်နွှဲနေကြသည့် ဒီမိုကရေစီလိုလားသူများကို ထိရောက်စွာအရေးယူသွားမည်ဟု နအဖစစ်အစိုးရက ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ဩဂုတ်လ (၁၅) ရက်က စစ်အစိုးရ၏လောင်စာဆီဈေးနှုန်းများ ရုတ်တရက်တိုးမြှင့်လိုက်ခြင်းမှစတင်၍ ပြည်သူလူထုတို့ကြား မကျေနပ်မှုများ ပေါ်ပေါက်လာပြီး မြန်မာပြည်အနှံ့အပြားဆန္ဒပြပွဲများ နေ့စဉ်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သော်လည်း စက်တင်ဘာ (၉) ရက်နေ့ညသို့ စစ်အစိုးရသတင်းမီဒီယာများမှထုတ်ပြန်ခဲ့သည့်ကြေညာချက်တွင် လက်ရှိဖြစ်ပေါ်နေသောဆန္ဒပြပွဲများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လှုံ့ဆော်ဖန်တီးနေသည်ဟု တဖက်သတ်စွပ်စွဲထားသည်။

လောင်စာဆီဈေးနှုန်းများကိုမြှင့်ရခြင်းသည် မြင့်မားလာသော ကမ္ဘာ့လောင်စာဆီဈေးနှုန်းများကြောင့် အစိုးရအနေဖြင့်ဆက်လက်၍မျှဝေကျခံဖို့ မတတ်နိုင်တော့သည့်အတွက် လိုအပ်ချက်အရလုပ်ဆောင်ခြင်းဖြစ်ကြောင်း စစ်အစိုးရကကာကွယ်ပြောဆိုခဲ့သည်။

❑ ဩဂုတ် (၂၈) ရက်

ရခိုင်ပြည်နယ် စစ်တွေမြို့မှ သံဃာတော်အပါး (၂၀၀) ခန့်သည် လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက် ပြည်သူ (၃၀၀) ခန့်နှင့်အတူ တနာရီကြာဆန္ဒပြမှုလုပ်ဆောင်ခဲ့သည်။ နိုင်ငံတကာသတင်းအေဂျင်စီများနှင့် သတင်းဝေဖန်သူများက “(၈) လေးလုံးအရေးတော်ပုံကဲ့သို့ သံဃာတော်ကျောင်းသား၊ ပြည်သူ၊ ဝန်ထမ်း၊ အလုပ်သမားအားလုံး ပူးပေါင်းပါဝင်လာနိုင်သည့်လမ်းစဖြစ်သည်”ဟု အကဲဖြတ်ပြောဆိုနေကြသည်။

❑ စက်တင်ဘာ (၃) ရက်

လမ်းလျှောက်ဆန္ဒပြပွဲများနှင့် အဲန်အယ်လ်ဒီ မြို့နယ်နှင့်တိုင်းအဖွဲ့ဝင်များမပါဝင်ကြရန် နအဖအာဏာပိုင်တို့က မြို့နယ်နှင့်တိုင်း အသီးသီးရှိအဖွဲ့ချုပ်အဖွဲ့ဝင်များအား ခေါ်ယူသတိပေးနေသည်။

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် ဆင်းရဲမွဲတေနေသည့်ပြည်သူများ၏ ရပိုင်ခွင့်များအတွက် တောင်းဆိုဆန္ဒပြခဲ့သည့် မောင်သန်းလွင်နှင့် မောင်စည်သူတို့အား စစ်တပ်မှ ထိုးကြိတ်ကန်ကျောက်ကာဖမ်းချုပ်ထားခဲ့သည်။ မည်သည့်ပြစ်မှုကိုမှ ကျူးလွန်ခြင်းမရှိဘဲ ထိုသို့နှိပ်စက်ဖမ်းဆီးခံခဲ့ရသူများအား (၂၄) နာရီထက် ကျော်လွန်ချုပ်နှောင်ထားခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအရေးပေါ် အစည်းအဝေးခေါ်ယူပြီးနောက် လုံးဝကန့်ကွက်ကြောင်း ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

❑ စက်တင်ဘာ (၄) ရက်

လောင်စာဆီဈေးနှုန်းကျဆင်းရေးဆန္ဒပြသူနှစ်ဦးအား ဥပဒေမဲ့ဖမ်းဆီးထားခြင်းအား သွားရောက်စုံစမ်းသည့် အဲန်အယ်လ်ဒီပါတီဝင် (၁၅) ဦးခန့်က မယကရုံးသို့ စီတန်းလမ်းလျှောက်လာစဉ် ပြည်သူလူထုက ပူးပေါင်းပါဝင်လာပြီး ဆန္ဒပြမှုသဏ္ဌာန်ဖြစ်သွားခဲ့ကြောင်း ရခိုင်ပြည်အန်အယ်လ်ဒီစည်းရုံးရေးအဖွဲ့ အတွင်းရေးမှူးဦးခင်လှကပြောသည်။ “ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပိုစတာကိုင်ပြီးဆန္ဒပြတဲ့ ကလေးတွေကို စစ်သားတွေကလက်သီးနဲ့ထိုးပြီး ဖမ်းဆီးချုပ်နှောင်ထားတယ်”ဟု ၎င်းကပြောသည်။

❑ စက်တင်ဘာ (၅) ရက်

ရေဝတီတိုင်း၊ ဘိုကလေးမြို့တွင် ကုန်ဈေးနှုန်းကျဆင်းရေးဖြစ်ပွားပြီးနောက် အဲန်အယ်လ်ဒီဥက္ကဋ္ဌကို ဖမ်းဆီးသွားခဲ့သည်။ လူထုကမကျေနပ်၍ ဆန္ဒပြပွဲကိုဆက်လက်ကျင်းပကာ ဟောပြောပွဲပါဖြစ်လာခဲ့ပြီးနောက် အန်အယ်လ်ဒီစည်းရုံးရေးအဖွဲ့ဝင် ဒေါ်မိမိစိန်နှင့်ဒေါ်ခင်လေးတို့က ဈေးအနီး၌လူထုကိုတရားဟောခဲ့ပြီး အာဏာပိုင်များထပ်မံရောက်ရှိလာသောအခါ လူထုကမောင်းထုတ်လိုက်သဖြင့် အဖမ်းအဆီးမရှိလိုက်ဘဲ ပြန်လှည့်သွားသည်ဟု အဖွဲ့ချုပ်အဖွဲ့ဝင် လူငယ်တဦးကပြောသည်။

ပခုက္ကူမြို့တွင်မဟာဝိပုလာရာမ တက္ကသိုလ် (အနောက်တိုက်) မှစတင်၍ ပြည်သူများအတွက် သံဃာများ၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ တရားမျှတထွန်းကားရေးနှင့် ဖမ်းဆီးခံရသူများအား ပြန်လွှတ်ပေးရေးတို့ကို တောင်းဆိုဆန္ဒပြခဲ့ရာ အခြားကျောင်းတိုက်များမှပူးပေါင်းလာသဖြင့် သံဃာတော်အပါး (၅၀၀) ကျော်ဖြစ်လာခဲ့သည်။ စီတန်းလှည့်လည်ဆန္ဒပြကြရာတွင် သေနတ်ပစ်ဖောက်၍ တားဆီးခဲ့သည်။

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာထိပ်သီးညီလာခံ (အေပက်) သို့ရောက်ရှိနေသည့် အမေရိကန်သမတဘုရ်ှက “အာရှဒေသတွင်း ဒီလိုရက်စက်တဲ့အပြုအမူမျိုးတွေရှိနေတာ ခွင့်လွှတ်နိုင်စရာမရှိဘူး”ဟု ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောဝပ်နှင့်ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

❑ စက်တင်ဘာ (၆) ရက်

ဒီဇယ်တက္ကစီအငှားမောင်းသူများသည် အုံနာခနှင့် ဆီဖိုးတနေ့ (၁၈,၅၀၀) ကျပ် အရင်းရှိပြီး လောင်စာဆီဈေးနှုန်းမြင့်တက်သွား၍ ကားခများလိုက်၍မြင့်လာသည့်အခါ ကားခမတတ်နိုင်တော့၍ စီးသူနည်းပါးသွားခြင်းကြောင့် အခြားအလုပ်များပြောင်းလဲလုပ်ကိုင်ရန် ကြိုးစားနေကြကြောင်းသိရသည်။

ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်း (အလယ်တိုက်) ကျောင်းသို့ ခယကဥက္ကဋ္ဌဦးတင်မောင်စိုး၊ မယကဥက္ကဋ္ဌ ဦးသိန်းဆွေ၊ တိုင်းနှင့်မြို့နယ် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူနှစ်ဆယ်ခန့်အား သံဃာတော်များက တံခါးပိတ်ကာဖမ်းဆီးထားပြီး ၎င်းတို့၏ကားများကို မီးရှို့ဖျက်ဆီးပစ်လိုက်ကြသည်။ ခုတ်တိုင်တွင်ကြိုးတုပ်အရိုက်ခံခဲ့ရသည့် ဦးပညာစက္ကအပါအဝင် မြင့်တက်လာသည့် လောင်စာဆီဈေးနှုန်းအားကန့်ကွက်ဆန္ဒပြခဲ့ကြသည့် သံဃာတော်လေးပါးအား ဖမ်းဆီးခြင်း၏ နောက်ဆက်တွဲပြဿနာတရပ်ဖြစ်ကြောင်း ဒေသခံပြည်သူများကပြောသည်။ ထိုသို့ကားများအားမီးရှို့နေစဉ် ဒေသခံပြည်သူများကလက်ခုပ်တီး၍အားပေးခဲ့ကြသည်။

❑ စက်တင်ဘာ (၇) ရက်

ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ ၈၈ မျိုးဆက်ကျောင်းသားများက စာတစောင်ပေးပို့ခဲ့သည်။ ထိုစာတွင် ကိုဋ္ဌေးကြွယ်ကလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချပေးရန်၊ မစ္စတာဂမ်ဘာရီအား ပုံမှန်ခရီးစဉ်အဖြစ်နှင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးစေလွှတ်ရန်၊ လက်တွေ့ကျသည့် နိုင်ငံရေးဖြေရှင်းမှုများဖြစ်လာစေရန် ကုလသမဂ္ဂအနေနှင့် ကြားဝင်ဆောင်ရွက်ပေးရန်တို့ကို တောင်းဆိုထားသည်။ ကိုဋ္ဌေးကြွယ်မှာ ဩဂုတ်လ

စာမျက်နှာ (၃) သို့ ...



## မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးမှ ပြည်သူလူထုသို့ အထူးပန်ကြားလွှာ

သံဃာတော်အရှင်မြတ်များနှင့် ပြည်သူလူထုသို့အထူးမေတ္တာရပ်ခံပန်ကြားလိုသည်မှာ ယနေ့လက်ရှိအချိန်သည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲပုံသဏ္ဌာန်ကို ပြည်သူ့ဆန္ဒ၊ ပြည်သူ့အားနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချိန်သို့ ရောက်နေပြီဟုယူဆနိုင်ပါသည်။ ၄/၂၀၀၇ ပြန်ကြားချက်အရ သံဃာတော်များ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ တေးရေးပညာရှင်၊ မော်ဒယ်စသည့်အလွှာအသီးသီးမှ ပြည်သူလူထုများမှာ မိမိတို့၏ဆန္ဒကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖော်ထုတ်ပြသခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။

သို့အတွက်ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ဝင်ဆရာတော်များ၏ စုပေါင်းဆုံးဖြတ်ချက်ဖြစ်သော လုပ်ငန်းစဉ် (၂) ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်တိုင်းအသီးသီးရှိ သံဃာတော်များနှင့်ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းလိုပါသည်။

(၁) အာဏာရှင်၏ဖိနှိပ်မှုကို ဖြေရှင်းနိုင်ရေးအတွက် ငြိမ်းချမ်းသောနည်းလမ်းဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ထားကြရန်။

(၂) သံဃာ့တပ်ပေါင်းစုကြီးအဖွဲ့မှ အချိန်အဟုန်မြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆန္ဒဖော်ထုတ်ရမည့်ပုံသဏ္ဌာန်ကို အဆင့်ဆင့်ကူညီ ဆောင်ရွက်ပေးမှုဖြင့် ဒီမိုကရေစီအင်အားစုအားလုံးမှ ဆက်လက်ပူးပေါင်းဖော်ထုတ်သွားကြပါရန်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး (၂၄၊ ၉၊ ၂၀၀၇)

မင်းဆိုးကို မိုးကြီး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ဓမ္မနှင့် အဓမ္မတိုက်ပွဲ

လောကီ၏အထူးထင်ရှားသောစရိုက်လက္ခဏာကား ဓမ္မနှင့်အဓမ္မတို့၏တိုက်ပွဲဖြစ်သည်။ ဓမ္မနှင့်အဓမ္မတို့၏တိုက်ပွဲနှင့်ကင်းလွတ်သော လောကီဟူ၍မရှိနိုင်ဟု ရှေးပညာရှိတို့က ဝိဂြိုဟ်ပြုကြသည်။

လူသားတဦး၏ ဖြစ်တည်မှုသည် ဓမ္မနှင့်အဓမ္မမည်သည့်ဘက်ကရပ်တည်မည်နည်းဟူသော သက်ဆိုင်ရာကာလတရပ်တွင် ပေါ်ထွန်းလာသော သမိုင်းရေးရာဖြစ်ပေါ်တိုးပွားမှု၏မေးခွန်းနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်။ အဆုံးအဖြတ်ပေးရမည့်အခြေအနေအရပ်ရပ်တွင် လူသားတဦးသည် ကြားနေ၍မရ။ ဓမ္မဘက်ကရပ်တည်မည်လော (သို့တည်းမဟုတ်) အဓမ္မဘက်ကရပ်တည်မည်လောဟူသည့်မေးခွန်းကို ဆန္ဒအရမဟုတ်ဘဲ ဘဝအရဖြေကြားရသည်။

ယနေ့သံဃာတော်များနှင့် ကျောင်းသားလူငယ်များဦးဆောင်နေသော စစ်အုပ်စုဆန့်ကျင်ရေးငြိမ်းချမ်းစွာဆန္ဒပြမှုသည် မြန်မာပြည်၏ အဓိကပဋိပက္ခဖြစ်သည့် စစ်အုပ်စုနှင့်ပြည်သူလူထုကြားတိုက်ပွဲတွင် ပြည်သူလူထုဘက်မှ ဓမ္မဝါဒီများပီသစွာ ပါဝင်တိုက်ပွဲဝင်မှုဖြစ်သည်။ စစ်အုပ်စု၏အဓမ္မလုပ်ရပ်ဖြစ်သော လမ်းပြမြေပုံ (၇) ဆင့်နှင့် ညောင်နှစ်ပင်အတုအယောင်ညီလာခံ၏ရလဒ်များကိုငြင်းပယ်သည့် ဆန္ဒထုတ်ဖော်မှုများဖြစ်သည်။ နအဖ၏အဓမ္မလုပ်ရပ်များဖြင့် တိုင်းပြည်ရှိ ပြည်သူပြည်သားများအား စစ်ကျွန်အဖြစ် ကျွန်ဇာတ်သွင်းမည့် ယင်းစီမံကိန်းများ အားပြတ်ပြတ်သားသားပယ်ချလျက် ဓမ္မတရားထွန်းကားစေမည့် မြန်မာလူ့အဖွဲ့အစည်းပေါ်ထွန်းရေးကိုရည်ရွယ်လျက် ဓမ္မဝါဒီများပီသစွာ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ သွေးမြေကျတိုက်ပွဲဝင်နေခြင်းလည်းဖြစ်သည်။

နအဖစစ်အုပ်စုသည် အဓမ္မဝါဒီပီသစွာ ပြည်သူတို့၏တရားနည်းလမ်းကျသော လွတ်မြောက်ရေးတိုက်ပွဲကို အလွယ်တကူအလျှော့ပေးမည်မဟုတ်ပါ။ ဓမ္မနှင့်အဓမ္မဝါဒီတို့ကြား အဆုံးအဖြတ်တိုက်ပွဲဖြစ်သည်နှင့်အညီ ဘက်နှစ်ဘက်စလုံးမှ ရှိသမျှအင်အားကိုထုတ်ယူသုံးစွဲ၍ တဖက်ချင်းစီ၏ရှင်သန်ရပ်တည်နိုင်ရေးအတွက် အစွမ်းကုန်တိုက်ပွဲဝင်ကြရမည့်အခြေအနေဖြစ်သည်။

လူသားတို့၏ သမိုင်းစဉ်တလျှောက်ကြုံတွေ့ကြရသည့် ဓမ္မနှင့်အဓမ္မတိုက်ပွဲများတွင် ယာယီအရေးနိမ့်မှုများကြုံတွေ့ရလင့်စကား နောက်ဆုံးအဆုံးအဖြတ်တိုက်ပွဲတွင် ဓမ္မဝါဒီတို့ကသာ အောင်ပွဲခံရစမြဲဖြစ်သည်။ သာမန်လူပုဂ္ဂိုလ်ကိုမဆိုထားနှင့် ရဟန်းသံဃာတော်များကိုပင် သတ်ဖြတ်ပစ်ခဲ့သော အဓမ္မဝါဒီတို့၏လုပ်ရပ်ကို ပြည်သူတို့က ဆက်လက်သည်းခံနိုင်စွမ်းမရှိတော့ပေ။ အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးစော်ကားသောအဆင့်ဖြစ်သဖြင့် မျိုးချစ်ပြည်ချစ်များသာမက မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာတရားကို တန်ဖိုးထားလေးစားကြသူအားလုံးက ဓမ္မဝါဒီများအဖြစ်ရပ်တည်၍ အဓမ္မဝါဒကိုဖြိုချဖျက်သိမ်းရမည့်အချိန်ကာလဖြစ်သည်။

သို့သော် တိုက်ပွဲကား အလကားရရှိရိုးထုံးစံမရှိ။ (Victory is not Free) ဟု ဆိုရိုးစကားရှိသည်။ စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ကျိုးမဖက်မှု၊ ညီညွတ်စည်းလုံးမှု သန့်စင်မွန်မြတ်မှု၊ အမျှော်အမြင်ကြီးမားမှု စသည့်ကောင်းမြတ်သောလုပ်ငန်းလက်တွေ့များတွင် ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပါမှ အောင်မြင်နိုင်ရာ၏။ သို့ပါ၍ ပြည်သူတရပ်လုံး၏ စည်းလုံးညီညွတ်သောစွမ်းပကားဖြင့် အဓမ္မဝါဒီစစ်အာဏာရှင်တို့အား အပြီးအပိုင်ဖယ်ရှားနိုင်ရေးတည်းဟူသော ဓမ္မလမ်းစဉ်တွင် ပြည်သူအားလုံးက ပါဝင်ထမ်းဆောင်ကြပါရန် နှိုးဆော်ရပေသည် ...။ ❖

# လူထုခေါင်းဆောင်ဒေါ် အောင်ဆန်းစုကြည် သံဃာတော်များအား ထွက်၍ဖူးမြော်

စက်တင်ဘာ ၂၃

ငြိမ်းချမ်းစွာလှည့်လည်ဆန္ဒပြသည့် (၅) ရက်မြောက်နေ့ နေ့လည် (၁) နာရီခန့်တွင် သံဃာတော်အပါး (၂၀၀၀) ခန့်သည် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ရှေ့သို့ ကြွချီခဲ့ကြရာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ခြံတံခါးကိုဖွင့်ကာ ဖူးမြော်ခွင့်ရခဲ့သည်။

လူထုခြိမ့်ရုံလျှက် စီတန်းလှည့်လည်ခဲ့ကြသည့် သံဃာတော်များသည် ဒေါ်အောင်ဆန်းစုကြည်၏အိမ်ရှေ့တွင် မိနစ် (၂၀) ခန့် မေတ္တာသုတ်ကိုရွတ်ခဲ့ကြစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်က ခြံတံခါးဖွင့်ကာ သံဃာတော်များကို ဖူးမြော်ကြည်ညိုခဲ့ခြင်းဖြစ်သည်။

ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သည့် သခင်ချန်ထွန်းကလည်း စစ်အစိုးရအနေဖြင့် သံဃာတော်များ၏ဆန္ဒအမှန်ကို သေချာသိနေသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်က သံဃာတော်များကိုဖူးခွင့်ရစေရန် ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့တွင် မေတ္တာပို့သနိုင်အောင်ခွင့်ပြုခြင်းဖြစ်နိုင်သည်ဟု ယူဆကြောင်း၊ ဒါကိုကြည့်ခြင်းအားဖြင့် သံဃာတော်တွေရဲ့တောင်းဆိုချက်တွေအတွက် အလားအလာရှိတယ်လို့ယူဆပြီး ဒီလိုတောင်းဆိုချက်တွေကို လိုက်လုပ်ခြင်းအားဖြင့်သာ တိုင်းပြည်အေးချမ်းသာယာနိုင်ပေမယ့် အပြီးအပြတ်ကိုယ်လိုချင်တဲ့အတိုင်းဖြစ်မယ်ဆိုတာကတော့ပြောလို့မရသေးကြောင်း၊ အကယ်၍ အင်အားသုံးဖြေရှင်းမယ်ဆိုရင် ပြဿနာတွေက ပြေလည်မည်မဟုတ်ပဲ တိုင်းပြည်လူထုအဆင့်အတန်းလည်း ထာဝရနိမ့်ကျနေဖို့ပဲရှိတော့တယ်ဟု ပြောကြားခဲ့သည်။

ထိုသို့ဒေါ်အောင်ဆန်းစုကြည်အား သံဃာတော်များနှင့် ပြည်သူအချို့တို့ တွေ့ခွင့်ရခဲ့ခြင်းအပေါ် အဲန်အယ်လ်ဒီမှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက "အခုဟာက သံဃာတွေရော၊ လူထုတွေရော အားလုံးလှုပ်ရှားနေကြတဲ့ အချိန်မှာ ဒီပြဿနာကိုဖြေရှင်းဖို့ နည်းလမ်းက အဓိကနှစ်ခုပဲလေ။ တခုက ပြေလည်အောင် ပြေပြေလည်လည်နည်း။ နောက်တခုကတော့ ဖြိုခွင်းတဲ့နည်းပေ့ါ။ အဲ့တော့ မနေ့က အသွင်အပြင်ကိုကြည့်ရတာ လက်ရှိအာဏာပိုင်တွေအနေနဲ့ ပြေလည်တဲ့နည်းကို စဉ်းစားတယ်လို့ ကျနော်တို့ယူဆတယ်။ ပြေလည်အောင်ဆောင်ရွက်တယ်ဆိုရင်တော့ ပြည်သူရော တိုင်းပြည်ရော အားလုံးစိတ်ချမ်းသာမယ့် ကိစ္စပဲလေ"ဟု အကောင်းဘက်မှ ရှုမြင်ပြောဆိုခဲ့သည်။

ဒေါ်ဆောင်ဆန်းစုကြည်သည် ၂၀၀၃ ခု ဒီပဲယင်းအကြမ်းဖက်မှုအပြီးတွင် စစ်အစိုးရက ထိန်းသိမ်းထားခဲ့ရာမှ ပြည်သူလူထုအကြား ပထမဆုံးအကြိမ် ပြန်လည်တွေ့မြင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဤသို့ သံဃာတော်များနှင့် ပြည်သူလူထုတို့ကတွေ့ခွင့်ရပြီး နောက်တနေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား နာမည်ဆိုးဖြင့် ကျော်ကြားနေသော အင်းစိန်အကျဉ်းထောင်သို့ပြောင်းရွှေ့လိုက်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

❖

# လူထုလှုပ်ရှားမှုများ ဒီလှိုင်းသဖွယ်တက်လာမည်ဟု ရှစ်လေးလုံးမျိုးဆက်ခေါင်းဆောင်ပြောဆို

စက်တင်ဘာ ၁၄

ပြီးခဲ့သည့် သီတင်းလေးပတ်အတွင်းတွင်ဖြစ်ပွားခဲ့သောဆန္ဒပြပွဲများသည် စစ်အစိုးရဆန့်ကျင်ရေး လူထုအုံကြွမှုကြီး၏အစလောက်သာဖြစ်ပြီး အဆိုပါလှုပ်ရှားမှုများသည် ရပ်တန့်သွားစရာအကြောင်းမရှိဟု တိမ်းရှောင်နေသည့် ရှစ်လေးလုံးမျိုးဆက်ခေါင်းဆောင်ကိုဌေးကြွယ်က စက်တင်ဘာ (၁၃) ရက်နေ့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

"ဒီကနေ့တိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများအား ပြေလည်အောင်မဖြေရှင်းပေးနိုင်သရွေ့ လူထုလှုပ်ရှားမှုတွေဟာ ဘယ်တော့မှအဆုံးသတ်မှာမဟုတ်၊ ဒီလှိုင်းများတက်လာသလိုပဲ လူထု၏အသံကို စစ်အစိုးရမှ ကျယ်ကျယ်လောင်လောင်ကြားရလိမ့်မည်"ဟု ကိုဌေးကြွယ်က ပြောဆိုခဲ့သည်။

ထို့အပြင် မိမိတို့အားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းအားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေးအကျပ်အတည်းများမှ လွတ်မြောက်မည်မဟုတ်။ နိုင်ငံ့စီးပွားရေး ဆုတ်ယုတ်မှု၊ စီးပွားရေးအကျပ်အတည်း၊ အကြွင်းမဲ့ အာဏာရှင်စနစ်နှင့် မတရားမှုများရှိနေသမျှကာလပတ်လုံး ဒီအနေအထားကို လူထုကလက်ခံမည်မဟုတ်ဘဲ ပြန်လည်၍ တွန်းလှန်သွားကြလိမ့်မည်ဟုလည်း ကိုဌေးကြွယ်က ပြောကြားခဲ့သည်။

မိမိအပါအဝင် ရှစ်လေးလုံးမျိုးဆက်ကျောင်းသား၊ ကျောင်းသူများ၊ ဒီမိုကရေစီရေးလှုပ်ရှားသူများ ယခုကဲ့သို့တိမ်းရှောင်နေရခြင်းနှင့်ပတ်သက်၍ ကိုဌေးကြွယ်က "ကျနော်တို့ အခုလိုတိမ်းရှောင်၊ ပုန်းလို့နေတာဟာ လူထုကြီးနဲ့ဆက်လက်ပြီး လက်တွဲအလုပ်လုပ်သွားနိုင်ဖို့။ စစ်အစိုးရရဲ့ မမှန်ကန်တဲ့နိုင်ငံရေးဖြေရှင်းမှုတွေကို ဖော်ထုတ်ဖွင့်ချနိုင်ဖို့အတွက်ပဲ"ဟု ပြောပြသည်။



ကိုဌေးကြွယ်

ကိုမင်းကိုနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင် (၁၃) ဦး အဖမ်းအဆီးခံရစဉ်၊ ကိုဌေးကြွယ်အား နေအိမ်တွင် ဝင်ရောက်ဖမ်းဆီးသော်လည်း လက်မတင်လေးလွတ်မြောက်သွားခဲ့ခြင်းဖြစ်သည်။

နအဖစစ်အုပ်စုသည် တိမ်းရှောင်နေသည့် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများ၏ တယ်လီဖုန်းများအပါအဝင် ပြည်တွင်းရှိ တယ်လီဖုန်းအဆက်အသွယ်တော်တော်များများကိုလည်း ဖြတ်တောက်ပစ်ခဲ့သည်။





ဘုရားသားတော်သံဃာတော်တို့ မေတ္တာသုတ်ရွတ်ဖတ်ချီတက်နေ

ရှေ့ဖုံးစာမျက်နှာမှ ...

(၂၁) ရက် ညသန်းကောင်က အဖမ်းခံခဲ့ရသည့် ၈၈ မျိုးဆက်ခေါင်းဆောင်များကိုဖမ်းဆီးခဲ့ရာတွင် အရှောင်မြန်၍ အပြင်မှာကျန်နေသည့် ရှားရှားပါးပါး ၈၈ မျိုးဆက်အဖြစ် နိုင်ငံ့တာဝန်များကို တတ်အားသရွေ့ထမ်းဆောင်နေသူဖြစ်သည်။

❑ စက်တင်ဘာ (၁၀) ရက်

သံဃာတော်၊ အလုပ်သမားနှင့် ကျောင်းသားများကို ဖြိုခွင်းရန်အတွက်၊ စစ်တပ်အသုံးမပြုဘဲ နအဖ၏ကြေးစားလက်ကိုင်တုတ်ဖြစ်သော စွမ်းအားရှင်လူမိုက်များနှင့် လုံထိန်းရဲတပ်ဖွဲ့ဝင်များအသုံးပြုရန် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးမှ ညွှန်ကြားခဲ့သည်''ဟု သိရှိရသည်။

❑ စက်တင်ဘာ (၁၁) ရက်

ပခုက္ကူမြို့တွင်ဖြစ်ပွားခဲ့သည့် သံဃာတော်များဆန္ဒပြသည့်သတင်းကို ပြည်ပအသံလွှင့်ဌာနများသို့ ပြောကြားခဲ့သူမြို့ခံများအား အာဏာပိုင်များကဖမ်းဆီးထားပြီး တယ်လီဖုန်းလိုင်းများကိုဖြတ်တောက်ခြင်းဖြင့် မီဒီယာနှင့်အဆက်ပြတ်စေရန်ကြိုးစားလျက်ရှိသည်။ ဤသို့သတင်းမှန်များကို နည်းမျိုးစုံဖြင့်ပိတ်ပင်တားဆီးနေသော်လည်း ၎င်းပိုင်နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယိုနှင့်ရုပ်သံတို့မှ ဆန္ဒပြသူများအပေါ် တဖက်သတ်စွပ်စွဲရေးသားထုတ်လွှင့်ချက်များကိုမူ နေ့စဉ်ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်လျက်ရှိနေသည်။ You Tube ဝက်ဆိုက်ဘ်နှင့် အခြားနိုင်ငံရေးလှုပ်ရှားမှုသတင်းများကိုဖော်ပြပေးနေသည့် ပြည်ပအခြေစိုက်အင်တာနက်စာမျက်နှာများကိုလည်း ယခင်ကတည်းကပိတ်ပင်ထားခဲ့သည်။ ယင်းသို့ပိတ်ပင်မှုအပေါ် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ RSF က ''ဒီဝက်ဆိုက်ဘ်ကို ကြည့်ရှုခွင့်တားမြစ်လိုက်ခြင်းအားဖြင့် မြန်မာစစ်အစိုးရဟာ သူရဲ့သတင်းအမှောင်ချမှုကို တိုးမြှင့်ဆောင်ရွက်လိုက်တာပါပဲ''ဟု ဖော်ပြလိုက်သည်။

❑ စက်တင်ဘာ (၁၄) ရက်

လောင်စာဆီဈေးနှုန်းကြောင့် လူထုဆန္ဒပြပွဲများဖြစ်ပွားနေပြီး နအဖအာဏာပိုင်များက ရန်ကုန်မြို့တော်လုံခြုံရေးကိုတိုးမြှင့်ထားသဖြင့် ညဘက်တွင် လမ်းများပေါ်၌ တိတ်ဆိတ်လျက်ရှိသည်။ ည (၁၂) နာရီနောက်ပိုင်းမှစ၍ လူစည်ကားလေ့ရှိသော (၁၉) လမ်းနှင့် လမ်း (၂၀) တဝိုက်၊ သိမ်ကြီးဈေးတဝိုက်နှင့် အနော်ရထာလမ်းများမှာ ည (၁၀) နာရီထက်နောက်မကျဘဲဆိုင်ပိတ်ရန် တားမြစ်ခံထားရသော်လည်း အာဏာပိုင်များအား ဆက်ကြေးပေး၍ဖွင့်ထားသည့် အနှိပ်ခန်း၊ ကာရာအိုကေနှင့် ကပွဲရုံများမှာမူ ဖွင့်ခွင့်ရနေဆဲဖြစ်သည်။

❑ စက်တင်ဘာ (၁၆) ရက်

ဘုန်းကြီးကျောင်းတိုက်များအပါအဝင် သာသနိကအဆောက်အဦးများအတွင်းသို့ စစ်တပ်အမှတ်တံဆိပ်ပါမော်တော်ကားများ လုံးဝဝင်ထွက်သွားလာခြင်းမပြုလုပ်ရန် ရန်ကုန်စစ်ရုံးချုပ်မှ အမိန့်ထုတ်ထားကြောင်း စစ်ရုံးချုပ်နှင့်နီးစပ်သူများကပြောပြသည်။

ယနေ့ကာလသည်နိုင်ငံရေးအရ အထူးသတိထားရမည့်အခြေအနေဖြစ်သဖြင့် တပ်ဖွဲ့ဝင်အားလုံး၊ အထူးသတိပြုဆောင်ရွက်ကြရန်လည်း စစ်ရုံးချုပ်မှအမိန့်ထုတ်ထားခဲ့သည်ဟုဆိုသည်။ အာဏာပိုင်များနှင့် ကြံ့ဖွံ့၊ စွမ်းအားရှင်တို့၏လှုပ်ရှားမှုများကို နိုင်ငံတကာသတင်းမီဒီယာများကအမြဲစောင့်ကြည့် သတင်းထုတ်ပြန်နေကြသဖြင့် ပိုသတိထားဆောင်ရွက်ကြရန် ညွှန်ကြားချက်တွင်ပါသည်ဟုသိရသည်။ ထို့



သံဃာတော်များ ငြိမ်းချမ်းစွာချီတက် ဆန္ဒပြ

ပြင် တယ်လီဖုံးများဝင်လာပါက အရာရှိများကလွဲပြီး အောက်ခြေအဆင့်များ လက်ခံဖြေဆိုခြင်း လုံးဝမလုပ်ရန်၊ လှုံ့ဆော်စာဖြန့်ဝေနေသူများကို လက်ရဖမ်းဆီးနိုင်အောင်ကြိုးစားကြရန်၊ ဆန္ဒပြပွဲသတင်းများကို ကြိုတင်သိအောင်ကြိုးစားပြီး လက်ဦးမှုယူချေမှုန်းနိုင်အောင် သတင်းတပ်ဖွဲ့များက အရပ်ဝတ်များဖြင့် လျှို့ဝှက်သတင်းရယူကြရန်၊ အားလုံးအရပ်ဝတ်များနှင့် လျှို့ဝှက်ကွပ်ကဲကြရန်တို့ကို စက်တင်ဘာ (၁၁) ရက်နေ့ နေပြည်တော်စစ်ရုံးချုပ်အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့ကြောင်း စစ်ရုံးချုပ်နှင့်နီးစပ်သူ အသိုင်းအဝိုင်းမှသတင်းရရှိသည်။

စက်တင်ဘာ (၁၇) ရက်နှင့် (၁၈) ရက်နေ့ နှစ်ရက်ကို အရေးပေါ်နေ့များအဖြစ် နအဖစစ်အစိုးရမှ စက်တင်ဘာ (၁၆) ရက်နေ့တွင် ကြေငြာခဲ့သော်လည်း တရားဝင်ကြေငြာခြင်းမဟုတ်ချေ။ အစိုးရရုံးများတွင် ကန့်သတ်ထုတ်ပြန်ခဲ့ကြောင်း ရန်ကုန်မြို့ခံ ဌာနဆိုင်ရာဝန်ထမ်းအချို့ကပြောပြသည်။ မကွေးတိုင်း၊ ပခုက္ကူမြို့သံဃာတော်များကို စစ်တပ်မှ အကြမ်းဖက်ပြုမှုနှင့်ပက်သက်၍ နအဖစစ်အစိုးရမှ စက်တင်ဘာ (၁၇) ရက်နေ့ နောက်ဆုံးသံဃာတော်များအား တရားဝင်မတောင်းပန်လျှင် (၁၈) ရက်၊ အာရုဏ်တက်၌ ပတ္တနိက္ကုဇ္ဇနကံဆောင်မည့် တောင်းဆိုမှုကြောင့် စစ်အစိုးရသည် အကြီးအကျယ်စိုးရိမ်ကြောက်လန့်ပြီး၊ ဌာနဆိုင်ရာဝန်ထမ်းများကို အထူးကန့်သတ်တားမြစ်နေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ ဝန်ထမ်းရပ်ကွက်မှသတင်းရရှိသည်။

❑ စက်တင်ဘာ (၁၇) ရက်

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့တွင် သံဃာတော်အပါး (၅၀၀) ကျော်သည် ဆုတောင်းပြည့်မဟာစေတီကြီးဘုရားသို့ စီတန်းကြွချီလျက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံရသူအားလုံး လွတ်မြောက်ရေးအတွက်မေတ္တာပို့ကြောင်းသိရသည်။

ဆန္ဒပြပွဲတွင်ပါဝင်သော ခေမာသီဝံသကျောင်းတိုက်မှသံဃာတော်တပါးက ''ပခုက္ကူသံဃာတော်တွေကိုညှင်းပန်းနှိပ်စက်တာနဲ့ပတ်သက်ပြီး ကျောက်ပန်းတောင်းမှာရှိတဲ့ သံဃာတော်တွေအားလုံးက ပြင်းပြင်းထန်ထန်ရှုတ်ချတယ်။ သံဃာကိုစော်ကားတဲ့အတွက် လူသိရှင်ကြားဝန်ချတောင်းပန်ဖို့ ဦးပဥ္စင်းတို့ ဆန္ဒပြင်းပြတယ်။ ဒါယိကာ၊ ဒါယိကာမတွေ အဆင်မပြေတဲ့အခက်အခဲ အကျပ်အတည်းတွေအားလုံးကိုဖြေရှင်းပေးဖို့ ဆန္ဒပြင်းပြတယ်။ ပတ္တနိက္ကုဇ္ဇနကံပြုဖို့ သဘောတူတယ်ဆိုတဲ့သဘောလည်း ပါဝင်တယ်''ဟု မိန့်ကြားသည်။

ယနေ့သည် သံဃာတော်များအပေါ် ကြမ်းတမ်းစွာ ပြုမူဆက်ဆံမှုများအတွက် စစ်အုပ်စုမှဝန်ချတောင်းပန်ရန်သတိပေးထားသည့် နောက်ဆုံးရက်ဖြစ်သည်။ ပတ္တနိက္ကုဇ္ဇနကံဆိုသည်မှာ သာသနာကိုထိပါးနှောင့်ယှက်သူ၏အလှူကို လက်မခံခြင်း၊ သာရေး နာရေးကိစ္စအဝဝကို ဆောင်ရွက်မပေးဘဲထားခြင်းတို့ဖြင့် ဗုဒ္ဓသာသနာမှပစ်ပယ်လိုက်ခြင်းဖြစ်သည်။

❑ စက်တင်ဘာ (၁၈) ရက်

စစ်အုပ်စုမှ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ သံဃာတော်များအားဝန်ချတောင်းပန်ရန် သတ်မှတ်ရက်ကို ကျော်လွန်နေပြီဖြစ်သောကြောင့် မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများတွင် သံဃာတော်များက သပိတ်မှောက်ကံဆောင်ပွဲများ၊ ငြိမ်းချမ်းစွာဆန္ဒပြပွဲများကိုကျင်းပခဲ့ကြသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် သံဃာအပါး (၃၀၀) ကျော်၊ ပဲခူးတိုင်း၊ ပဲခူးမြို့တွင် အပါး (၁၀၀၀) ကျော်မှ တစထက်တစများပြားလာပြီး သံဃာအပါးပေါင်း (၁၆၀၀) ကျော်လာခဲ့သည်ဟုသိရသည်။ ထိုနည်းတူ ကျောက်ပန်းတောင်းမြို့၊ မကွေးတိုင်းတွင် ချောက်မြို့နှင့် အောင်လံမြို့တို့တွင်လည်းကောင်း သံဃာဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့သည်။



သံဃာထုနှင့်အတူ ကျောင်းသားလူငယ်များလည်း ပူးပေါင်းပါဝင်

❑ စက်တင်ဘာ (၁၉) ရက်

ရန်ကုန်တွင် သံဃာတော်သပိတ်တိုက်ပွဲ ထပ်မံဖြစ်ပွားရာ အင်အား (၅၀၀၀) ခန့်ရှိသောလူထုက သံဃာတော် (၇၀၀) တို့နောက်မှ လိုက်လံအားပေးခဲ့ကြသည်။ နံနက်စောကတည်းကပင် တောင်ဥက္ကလာပနှင့် ပုဇွန်တောင်မြို့နယ်များမှသံဃာတော်များ ရွှေတိဂုံခြေတော်ရင်း၌စုမိကြပြီး မွန်းလွဲပိုင်းတွင် ဆူးလေဘုရားသို့စီတန်းလှည့်လည်ကာ ဆန္ဒပြကြခြင်းဖြစ်သည်။

ကလေးမြို့တွင်ဆန္ဒပြကြရာတွင် သံဃာတုလေးငါးပါးကိုတွေ့ရကြောင်း၊ ရဲများဖြစ်နေကြောင်း၊ မန္တလေးတွင်လည်း သံဃာတုများ လွန်ခဲ့သော (၂) ရက်ကစ၍ရောက်နေကြောင်း ၎င်းကဆက်လက်ပြောကြားသွားသည်။

မန္တလေးမြို့တွင် သံဃာအပါး (၅၀၀) ခန့်တို့သည် မဟာမြတ်မုနိဘုရားကြီးသို့စီတန်းလှည့်လည်သွားရောက်ကာ ပရိတ်ရွတ်ဖတ်ကြသည်ဟု မြို့ခံများကပြောသည်။ သံဃာတော်များသည် အရှေ့ဘက်မုခ်ဝင်ကာ ဘုရားကြီးအတွင်း မေတ္တာသုတ်တော်များရွတ်ဖတ်ခြင်း၊ ကံဆောင်ခြင်းအမှုများပြုပြီး အနှောင့်အယှက်တစုံတရာမရှိဘဲ ပြန်လည်ကြွချီသွားကြသည်။

❑ စက်တင်ဘာ (၂၀) ရက်

စစ်ရုံးချုပ်နှင့်နီးစပ်သူများ၏အဆိုအရ ရန်ကုန်မြို့လုံခြုံရေးတာဝန်ယူထားသည့် တပ်မ (၇၇) လက်အောက်ခံတပ်ရင်းတချို့မှ တပ်သား (၂၀၀) နီးပါးအား သံဃာအယောင်ဆောင်ထားရန် ညွှန်ကြားထားကြောင်းသိရသည်။ သံဃာအချင်းချင်း ပြဿနာတက်နေပုံမျိုးဖန်တီးရန် ညွှန်ကြားထားသည်ဟု သိရသည်။ သံဃာတော်များကို အကြမ်းဖက်နှိမ်နင်းရန်တာဝန်ယူထားသူမှာ ဒီပဲယင်းအရေးအခင်းအား အနီးကပ်ကိုင်တွယ်ခဲ့သူ ဗိုလ်မှူးကြီးသိန်းဟန်၏ အဓိကရုဏ်းနှိမ်နင်းရေးလုံထိန်းတပ်ဖွဲ့ဖြစ်သည်ဟုဆိုသည်။ သပိတ်မှောက်ကံဆောင်ပွဲတွင်ပါသည့် ကျောင်းတိုက်များအား ဖြတ်လေးဖြတ်စစ်ဆင်ရေးဝင်ရမည်ဟု ဗိုလ်ချုပ်မှူးကြီးက ဝန်ကြီးဗိုလ်ချုပ်ငွေးဦးနှင့် ရန်ကုန်တိုင်းမှူးတို့ကို အမိန့်ပေးထားကြောင်းသတင်းရသော်လည်း အတည်ပြုချက်ရရန်ခဲယဉ်းနေသည်။

❑ စက်တင်ဘာ (၂၁) ရက်

မိုးသည်းထန်နေသော်လည်း တတိယမြောက်နေ့အဖြစ် သံဃာတော် (၁၅၀၀) ခန့်ဆန္ဒပြနေဆဲဖြစ်သည်။ ယနေ့တွင် ရွှေတိဂုံစေတီတော်အား တက်ရောက်ခွင့်ပြုန်ပေးသဖြင့် အောင်မြေတွင်စုရုံးကြသည်။ သံဃာတော်အား လူထုကခြံရံပေးထားကြပြီး စနစ်တကျ စီတန်းလှည့်လည်ကြခြင်းဖြစ်သည်။ နိကယ်ငါးရပ်စာသင်တိုက်မှ သံဃာတော် အပါး (၂၀၀) ကျော်တို့ကမူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိသားစုလှူထားသည့် ဒဂုံမြို့သစ်တောင်ပိုင်း (၂၀) ရပ်ကွက်ရှိ အောင်ဗောဓိဘုရားသို့သွားရောက်၍ သပိတ်မှောက်ကံဆောင်ကြသည်။

မန္တလေးတိုင်း၊ မိုးကုတ်မြို့နှင့် အမရပူရမြို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် (၂) ရက်မြောက်နေ့အဖြစ်လည်းကောင်း၊ ပဲခူးတိုင်း၊ ရွှေဘိုမြို့တွင်လည်းကောင်း အသီးသီး သပိတ်တိုက်ပွဲများကို ဘေးမသီရန်မခကျင်းပနေကြဆဲဖြစ်သည်။

အချင်းချင်းမေတ္တာဓာတ်အားနည်းနေသော မြန်မာနိုင်ငံအား မေတ္တာဓာတ်အားကောင်းလာစေပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ကြစေရန် လာမည့် (၂၃) ရက်မှ (၂၅) ရက်နေ့များအထိ မိမိတို့အိမ်ဝ၊ ကျောင်းဝနှင့်ဝရန်တာများမှနေ၍ မေတ္တာပို့ကြပါရန် သံဃာတော်များက တိုက်တွန်းထားသည်။ မိမိတို့နှင့်အတူပါဝင်ဆင်နွှဲနေကြသောပြည်သူများနှင့် အပြည်ပြည်ဆိုင်ရာမှ သံဃာတော်များအား ကျေးဇူးတင်ပါကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုကြီးက ထုတ်ပြန်ကြေညာသည်။

မြန်မာ့တပ်မတော်သားများအား ပြည်သူများနှင့်လက်တွဲ၍ စစ်အာဏာရှင်စနစ်အား တိုက်ဖျက်ပါရန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ယနေ့ပန်ကြားချက်တစောင်ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက်တွင် ''ကျနော်တို့တည်ထောင်ခဲ့ကြတဲ့ ဗမာ့တပ်မတော်ကြီးက ကျနော်တို့ချစ်မြတ်နိုးလှတဲ့ တိုင်းပြည်ကြီးကို ဒုက္ခန္တွင်းထဲဆွဲချသွားနေတာကြာပါပြီ''ဟုဖော်ပြထားသည်။

❑ စက်တင်ဘာ (၂၂) ရက်

မန္တလေး၏ နာမည်ကျော် မစိုးရိမ်ကျောင်းသစ်နှင့် ကျောင်းဟောင်းနှစ်ကျောင်းတည်းမှ သံဃာတော် (၁၇၀၀) ကျော်တို့ စုပေါင်း၍ မေတ္တာသုတ်များရွတ်ကာ မြို့တွင်းတွင် (၅) ပါးတတွဲဆီ စနစ်တကျ စီတန်းလှည့်လည်ကြသည်။ သံဃာတော်များအား ကြည်ညိုဖူးမြော်သည့်ပရိတ်သတ်မှာ ခန့်မှန်း၍မရနိုင်လောက်အောင် များပြားနေသည်ဟု မြို့ခံများကပြောသည်။ နေ့လည်ပိုင်းမဟာမြတ်မုနိဘုရားကြီးသို့ကြွချီကြချိန်တွင် သံဃာတော်အပါး (၁) သောင်းခန့်ရှိသည်ဟု မျက်မြင်သက်သေများကပြောသည်။ ဆန္ဒပြနေစဉ် နှောင့်ယှက်မှုတစုံတရာမရှိသော်လည်း ညဘက်တွင် ဘုန်းတော်ကြီးကျောင်းများသို့ ဝင်ရောက်ကာဆန္ဒပြသည့်ကိုယ်တော်များအား ဖမ်းဆီးသည့်သတင်းများလည်း ထွက်ပေါ်နေခဲ့သည်။

❑ စက်တင်ဘာ (၂၃) ရက်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ဘုန်းကြီးကျောင်းအသီးသီးမှ သံဃာတော်များ နိုင်ငံတဝှမ်းဖြစ်ပွားနေသည့် သပိတ်မှောက်ကံဆောင်ခြင်းကိုထောက်ခံသည့်အနေနှင့် စီတန်းလှည့်လည်ပွဲကျင်းပလျက် ပရိတ်တရားတော်များကို ရွတ်ဖတ်ခဲ့ကြသည်။ ကြိုတင်အကြောင်းကြားထားခြင်းမရှိဘဲ သံဃာတော်များ၏သီးသန့်ပွဲဖြစ်၍ ပြည်သူလူထုမှာ ဘေးမှရှိခိုးကြည်ညိုရုံမျှဖြင့် ကျေနပ်လိုက်ကြကြောင်း မြို့ခံတဦးကပြောသည်။

ရန်ကုန်မြို့တွင်မူ (၆) ရက်မြောက်နေ့အဖြစ် ဆက်လက်တိုက်ပွဲဝင်လျက်ရှိရာ သီလရှင်များပါ ပါဝင်လာကြောင်းသိရသည်။ သံဃာတော် (၅၀၀၀) မျှရှိကာ လူထုမှာ သောင်းနှင့်ချီ၍ ပူးပေါင်းပါဝင်ဆန္ဒပြလျက်ရှိသည်။ မန္တလေးတွင်လည်း (၃) ရက်မြောက်နေ့အဖြစ် သံဃာတော်အပါး (၁) ထောင်တို့သည် မဟာမြတ်မုနိပုံတော်ကိုကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း သပိတ်မှောက်ကံဆောင်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး မနက်ဖြန်တွင် ပြည်သူလူထုအားလုံးပါဝင်သည့်အထွေထွေသပိတ်ဆင်နွှဲရန် သံဃာ့တပ်ပေါင်းစုမှ နှိုးဆော်ထားသည်။

❑ စက်တင်ဘာ (၂၄) ရက်

ပတ္တနိက္ကုဇ္ဇနကံဆောင်သည့် (၇) ရက်မြောက်နေ့အဖြစ် ရန်ကုန်မြို့တော်ခန်းမနှင့်ကမ္ဘာအေးဘုရားတို့၌ ပင်လယ်ကြီးတခုပမာ မျက်စေ့မဆုံးမြင်နေရသည့် လူလှိုင်းလုံးကြီးဖြင့် အထွေထွေသပိတ်တိုက်ပွဲကိုစတင်နေသည်။

စာမျက်နှာ (၄) သို့ ...



ပြည်သူလွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်

## စာမျက်နှာ (၃) မှ ...

နေ့စဉ်ရက်ဆက် သပိတ်တိုက်ပွဲဆင်နွှဲနေကြသည့်သံဃာတော်များ၏ တနပ်တည်းသာစားရသော ဆွမ်းပြတ်လပ်နေသည်ကိုသိသဖြင့် အနုပညာရှင်များဦးဆောင်၍ ပြည်သူလူထုက ကံဆောင်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ဒေါက်တာအလက်ာနှင့် ဆရာဝန်များအဖွဲ့ကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများပေးနေသည်။ အခြေအနေသည် အားလုံးငြိမ်းချမ်း၍ စည်းလုံးညီညွတ်မှုများအပြည့်ရှိနေသည်။

ယနေ့သပိတ်တိုက်ပွဲတွင် အစဉ်အလာရှိသော တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးအေးသာအောင်၊ ဦးပုကျှင့်ရှင်းထန်၊ ဦးထောင်ခိုထန်း၊ ဦးသာဘန်း၊ ဦးကျော်မြင့်၊ ဒေါက်တာအောင်တင်ဦးတို့နှင့်အတူတိုင်းရင်းသားလူငယ်များလည်း ပူးပေါင်းပါဝင်လာကြသည်။

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သံဃာတော်များအား ဓမ္မစက်နှင့်ဆောင်ရွက်ခြင်းအားမလိုက်နာပါက ဥပဒေအရ အရေးယူမည်ဟု နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအားလျှောက်ထားခြိမ်းခြောက်ခဲ့သည်။

ဒီမိုကရေစီရေးအတွက် ကျောင်းသားပြည်သူတရပ်လုံးပူးပေါင်းပါဝင်ကြပါရန် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများအဖွဲ့ချုပ် (ဗကသ) က ကြေညာချက်ထုတ်ပြန်တိုက်တွန်းရင်း သပိတ်တိုက်ပွဲတွင်းသို့ ပူးပေါင်းပါဝင်လာသည်။ အထွေထွေသပိတ်အဖြစ်ပါဝင်ရန် နှိုးဆော်ထားသည့်ရက်ဖြစ်သည့်အတွက် ရန်ကုန်ရှိ အထက်တန်းကျောင်းတချို့ကို ပိတ်ထားသည်ဟု သတင်းရသည်။

မန္တလေးတွင် ဝိသုဒ္ဓါရုံ မစိုးရိမ်ကျောင်းဟောင်း၊ မြတောင်ကျောင်းတိုက်တို့မှ သံဃာတော်များဦးစီး၍ မြို့တွင်းသို့လှည့်လည်ကာ မေတ္တာပို့သကြသည်။ စစ်တွေတွင် သိန်းနှင့်ချီသောလူထုကြီးက သံဃာတော်များနှင့်အတူ သပိတ်တိုက်ပွဲ ဆက်လက်ဆင်နွှဲနေသည်။

❑ စက်တင်ဘာ (၂၅) ရက်

တနင်္သာရီတိုင်း၊ ထားဝယ်နှင့် ကော့သောင်းမြို့များတွင်လည်း ကံဆောင်ပွဲကိုစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပြီး အနှောင့်အယှက်မရှိ အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့သည်။

မနေ့က သူရမြင့်မောင်က "သံဃာတော်များ၏ မြို့တွင်းတွင်လှည့်လည်၍ မေတ္တာပို့မှုများသည် သာသနာတော်ကို ညှိုးနွမ်းစေသည့်လုပ်ရပ်ဖြစ်၍ ဆရာတော်များကြီးများက လမ်းညွှန်ဩဝါဒမိန့်ကြားပါ"ဟုပြောခြင်းသည် သံဃာအကြီးနှင့်အငယ်တို့အား သွေးခွဲစကားပြောခြင်းသာဖြစ်သည်ဟု ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်ကပြောခဲ့သည်။

စစ်တပ်မှ ခြိမ်းခြောက်နေသည့်ကြားက သံဃာတော် (၃) သောင်းနှင့်အတူ လူထုသိန်းချီသောဆန္ဒပြမှုသည် ဆူးလေဘုရားလမ်းတွင် သာသနာ့အလံ၊ ဒေါင်းအလံများတလူလူလွင့်ကာကျင်းပခဲ့ကြသည်။

ပဲခူးတိုင်း ကြခတ်ဝိုင်းကျောင်းတိုက်မှ သံဃာတော်များအား ကျောင်းထိုင်ဆရာတော်က သော့ပိတ်ထား၍ ကံဆောင်တိုက်ပွဲတွင်မပါဝင်နိုင်ဘဲဖြစ်နေစဉ် သပိတ်မှောက်သံဃာတော်များကသွားရောက်ခေါ်ဆောင်ရာ လိုက်ပါနိုင်ခြင်းမရှိသည့်အတွက် အချို့ရဟန်းပျိုများက စိတ်မထိန်းနိုင်ဘဲ ရေသန့်ဗူးများဖြင့်ပစ်ပေါက်၍ မှန်အချို့ကွဲသွားသည်ကို အဲန်အယ်လ်ဒီကပေးလိုက်သောရေဗူးများနှင့်ပေါက်၍ ကျောင်းပျက်စီးရပါသည်ဟု ကျောင်းထိုင်ဆရာတော်မှတိုင်ကြားသဖြင့် ပဲခူးတိုင်း အဲန်အယ်လ်ဒီမှ မြို့နယ် ဗဟိုကော်မတီဝင် ဦးဖေညွှန့်နှင့်ဦးတင်သိန်းတို့အားခေါ်ပြီး လက်မှတ်ထိုးခိုင်းသော်လည်း လက်မှတ်မထိုးခဲ့ကြပေ။

ခြိမ်းခြောက်မှုများကြားမှ စစ်တွေမြို့တွင်လည်း သောင်းနှင့်ချီသော လူထုနှင့်သံဃာတော်များသည် ကုန်ဈေးနှုန်းကျဆင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ကြွေးကြော်သံများဖြင့် ဆန္ဒပြလျှက်ရှိနေကြသည်။ ရခိုင်ပြည်နယ် မင်းပြား၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်ဖြူနှင့် တောင်ကုတ်မြို့များတွင်လည်း အလားတူဆန္ဒပြပွဲများဖြစ်ခဲ့ပြီး နှောင့်ယှက်မှုတစုံတရာမပေးခဲ့ပေ။

အလားတူပင် မကွေးတိုင်း၊ ရေနံချောင်းမြို့တွင် ယနေ့နေ့လည်ပိုင်းတွင် သံဃာတော်များမှ စတင်၍ ပြည်သူများလိုက်ပါဆန္ဒပြခဲ့ရာ မြို့လုံးကျွတ်ဆန္ဒပြပွဲဖြစ်ခဲ့ပြီး စစ်တပ်မှ နှောင့်ယှက်မှုတစုံတရာမရှိဘဲ ညနေ (၃) နာရီတွင် အောင်မြင်စွာရုပ်သိမ်းနိုင်ခဲ့သည်။

ယနေ့ညနေပိုင်းတွင် နေဝင်မီးငြိမ်းအမိန့်ကိုလည်းကောင်း၊ (၄) ယောက်ထက်ပို၍ လူမစုရသည့်အမိန့်ကိုလည်းကောင်း ထုတ်ပြန်ကြေညာခဲ့သည်။

❑ စက်တင်ဘာ (၂၆) ရက်


ဒေါင်းအလံတလူလူလွင့်ထူ ငြိမ်းချမ်းစွာ ဟန်ချက်ညီညီလက်ချင်းချိတ်ဆက် ချီတက်စဉ်

မြန်မာပြည်သူ့အချစ်တော် ဇာဂနာအား စစ်အာဏာပိုင်များက လာရောက်ဖမ်းဆီးသွားသည်။ "ည (၁) နာရီမှာအိမ်မှာလာမွှေသွားပြီး (၂) နာရီမှာပါသွားပါတယ်။ အရပ်ဝတ်တွေနဲ့ပဲ (၇) ယောက်လောက်ပါပါတယ်"ဟု မိသားစုဝင်တဦးကပြောသည်။ ဇာဂနာအား မည်သည့်နေရာသို့ခေါ်ဆောင်သွားသည်ကို မည်သူမျှမသိရပေ။

မန္တလေးတွင် သပိတ်တိုက်ပွဲအား မျက်ရည်ယိုဗုံးများသုံး၍လည်းကောင်း၊ နံပါတ်တုတ်များနှင့်ရိုက်နှက်၍လည်းကောင်း၊ သေနတ်ထောင်ဖောက်၍လည်းကောင်း ဖြိုခွဲခြင်းခံလိုက်ရသည်။ ဘုန်းကြီးကျောင်းတိုက်များရှေ့တွင် ယမန်နေ့ညကတည်းက လက်နက်အပြည့်အစုံနှင့် ဒိုင်းများ၊ ရိုင်ဖယ်သေနတ်များကိုင်ဆောင်ထားကာ ဝင်ပေါက်ထွက်ပေါက်အားလုံးကို စောင့်ကြည့်နေကြကြောင်းသတင်းရရှိသည်။

နံနက် (၁၁) နာရီခွဲခန့်မှစ၍ ရွှေတိဂုံအရှေ့ဘက်မုခ်၌ စစ်တပ်နှင့်လုံထိန်းအုပ်စုက မျက်ရည်ယိုဗုံးနှင့်ပစ်ခွဲ၊ နံပါတ်တုတ်နှင့်ရိုက်နှက်ခြင်းဖြင့် ပြည်သူအား စတင်၍နှိပ်ကွပ်ခဲ့သည်။ သံဃာတော်များနှင့်လူ (၁၀၀) ကျော်အားဖမ်းဆီးသွားသည်။ "လူတွေကို ဒိုင်နာကားပေါ်တင်သွားတယ်။ လည်ပင်းတွေကို ခြေထောက်နဲ့နင်းတယ်။ ဝါးရင်းတုတ်နဲ့ အသွားအပြန်ရိုက်တာ၊ ဆက်တိုက်ချတာ"ဟု မျက်မြင်သက်သေတဦးကပြောသည်။

စစ်အစိုးရ၏ မတရားသဖြင့်ထုတ်ပြန်ထားသည့် လူမစုရအမိန့်ကိုဆန့်ကျင်၍ သံဃာတော်များနှင့်ကျောင်းသားပြည်သူတို့သည် ရွှေတိဂုံစေတီတော်၌စုဝေးလျှက် ယခင်နေ့များကအတိုင်း မြို့တွင်းသို့ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ မန္တလေး၌လည်း မဟာမြတ်မုနိဘုရားကြီးနှင့် ထင်ရှားသည့်ဘုန်းကြီးကျောင်းများတဝိုက်တွင် လုံခြုံရေးတင်းကျပ်စွာချထားပြီးနောက် သံဃာတော်များအား မှတ်ပုံတင်များစစ်ဆေးနေသည်။

ညမထွက်ရအမိန့်ကြောင့် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ကို ဘန်ကောက်စံတော်ချိန် ည (၈)နာရီခွဲမှ ညနေ (၆) နာရီ (၁၅) မိနစ်သို့ ပြောင်းရွှေ့လိုက်ရသည်။ စစ်အုပ်စု၏ ဤသို့သော အကြမ်းဖက်မှုများအတွက် မြန်မာနိုင်ငံအမျိုးသားကောင်စီမှ နိုင်ငံတကာတရားရုံးတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အဲန်စီယူဘီအထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ကပြောသည်။

ယနေ့အတွက် (၁) ဦးသေ၊ (၃) ဦးဒဏ်ရာရသည်ဟု စစ်အစိုးရက တရားဝင်ထုတ်ပြန်သည်။

❑ စက်တင်ဘာ (၂၇)

အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၏ဆင့်ခေါ်ချက်ဖြင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တပ်ဖွဲ့ဝင်များသည် ကား (၁၀) စီးဖြင့် အင်္ဂါနေ့ည (၁၁) နာရီတွင် မြဝတီမှထွက်ခွာသွားကြောင်း မျက်မြင်သက်သေများကပြောသည်။ မဲဆောက်မြို့တွင် သီတင်းသုံးသော ကရင်ဘုန်းတော်ကြီးတပါးက "ဒီကေဘီအေက နအဖအမိန့်ပေးတဲ့အတိုင်းသာလုပ်ခဲ့မယ်ဆိုရင် ကမ္ဘာ့သမိုင်းမှာ ကရင်ဆိုတဲ့လူမျိုးဟာ ကမ္ဘာ့လူထု တံတွေးခွက်မှာ ပက်လက်မျောသွားဖို့ပဲရှိမယ်"ဟု မိန့်သည်။

ငြိမ်းချမ်းစွာဆန္ဒပြနေသည့်ပြည်သူလူထုနှင့်ပူးပေါင်းပါရန် အပစ်ရပ်အဖွဲ့များအား ကေအန်ယူကရင်အမျိုးသားအစည်းအရုံးမှ တိုက်တွန်းလိုက်သည်။

တောင်ဥက္ကလာပရှိ ငွေကြာယံကျောင်းတိုက်သို့ သန်းကောင်ယံအချိန်တွင် စစ်တပ်က ကျောင်းဝန်းတခါးကို ကားနှင့်တိုက်ဖွင့်ကာ ဝင်ရောက်စီးနင်းပြီး သံဃာအပါး (၂၀၀) ခန့်အား ရိုက်နှက်ဖမ်းဆီးသွားသည်။ သေနတ်သံများနှင့် ဘုန်းတော်ကြီးတို့၏ အော်ဟစ်သံများကို ရပ်ကွက်တွင်းမှ ပြည်သူများကြားခဲ့ကြရပြီး ကျောင်းတကျောင်းလုံး မွမွကြေအောင် အဖျက်ဆီးခံခဲ့ရသည်ကို နံနက်မိုးလင်းသောအခါ ပြည်သူများတွေ့မြင်ရသည်။ ယင်းအဖြစ်တွင် သံဃာတော်နှစ်ပါးပျံလွန်တော်မူခဲ့သည်။ မျက်မြင်သက်သေများ၏အဆိုအရ စစ်သားများမှ ပုံမှန်မဟုတ်ဘဲ မူးယစ်ဆေးဝါးတမျိုးမျိုးသုံးစွဲထားသည့် လက္ခဏာများတွေ့ရသည်ဟုလည်း သတင်းရရှိသည်။

အလားတူ အေးဘိုင်ဒီအက်စ်ဝေဒနာသည်များအားစောင့်ရှောက်မှုပေးနေသည့် မဂ္ဂင်ကျောင်းလည်းစီးနင်းခံခဲ့ရသည်။

ပန်းဆိုးတန်းတွင် ခွပ်ဒေါင်းအလံကိုင်ထားသည့် အထက်တန်းကျောင်းသားတဦး သေနတ်ထိမှန်ကျဆုံးခဲ့သည်။ လူသာလဲကျသွားသော်လည်း အလံကိုဆုပ်ကိုင်ထားသည့်လက်ကို လွှတ်မသွားခဲ့ကြောင်း မျက်မြင်သက်သေတဦး၏ပြောပြချက်အရ သိရသည်။

ရန်ကုန်ဆူးလေပတ်ဝန်းကျင်ပစ်ခတ်မှုတွင် ဂျပန်နိုင်ငံမှ တိုကျိုအခြေစိုက် အေအက်ဖ်ပီသတင်းဌာနမှ ဓာတ်ပုံသတင်းထောက် မစ္စတာနာဂအိကန်ဂျီသေဆုံးခဲ့သည်။ လဲကျနေချိန်တွင် အနီးကပ်ကာတည့်တည့်ချိန်ပစ်နေသည်ကို ဓာတ်ပုံနှင့်တကွ ကမ္ဘာက တွေ့မြင်နေရသည့်တိုင်အောင် စစ်အုပ်စုကမူ မတော်တဆထိမှန်ခဲ့ပါသည်ဟု အတင်းလိမ်လည်နေဆဲဖြစ်သည်။ မျက်မြင်သက်သေတဦးက "အသက် (၂၅) နှစ်လောက် အမျိုးသမီးတယောက် ဗိုက်ပွင့်သွားတယ်။ မီးပွိုင့်ဘေးမှာလည်း (၂၁) နှစ်လောက်ကုလားလေးတယောက်၊ နောက်ပြီးဘောင်းဘီဝါနဲ့ ကလေးလေးအနောက်ကပွင့်သွားတယ်"ဟုပြောသည်။

သပိတ်မှောက်ကံဆောင်ဆရာတော်များအားစစ်တပ်က အကြမ်းဖက်နှိမ်နင်းမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အထူးစိုးရိမ်ကြောင်း ထုတ်ပြန်ကြေညာပြီး အထူးကိုယ်စားလှယ်အား မြန်မာပြည်အတွင်းဝင်ခွင့်ပေးရန် နအဖစစ်အစိုးရအား တိုက်တွန်းလိုက်သည်။


ရွှေတိဂုံရင်ပြင်တော်ပေါ်မှ အကြမ်းမဖက်သည့် အမျိုးသားရေးလှုပ်ရှားမှု

❑ စက်တင်ဘာ(၂၈) ရက်

(၂၇) ရက်ပစ်ခတ်မှုတွင် (၉) ဦးသေဆုံးပြီး (၁၁) ဦးဒဏ်ရာရခဲ့ပါသည်ဟု စစ်အစိုးရကဝန်ခံလိုက်သော်လည်း အရေအတွက်မှာ ထို့ထက်မကပိုသည်ဟု ပြည်တွင်းဘလော့ဂါများက သတင်းပေးသည်။ စစ်အုပ်စုက ဆန္ဒပြသူများ၏လက်ချက်ဖြင့် လုံခြုံရေးအဖွဲ့ဝင် (၃၁) ဦး ထိခိုက်ဒဏ်ရာရသည်ဟု စွပ်စွဲခဲ့သည်။

နအဖ၏ အကြမ်းဖက်မှုများကို အံတုလျှက် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် လူထုတိုက်ပွဲသပိတ်များကို ဆက်လက်ချီတက်နေကြဆဲဖြစ်သည်။ မန္တလေးပြည်သူများအား စစ်အုပ်စုမှ ရဟတ်ယာဉ်သုံးကာ အပေါ်စီးမှစောင့်ကြည့်နေခဲ့ပြီး သေနတ်ထောင်ဖောက်ကာ ရိုက်နှက်ဖမ်းဆီးမှုများကို တရကြမ်းလုပ်နေဆဲဖြစ်သည်။ ဖမ်းဆီးခံရသူများပိုင်ဆိုင်သည့်စက်ဘီးများ၊ ဆိုင်ကယ်များကိုလည်း သိမ်းဆည်းသွားကြောင်းသိရသည်။

ရန်ကုန်မြို့နေလူထုကမူ ဆူးလေပတ်ဝန်းကျင်နှင့် အချို့နေရာများ၌ ပြောက်ကျားစံနစ်ဖြင့် သပိတ်တိုက်ပွဲကို ဆက်လက်ဆင်နွှဲနေကြဆဲဖြစ်သည်။ ရန်ကုန်၊ မန္တလေးနှစ်မြို့လုံးမှ ဘုန်းကြီးကျောင်းများအား စစ်တပ်ကစီးနင်းထားသောကြောင့် သံဃာများ အပြင်ထွက်ခွင့်မရကြသောကြောင့် သပိတ်တိုက်ပွဲတွင်သံဃာအင်အား သိသိသာသာ လျော့နည်းသွားခဲ့သည်ဟု မြို့ခံတို့ကပြောသည်။

စစ်တွေမြို့၏လမ်းမများပေါ်တွင် လုံထိန်းတပ်များသည် စစ်ရေးပြအခမ်းအနားများဖြင့် ပြည်သူတို့အား ခြိမ်းခြောက်နေသည်ဟု ဒေသခံပြည်သူများကပြောသည်။ "လမ်းတွေမှာ နံပါတ်တုတ်ကိုင်ထားတဲ့ လုံထိန်းတွေ (၇) လှမ်း (၈) လှမ်းလောက်လှမ်းလိုက် ဒိုင်းကာကို နံပါတ်တုတ်နဲ့ ခပ်ပြင်းပြင်းသုံးချက်ရိုက်လိုက် ဆက်လျှောက်လိုက်နဲ့ ပြည်နယ်ရုံးကို ဦးတည်ပြီးချီတက်နေကြတယ်" ဟုဆိုသည်။ စစ်တွေမြို့ရှိ ဘုန်းကြီးကျောင်းတိုက် (၂၀၀) ကျော်မှ သံဃာအပါး (၁) သောင်းခွဲခန့်ကို အိမ်ပြန်ရန် စစ်တပ်မှ လာရောက်အမိန့်ပေးသွားသည်ဟု ဦးပဥ္ဇင်းတစ်ပါးက ပြောသည်။

❑ စက်တင်ဘာ (၂၉)

မစ္စတာဂမ်ဘာရီသည် စီစဉ်ထားသည့်အချိန်ထက် သီတင်းနှစ်ပတ်စော၍ မြန်မာပြည်သို့ရောက်ရှိလာခဲ့သည်။ အဲန်အယ်လ်ဒီပါတီနှင့်လည်းကောင်း၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့်လည်းကောင်း တွေ့ဆုံမည် မဆုံမည်ကို ဘာမှမသိရသေးပေ။ နေ့လည်ပိုင်းတွင် ခွပ်ဒေါင်းအလံကိုကိုင်ဆောင်လျှက် ကျောင်းသားလေးများမှာ ပြောက်ကျားစနစ်ဖြင့် ဆန္ဒပြလျှက်ရှိသည်။ လုံထိန်းတပ်ဖွဲ့များတက်လာလျှင် ပြန်ဆုတ်သွားကာ ပုန်းအောင်းနေကြပြီး ၎င်းတို့ဆုတ်သွားလျှင် ပြန်ထွက်လာကာ ဆန္ဒပြပွဲကို ဆက်လက်ဆင်နွှဲလျှက်ရှိခဲ့ကြသည်။ ဘုန်းကြီးလမ်း၊ ဝါးတန်းလမ်းတလျှောက်တွင်မူ လူ (၅၀၀၀) ကျော်မျှ စုရုံးနေခဲ့ကြသော်လည်း ယခင်နေ့များကဲ့သို့ လူများစွာကို မတွေ့ရတော့ပေ။ ယနေ့အဖို့ ဆန္ဒပြပွဲကို ဦးဆောင်ကျင်းပနေသူများမှာ ကျောင်းသားလူငယ်များဖြစ်ကြပြီး ရဟန်းတော်များကို သိပ်မတွေ့ရကြောင်း ဒေသခံတဦးထံမှ ဖုန်းသတင်းအရ သိရသည်။ ကျောင်းသားများ ပြည်သူများနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၀) ကျော်လည်း ပါဝင်ခဲ့ကြောင်းနှင့် မလိုလားအပ်ဘဲ အသေအပျောက်မရှိအောင်သတိထားကာ ဆန္ဒပြပွဲကို ပြောက်ကျားပုံစံနှင့်လုပ်သွားမည်ဟု အမည်မဖော်လိုသူ ကိုယ်စားလှယ်တဦးကပြောခဲ့သည်။ ❖


လူငယ် လူရွယ်များ စနစ်တကျ ညီညီညာညာ ရှေ့သို့ချီတက်စဉ်

# ရှင်းလင်းပြတ်သားတဲ့ သတင်းစကား



**ဂါမဏိ**

**တိုက်ပွဲတခုမှာ မှန်မှန်ကန်ကန်တက်ဖို့ ဆုတ်ဖို့ အရေးကြီးတာအမှန်ပါဘဲ။ ဒါပေမဲ့ တိုက်ဖို့ကို အဓိကမစဉ်းစားဘဲ မတိုက်ရခင် ကတည်းက ဆုတ်ဖို့ ၊ စေ့စပ်ဖို့ဘဲ စဉ်းစားနေရင်တော့ ခေါင်းသိပ်မဟုတ်တော့ပါဘူး။ ဘယ်လို အကောင်းဆုံးတိုက်မလဲဆိုတာ အဓိက စဉ်းစားရမှာဖြစ်ပါတယ်။ အလားတူဘဲ အခု အင်အားမဖြုန်းတီးဘဲ ဆန္ဒခံယူပွဲကျမှ ဆန္ဒပြုဖို့ပြောတာဟာလဲ လူထုတိုက်ပွဲကိုလမ်း လွှဲတာဖြစ်ပါတယ်...။**

ပတ္တနိက္ကုဇ္ဇနကံဆောင်ခြင်းလုပ်ငန်းစဉ်ဟာ သတ်မှတ်ထားတဲ့အတိုင်း (၃) ရက်စေ့သွားပြီးတဲ့အခါမှာ မြန်မာနိုင်ငံက သင်္ကန်းရွှေဝါရောင်တော်လှန်ရေးဟာ နောက်တဆင့်ကို တက်လှမ်းခဲ့ပါတယ်။ ဒီ (၃) ရက်အတွင်း ထောင်နဲ့သောင်းနဲ့ချီတဲ့လူထုတွေဟာ မိမိတို့ဆန္ဒတွေကို အင်မတန်အဆင့်မြင့်မြင့်နဲ့ပြခဲ့ကြပါတယ်။ လူထု ဘယ်နှစ်ယောက်ပါလို့လဲဆိုတဲ့စကားတွေ၊ လူထုက စောင့်ကြည့်နေတုန်းဆိုတဲ့ အထင်သေးနှိမ့်ချစကားတွေ၊ ဘွဲ့အမြီးရှည်ရှည် မဟာပညာကျော်တွေရဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်တွေအားလုံး မြောင်းထဲရောက်သွားပါပြီ။

အခုနောက်တဆင့်တက်လှမ်းတဲ့အချိန်မှာတော့ ဒီမြင့်မြတ်တဲ့ သင်္ကန်းရွှေဝါရောင်တော်လှန်ရေးနဲ့ပတ်သက်လို့ အင်မတန့်ကို ရှင်းလင်းတဲ့သတင်းစကားကို ဒေါ်အောင်ဆန်းစုကြည်ကပေးလိုက်ပါပြီ။ လုံခြုံရေးအထပ်ထပ် ပိတ်ဆို့ချုပ်နှောင်ထားရာ မိမိနေအိမ်ထဲက မရမကထွက်ပြီး မိမိနေအိမ်ရှေ့ကို မရမကကြွချီလာတဲ့ မေတ္တာစစ်သည်သံဃာတော်တွေကို ရှိခိုးဦးချကန်တော့လိုက်ခြင်းဟာ ဗမာတနိုင်ငံလုံးအတွက် အရှင်းလင်းဆုံးသတင်းစကားကို ပါးလိုက်တာပဲဖြစ်ပါတယ်။

ဒီသတင်းစကား Message ကတော့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာပြည်တဝှမ်းလုံးက နိုင်ငံရေးသမား၊ တိုင်းရင်းသား၊ အစိုးရအမှုထမ်း၊ စစ်သား၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ စီးပွားရေးသမား၊ အိမ်ရှင်မ အားလုံးက ဘုံရန်သူ မိစ္ဆာဒိဋ္ဌိ သေန်းရွှေ၊ အေးဦးစီး စစ်ဘီလူးမင်းတို့ကို မြန်မာ့မြေ၊ မြန်မာ့ရေကနေ လုံးဝအမြစ်ပြတ်ပျောက်ကွယ်တဲ့အထိ တိုက်ပွဲဝင်ကြတော့ဆိုတဲ့ သတင်းစကားဘဲဖြစ်ပါတယ်။

နောက်အရေးကြီးတဲ့သတင်းစကားကတော့ စစ်ဘီလူးရဲ့သခင် ဂန္ဓလရာဇ်သံရုံးရှေ့ကို ကြွချီဆန္ဒပြခဲ့တာဖြစ်ပါတယ်။ ပြည်သူတရပ်လုံးဟာ စစ်ဘီလူးမင်းကိုသာမက ကျောထောက်နောက်ခံကိုပါတိုက်ကြဖို့ သတင်းစကားဖြစ်ပါတယ်။ ဗီယက်နမ်စစ်ပွဲ တက်ထိုးစစ်တုန်းက ဗီယက်နမ်ပြည်သူတွေက တောင်ဗီယက်နမ်အစိုးရတပ်နဲ့ အမေရိကန်တပ်တွေကိုသာမက အမေရိကန်သံရုံးကိုပါ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သလိုပါပဲ။

ကမ္ဘာပေါ်မှာ ဘယ်ဟာမှအလကားမရပါဘူး။ လိုအပ်တဲ့အရင်းအနှီးတွေ၊ စတေးမှု စွန့်လွှတ်မှုတွေ ပေးရတာချည်းပါပဲ။ နောက်ထပ် အသက်သွေးချွေးတွေ စွန့်လွှတ်ကျခံရပါအုံးမယ်။ ဘာမှ အရင်းမစိုက်ဘဲရဖို့ မျှော်လင့်တာကတော့ သူတောင်းစားပဲဖြစ်ပါလိမ့်မယ်။ အခုကိုပဲ ဩဂုတ် (၁၉) ရက်က စတဲ့တော်လှန်ရေးမှာ ကံမဆောင်မီအထိ လူ (၂၀၀) နီးပါး ဘဝတွေရင်းပြီး ထောင်ကျနေခဲ့ပါပြီ။ နောက်ထပ်စွန့်လွှတ်ရင်းနှီးရပါအုံးမယ်။ ဒီလိုပိုင်းဖြတ်မထားရင်တော့ ကျနော်တို့တိုင်းပြည်ဟာ ကမ္ဘာဆုံးတိုင် မြောင်းထဲက တက်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်သူတွေက မတက်စေချင်သည်ဖြစ်စေ စွန့်စွန့်စားစားနဲ့ တိုင်းပြည်အတွက် အရင်းအနှီးပေးမယ့်သူတွေ ပေါ်ပေါ်လာတာ ကမ္ဘာလောကကြီးရဲ့ ရှောင်လွှဲမရတဲ့ နိယာမတရားဖြစ်ပါတယ်။

ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲရဲ့ တောင်းဆိုချက်တွေက ကိုယ်ထိလက်ရောက်စော်ကားခံသံဃာတော်တွေကို တရားဝင် ဝန်ချတောင်းပန်ရေးဆိုတဲ့ လောကုတ္တရာပိုင်းသာမက လောင်စာဆီဈေးနှုန်းက ဖောက်ခွဲလိုက်တဲ့ အထွေထွေကုန်ဈေးနှုန်းတက်မှုကို ပြန်ချပေးရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ လောကီရေးလည်းပါပါတယ်။ ဒါကြောင့် သံဃာတော်တွေရဲ့ကံဆောင်ပွဲကို ကျော်လွန်ပြီး၊ ဆန္ဒပြပွဲထဲဝင်မပါ၊ ဝင်မလုပ်ဘဲနဲ့ တွေ့ဆုံဆွေးနွေးရေးကို သီးသန့်တောင်းဆိုတာဟာ ဒီရွှေဝါရောင်တော်လှန်ရေးကို ပယ်ဖျက်ရာ၊ အားနည်းစေရာရောက်ပါတယ်။ ဒါကို နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးသမားတွေ အထူးသတိထားဖို့လိုပါတယ်။ သံဃာတော်တွေကို ကျော်လုပ်ရာ၊ သစ္စာဖောက်ပစ်ပယ်ရာမရောက်ဖို့လိုပါတယ်။

တွေ့ဆုံဆွေးနွေးရေးဆိုတာ နောက်ဆုံးမျှော်မှန်းချက်မဟုတ်ပါဘူး။ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်က အပြီးအပိုင်ဖယ်ရှားရေးကသာ နောက်ဆုံး End-game ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးဟာ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်သွားဖို့ ကြားအဆင့်တခုသာဖြစ်ပါတယ်။ လူထုတိုက်ပွဲအရှိန်အဟုန်ပေါ်မူတည်ပြီး သိပ်အရေးမပါတဲ့ အဆင့်လဲ ဖြစ်သွားနိုင်ပါတယ်။ အရေးကြီးတာက တိုက်ပွဲအရှိန်အဟုန်မြင့်မားရေးပဲဖြစ်ပါတယ်။

တိုက်ပွဲတခုမှာ မှန်မှန်ကန်ကန်တက်ဖို့ ဆုတ်ဖို့ အရေးကြီးတာအမှန်ပါပဲ။ ဒါပေမဲ့ တိုက်ဖို့ကို အဓိကမစဉ်းစားဘဲ မတိုက်ရခင်ကတည်းကဆုတ်ဖို့၊ စေ့စပ်ဖို့ပဲ စဉ်းစားနေရင်တော့ ခေါင်းသိပ်မဟုတ်တော့ပါဘူး။ ဘယ်လို အကောင်းဆုံးတိုက်မလဲဆိုတာ အဓိကစဉ်းစားရမှာဖြစ်ပါတယ်။ အလားတူပဲ အခုအင်အားမဖြုန်းတီးဘဲ ဆန္ဒခံယူပွဲကျမှ ဆန္ဒပြုဖို့ပြောတာဟာလဲ လူထုတိုက်ပွဲကိုလမ်းလွှဲတာဖြစ်ပါတယ်။ နအဖကျတော့ လောင်စာဆီဈေးမြှင့်တာ၊ ဘုန်းကြီးကိုရိုက်တာ ဆန္ဒခံယူပွဲရောက်မှ မြှင့်မယ်၊ ရိုက်မယ်။ ဘယ်အချိန်ကျမှမြှင့်မယ် ရိုက်မယ်လို့မစဉ်းစားဘဲ သူရိုက်ချင်တဲ့အချိန် ကြိုက်သလိုရိုက်ခဲ့ပြီးတော့ ကျနော်တို့ပြည်သူတွေကျမှ ဟိုအချိန်ရောက်မှ ဒီအချိန်ရောက်မှ ဆန္ဒပြသင့်တယ်ပြောတာ ဘယ်ဘက်ကရပ်ပြောသလဲ။ အရှင်းကြီးပါ။

တိုက်ပွဲကိုခေါင်းဆောင်မှုဟာ တိုက်ပွဲထဲမှာပဲ ပေါ်လာတာဖြစ်ပါတယ်။ သိပ်ခက်တဲ့ကိစ္စမဟုတ်ပါဘူး။ ခေါင်းမဆောင်နိုင်တဲ့ ခေါင်းရှောင်တွေ အလိုလိုမြောင်းထဲရောက်သွားပါလိမ့်မယ်။ ဒီကနေ့ လူထုတိုက်ပွဲခေါင်းဆောင်ဖြစ်လာတဲ့ သံဃာတော်တွေဟာ ပြီးခဲ့တဲ့ (၁၉) နှစ်အတွင်းမှာ အတွေ့အကြုံအသိအမြင်တွေ ကြွယ်ဝရင့်ကျက်လာတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေဖြစ်ပါတယ်။ ခေသူတွေမဟုတ်ပါဘူး။ နအဖဟာစစ်အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲ ခေါင်းမဆောင်နိုင်သူတွေကို အပြင်မှာချန်ထားပြီး ခေါင်းဆောင်နိုင်မယ်လို့ထင်ရသူတွေကို ထောင်ထဲထည့်ထားတဲ့ကြားက လူထုတိုက်ပွဲကြီးကို ဒီလောက် တပြည်လုံးတဟုန်းဟုန်းထလာအောင်လုပ်နိုင်တဲ့ ဘုန်းဘုန်းတို့ဟာ ရှေ့ဆက်ပြီးတော့လည်း ခေါင်းဆောင်နိုင်မယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ အရေးကြီးတာက အခုဘုန်းဘုန်းတို့တရားဝင်ဆော်ဩတဲ့အတိုင်း ပြည်သူအားလုံး ကိုယ့်အလံကိုယ် ရဲရဲထောင်ပြီး တခဲနက်ပါဝင်လာကြဖို့ဖြစ်ပါတယ်။

တောင်အာဖရိကတော်လှန်ရေးခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားပြောခဲ့သလို၊ ၇၄၊ ၇၅၊ ၇၆ မျိုးဆက်ကျောင်းသားဟောင်းတွေပြောသလို လူထုတိုက်ပွဲဆိုတာ တဖက်ရန်သူ အုပ်စိုးသူတွေသတ်မှတ်ပြဋ္ဌာန်းတဲ့အတိုင်း လိုက်နင်းရတာဖြစ်တဲ့အကြောင်း ကမ္ဘာ့သမိုင်းမှာ သက်သေအထင်အရှားရှိပြီးသားပါ။

သံဃာတော်တွေ ပခုက္ကူမှာ အကြမ်းဖက်တာ ဘာဖြစ်တယ် ညာဖြစ်တယ်ပြောတဲ့ အဖြူပညာသင် မြန်မာလူမျိုးမဟာကျောင်းဆင်းများဟာ မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို နဂိုကတည်းက မသိတာလား။ ဒါမှမဟုတ် ဘဝမေ့တာဘဲလား မပြောတတ်ပါ။ ဘုန်းကြီးကျောင်းမှာ မဟုတ်တာလုပ်တဲ့ ဘုန်းကြီးကျောင်းသားလေးတွေသာမက ရွာသားလူကြီးတွေပါခေါ်ပြီး ကြိမ်ဆော်တာ မြန်မာတို့ယဉ်ကျေးမှုမှာ အထင်အရှားရှိပါတယ်။ အရင်တုံးက အထက်တန်းစကားပြေလက်ရွေးစင်မှာ "မင်းတုန်းမင်းနဲ့ ငါးခြောက်ပြား" ဆောင်းပါးကိုမဖတ်ခဲ့ဖူးရင် ရှာဖတ်ကြည့်ပါ။ ပခုက္ကူမှာ နအဖကားတွေ မီးရှို့ပစ်တာ၊ နအဖအကောင်ကြီးတွေကို ဖမ်းချုပ်ထားတာ၊ ကြံ့ဖွံ့အိမ်တွေဖြိုပစ်တာဟာ မင်းတုန်းမင်းလောင်း ကျောင်းသားမောင်လွင်ကို ဆရာတော်ဆုံးမသလို ဆုံးမတာပဲဖြစ်ပါတယ်။ တခုပဲကွာတာက အခု နအဖတွေဟာ ဘုန်းကြီးကျောင်းသားမောင်လွင်နဲ့ ပုဂ္ဂိုလ်အရဖြစ်ဖြစ်၊ လုပ်ရပ်အရဖြစ်ဖြစ် မနှိုင်းလောက်ဘဲ အောက်တန်းစားဘုန်းကြီးကျောင်းသားလောက်နဲ့ပဲ နှိုင်းလို့ရတာဖြစ်ပါတယ်။ ဒါကြောင့် မောင်လွင်ကိုဆော်တာထက်တောင် ပိုပြီးပြင်းပြင်းထန်ထန်ဆော်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ဒီကာလမှာ "ဒိုင်ယာလော့သရဏံဂစ္ဆာမိ" လုပ်နေဖို့အချိန်မဟုတ်တော့ဘဲ "သံဃံသရဏံ ဂစ္ဆာမိ" လမ်းစဉ်နဲ့ မေတ္တာကမ္မဋ္ဌာန်းကို နာနာကြီးစီးဖြန်းပြီး စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ကြပါစို့။ ဗုဒ္ဓဘုရားရှင်က မာရ်နတ်ရန်သူ အောင်တော်မူခဲ့ပြီး အောင်ခြင်းရှစ်ပါးပြည့်မြောက်ခဲ့ရာကနေ အခုတခါ ဘာသာသာသနာအတွက် (ဆရာကြီး ဒေါက်တာသန်းထွန်းပြောခဲ့တဲ့အတိုင်း) နဝမမြောက်အောင်ခြင်းကို ထမြောက်အောင် လုပ်ကြပါစို့။

ဂါမဏိ ❖

# ပြည်သူတရပ်လုံးပူးပေါင်းပါဝင်ရန် ဗကသများအဖွဲ့ချုပ်တိုက်တွန်း

စက်တင်ဘာ (၂၄)၊

ခေတ်အဆက်ဆက်တွင် သမိုင်းအစဉ်အလာရှိခဲ့ပြီး သမိုင်းပေးတာဝန်ကိုပခုံးပြောင်းထမ်းဆောင်ရန် လက်ရှိမျိုးဆက်သစ်များဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (ဗကသ) မှ လက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြပွဲများတွင် စတင်ပူးပေါင်းပါဝင်လာကြရန် ကျောင်းသားထုတရပ်လုံးနှင့် ပြည်သူလူထုအား စက်တင်ဘာ (၂၄) ရက်နေ့စွဲဖြင့်ထုတ်ပြန် တိုက်တွန်းလိုက်သည်။

ဗကသများအဖွဲ့ချုပ်မှထုတ်ဝေသော ထိုပန်ကြားချက်တွင် ကျန်ရှိနေသေးသော ကျောင်းသားများအနေဖြင့် ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြနေသော ကျောင်းသားများနှင့်အတူ ပူးပေါင်းပါဝင်တိုက်ပွဲဝင်ရန် နှိုးဆော်ထားပြီး ယင်းပန်ကြားလွှာအား အထက်တန်း ကျောင်းများ၊ တက္ကသိုလ်ကျောင်းများသို့ ဖြန့်ဝေခဲ့သည်။

ဗကသပြောရေးဆိုခွင့်ရှိသူ ကိုလင်းထက်နိုင်က ယခုအချိန်တွင် သံဃာထုနှင့်ပြည်သူလူထု ပူးပေါင်းချီတက်နေသောဆန္ဒပြပွဲတွင် ကျောင်းသားထုတော်တော်များများ ပါဝင်နေပြီဖြစ်ကြောင်း၊ အခြေအနေအမျိုးမျိုးကြောင့် တချို့တဝက်ကျန်ရှိနေတာဖြစ်ပြီး အချို့ကျောင်းများမှာ စာမေးပွဲရှိနေခြင်းအတွက် ထွက်မလာနိုင်သေးသော်လည်း နောက်ပိုင်းထွက်လာလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

"ဒီမိုကရေစီရဖို့ဆိုတာ ပြည်သူလူထုတရပ်လုံးက ပူးပေါင်းပါဝင်တောင်းဆိုမှ ရမှာပါ။ မည်သူတယောက်ကိုမှ အားကိုးနေလို့မရပါဘူး။ လက်ရှိမှာ လူထုကြီးက လမ်းမပေါ်ထွက်လာပါပြီ။ ဒါကို မျက်စိမှိတ်ပြီးမနေကြဖို့ တိုက်တွန်းလို ပါတယ်"ဟု ကိုလင်းထက်နိုင်က ဆက်လက်ပြောကြားခဲ့သည်။

တိုင်းပြည်အကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ယနေ့အချိန်တွင် သံဃာထုက ဦးဆောင်ဆန္ဒပြနေချိန်တွင် ပြည်သူလူထုကလည်း မိမိတို့၏ဆန္ဒများကို ရဲရဲရင့်ရင့် ထုတ်ဖော်ကြရန်လိုကြောင်းကို ဗကသများအဖွဲ့ချုပ်၏ တိုက်တွန်းချက်တွင်ပါရှိသည်။

ရဟန်းသံဃာတော်များဦးဆောင်ဆန္ဒပြပြီး သီတင်းပတ်အကြာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုကြီးမှလည်း ယနေ့တိုက်ပွဲတွင် ပြည်သူလူထုတရပ်လုံးပါဝင်ကြရန် နှိုးဆော်ထားသည်။

ဆန္ဒပြပွဲများကြောင့် ရန်ကုန်မြို့တွင် အထက်တန်းကျောင်းများကို ပိတ်ထားလိုက်ရပြီး တက္ကသိုလ်ကျောင်းများကိုလည်း အတန်းတင်စာမေးပွဲအပြီးတွင် ပိတ်နေကျ (၃) လထက်ကျော်လွန်ကာ ကျောင်း (၇) လ ပိတ်ကြောင်း တက္ကသိုလ်အာဏာပိုင်များက တရားဝင်ကြေညာခဲ့သည်။ ❖

# (၉) မြို့နယ်ပါဝင်သော သာယာဝတီကျောင်းသားသမဂ္ဂဖွဲ့စည်း၊ သံဃာထုအား အကာအကွယ်ပေးမည်ဟုဆို

စက်တင်ဘာ ၂၀

လက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြပွဲများအား ပြေလည်အောင်ဖြေရှင်းမပေးသည့် နအဖစစ်အစိုးရအား ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ခြင်းတွင် သံဃာထုနောက်မှ လိုက်ပါဝန်းရံရန် သာယာဝတီခရိုင် ကျောင်းသားသမဂ္ဂမှဆုံးဖြတ်လိုက်သည်။

အဆိုပါကျောင်းသားသမဂ္ဂအား သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ္တလင်း၊ ဇီးကုန်း၊ ပေါင်းတည် စသည့် (၉) မြို့နယ်မှ ကျောင်းသားများဖြင့် ပြီးခဲ့သည့်လအတွင်းကဖွဲ့စည်းခဲ့ပြီးနောက် ဤဆုံးဖြတ်ချက်ကိုချခဲ့ဖြစ်ကြောင်း သိရသည်။

ဗဟိုအမှုဆောင်တဦးဖြစ်သူ ကိုမင်းလွင်၏ပြောချက်အရ တမြို့လျှင် ကျောင်းသားဦးရေ (၁၀) ယောက် (၁၅) ယောက်နှုန်းခန့်ပါဝင်ကြောင်း သိရသည်။

နိုင်ငံအနှံ့ဖြစ်ပေါ်နေသော ရဟန်းသံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ခြင်းကို အာဏာပိုင်အဖွဲ့များ၊ ကြံ့ဖွံ့နှင့်စွမ်းအားရှင်အဖွဲ့များ၏ နှောင့်ယှက်တားဆီးမည့် မည်သည့်အန္တရာယ်များကိုမဆို မိမိတို့ခရိုင်မြို့နယ်အသီးသီးမှ သမဂ္ဂအဖွဲ့ဝင်များက ကာကွယ်စောင့်ရှောက်သွားမည်ဟု ကိုမင်းလွင်ကပြောခဲ့သည်။

ထို့ပြင် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ ကြေညာချက်တွင် လက်ရှိဖြစ်ပေါ်နေသော သံဃာတော်တို့၏ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ခြင်းအား ရဟန်းရှင်လူပြည်သူလူထုနှင့်အတူ ကြည်ညိုသဒ္ဒါစိတ်ဖြင့် ထောက်ခံအားပေးကြောင်း၊ မြန်မာတပြည်လုံးတွင်ဖြစ်ပေါ်နေသော လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲများတွင် ပြည်သူလူထုအား ငြိမ်းချမ်းစွာပူးပေါင်းပါဝင်တိုက်ပွဲဝင်ရန် နှိုးဆော်လိုက်ပြီး၊ သံဃာတော်တို့မှမိန့်ဆိုခဲ့သောဩဝါဒအတိုင်း မိမိတို့ကျောင်းသားသမဂ္ဂမှ အဓမ္မဝါဒီများကျဆုံးသွားသည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံထားရသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ရဟန်းရှင်လူတို့အား ချွင်းချက်မရှိ ပြန်လွှတ်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။ ❖




## သတင်းတို

# စာမေးပွဲမဖြေခြင်းဖြင့် ဒဂုံတက္ကသိုလ်ကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာဆန္ဒပြမှုကိုထောက်ခံ

၂၀ စက်တင်ဘာ ၂၀၀၇

မြန်မာပြည် အနယ်နယ်အရပ်ရပ်တွင် ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြပွဲများဖြစ်ပွားနေစဉ် ရန်ကုန်တိုင်း၊ ဒဂုံတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူ (၆၀၀) ကျော်ခန့် စာမေးပွဲမဖြေဘဲဆန္ဒပြခဲ့ကြသည်ဟု သိရှိရသည်။ ထိုနေ့နေ့လည် (၂) နာရီတွင်စတင်ခဲ့သည့် စာမေးပွဲကို အချိန်ပြည့်ဖြေဆိုခြင်းမရှိပဲ သပိတ်မှောက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

စာမေးပွဲခန်းထဲတွင်ဖြေဆိုသူ ကျောင်းသားကျောင်းသူပေါင်း (၇၀၀) ခန့်အနက် (၅၀) မျှသာ အချိန်ပြည့်စာမေးပွဲဆက်ဖြေခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ (၆၀၀)ကျော်တို့သည် စာမေးပွဲစတင်ပြီး နာရီဝက်တွင် လက်မှတ်ထိုးထွက်ခဲ့ကြသည်ဟုသိရသည်။ ၎င်းတို့အနေဖြင့် အခုလိုငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြပွဲများဖြစ်ပွားနေချိန်တွင် မိမိတို့အနေဖြင့်လည်း မိမိတို့ဆန္ဒအရ ငြိမ်းချမ်းစွာလက်မှတ်ထိုးဆန္ဒပြခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

စာမေးပွဲဖြေဆိုသည့် နောက်ပိုင်းရက်များတွင် ကျောင်းသူကျောင်းသားများအား စာမေးပွဲဖြေသည်ဖြစ်စေ၊ မဖြေသည်ဖြစ်စေ ကျောင်းကိုလာပြီး အခန်းထဲတွင်အချိန်ပြည့်ထိုင်နေရန် ကျောင်းအာဏာပိုင်များကအမိန့်ပေးခဲ့ပြီး စာမေးပွဲခန်း၏အပြင်သို့ထွက်ခွင့်မပေးဘဲ လုံခြုံရေးများအပြည့်ချထားသည်ဟုလည်း ကျောင်းသားမိဘတဦး၏ ပြောပြချက်အရသိရသည်။ ဒဂုံတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ဒဂုံအေးရိပ်မြိုင်အိမ်ရာဝင်းတွင်လည်း လုံခြုံရေးများအပြည့်ချထားကြောင်းသိရသည်။ ❖

# သပိတ်မှောက်ကံဆောင်သံဃာတော်များအား ဆေးဝါးလှူဒါန်းသူ မိသားစုတစု အဖမ်းခံရ

သံဃာတော်များ၏ သပိတ်မှောက်ကံဆောင်မှုများကိုအားပေးထောက်ပံ့ခဲ့သူ ဦးကံကြီးကို ရဲအရာရှိတင်ထွန်းနှင့် ရပ်ကွက်ကြံ့ဖွံ့အသင်းတို့မှ စက်တင်ဘာလ (၂၅) ရက်နေ့ကဖမ်းဆီးလိုက်ကြောင်းသတင်းရရှိသည်။ သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်တွင်နေထိုင်သူ ဦးကံကြီးနှင့်ဇနီးဒေါ်ခင်သင်းကြူတို့သည် စက်တင်ဘာ (၂၃) နှင့် (၂၄) ရက်နေ့များက သံဃာတော်များ၏သပိတ်မှောက်ကံဆောင်ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့ကြပြီး ပတ္တနိက္ကုဇ္ဇနကံဆောင်သံဃာတော်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရေးပေါ်လိုအပ်သည့်ဆေးဝါးများ အချိန်မှီလှူဒါန်းရန် မိမိပိုင်ကားကိုအသုံးပြုခဲ့သည်။ စက်တင်ဘာ (၂၄) ရက်နေ့ နံနက် (၈) နာရီတွင် ရဲအုပ်တင်ထွန်းနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက ၎င်း၏ကားအားစစ်ဆေးရန်ဟုဆိုကာ သူ၏နေအိမ်ကို ပိတ်ဆို့ထားလိုက်ကြသည်။

ရဲအုပ်တင်ထွန်းက "ဦးကံကြီးရဲ့ကားက သူ့နာမည်နဲ့မှတ်ပုံတင်ထားတာမဟုတ်ဘူး" ဟုပြောသည်။ ဆက်လက်၍ တင်ထွန်းက ဦးကံကြီးအား (၁၅) လမ်းရှိ မော်တော်ယဉ်ရုံးသို့ သူနှင့်အတူလိုက်ခဲ့ရန်ခေါ်သွားခဲ့သည်။ ဦးကံကြီးအား ထိုသို့ခေါ်ဆောင်ခြင်းခံရသောအခါ ဇနီးနှင့်သမီးဖြစ်သူတို့ကလည်း အတူလိုက်ပါသွားခဲ့ကြသည်။ သို့ရာတွင် ရဲအုပ်တင်ထွန်းက ဦးကံကြီးနှင့်မိသားစုအား မော်တော်ယဉ်ရုံးသို့ ခေါ်ဆောင်သွားခြင်းမဟုတ်ဘဲ ကျိုက္ကဆံအချုပ်ခန်းသို့ခေါ်ဆောင်သွားခဲ့ခြင်းသာဖြစ်ကြောင်း ရဲကားနောက်မှနောက်ရောင်ခံလိုက်သွားသည့် ၎င်းမိသားစုဝင်တဦး၏ပြောပြချက်အရသိရှိရသည်။ ထို့ပြင် ဦးကံကြီးနှင့်မိသားစုဝင်များမှာ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်း မရှိသေးသည့်အပြင် နောက်ထပ်မည်သည့်သတင်းမှလည်း ထပ်မံမရသေးကြောင်းသိရှိရသည်။ ❖

# နအဖအနေဖြင့် အချိန်မီနောင်တမရလျှင် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကြမ္မာဆိုးမျိုးရင်ဆိုင်ရဖွယ်ရှိ

လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လောင်စာဆီဈေးနှုန်းကျဆင်းရေး ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို နောက်ကွယ်မှကြိုးကိုင်ချယ်လှယ်နေသည့် နအဖစစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အပေါင်းအပါများ၏ အကြမ်းဖက်မှုများကို ကိုယ်ထိလက်ရောက်ဦးဆောင်မှုပေးသူ စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းတို့အား အချိန်မီနောင်တမရလျှင် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကြမ္မာဆိုးမျိုးနှင့်ရင်ဆိုင်ရလိမ့်မည်ဟု အမည်မဖော်လိုသည့်စစ်ထောက်လှမ်းရေးအရာရှိဟောင်းတဦးက သတိပေးပြောကြားလိုက်သည်။ ဗိုလ်မှူးကြီးစောမောင်သည် ၁၉၉၀ ပြည့်နှစ်က သံဃာတော်များ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ခဲ့စဉ်က ဓမ္မစက်နဲ့မရရင် အာဏာစက်နဲ့လုပ်မယ်ဟုကြွေးကြော်၍ အကြမ်းဖက်ခဲ့သူဖြစ်သည်။ သံဃာတော်များအား ဖမ်းဆီးထောင်ချပြီး (၆) လအကြာတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် စိတ်ရောဂါခံစားလာရပြီး မည်သို့မှဆေးကုသ၍မရတော့ဘဲ အခန်းထဲတွင်အရူးတယောက်ကဲ့သို့ နေ့စဉ်အော်ဟစ်ငိုကြွေးနေခဲ့ရသည်ကြောင်း အဆိုပါအရာရှိမှပြောကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဦးအောင်သောင်းတို့အနေဖြင့် သံဝေဂရသင့်ပြီဖြစ်ပြီး အချိန်မှီသံဝေဂမရဘဲ ဆက်လက်မိုက်မဲနေမည်ဆိုလျှင် ဗိုလ်ချုပ်မှူးကြီးစောမောင်ထက် ပိုမိုဆိုးဝါးသောကံကြမ္မာနှင့်ရင်ဆိုင်ရလိမ့်မည်ဟု အဆိုပါထောက်လှမ်းရေးအရာရှိဟောင်းမှ ပြောကြားခဲ့သည်။ ❖

# ပြဿနာဖြေရှင်းပုံ နည်းလမ်းမမှန်ကန်သည့် သာသနာရေးဝန်ကြီးအား သံဃာထုမကျေနပ်

လတ်တလောဖြစ်ပေါ်နေသော သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်အပေါ် ဓမ္မစက်ဖြင့်ဆောင်ရွက်ခြင်းကို မလိုက်နာပါက ဥပဒေအရအရေးယူမည်ဟုခြိမ်းခြောက်လိုက်သော သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ လျှောက်ထားချက်ကြောင့် သံဃာထုအတွင်းတွင် မကျေနပ်မှုများ ပိုမိုတိုးပွားလာနေကြောင်း ပခုက္ကူမြို့ မဟာဝိဇယရာမကျောင်းတိုက် (အရှေ့တိုက်) မှ သံဃာတော်တပါးက ပြောကြားခဲ့သည်။

သာသနာရေးဝန်ကြီးကလျှောက်ထားရာတွင် မနာလိုမရှုဆိတ်သောအဖျက်သမားများက အစိုးရ၏ဆောင်ရွက်ချက်များကို ပျက်စီးစေရန် နည်းမျိုးစုံဖြင့် သံဃာတော်များကိုသွေးထိုးခြင်းဖြစ်ပြီး၊ လမ်းပေါ်ထွက်လာသော သံဃာတော်များမှာ (၂) ရာခိုင်နှုန်းပင်မရှိကြောင်းနှင့် သာသနာတော်ညှိုးနွမ်းမည့်အန္တရာယ်ရှိသောကြောင့် ဆရာတော်ကြီးများက လမ်းညွှန်ဩဝါဒပေးစေလိုကြောင်း အစိုးရသတင်းစာများက ဖော်ပြလျက်ရှိသည်။ သတင်းစာတွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ စက်တင်ဘာ (၂၄) ရက်နေ့စွဲဖြင့်ထုတ်ပြန်သည့် ညွှန်ကြားလွှာအသစ် အမှတ် (၉၃) နှင့် ယခင်ထုတ်ပြန်ထားသောညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅) နှင့် (၆၅) တို့ကိုလည်းဖော်ပြထားသည်။

လက်ရှိဖြစ်ပေါ်နေသော ကံဆောင်သပိတ်တိုက်ပွဲသည် သံဃာ့ကိုယ်ကျိုးအတွက်ပြုလုပ်ခြင်းမဟုတ်ဘဲ ပြည်သူများသာမက အစိုးရအပါအဝင် အားလုံးကျန်းမာချမ်းသာစေရန်၊ ကမ္ဘာနှင့်ရင်ဘောင်တန်းလာနိုင်သည့် နိုင်ငံတနိုင်ငံဖြစ်လာနိုင်စေရန်အတွက် ဆောင် ရွက်နေခြင်းဖြစ်သည့်အတွက် နောက်ဆုတ်မည်မဟုတ်ဟု မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော်ကပြောကြားခဲ့သည်။ ❖




# ကမ္ဘာကုန် ကျယ်သရွေ့

## မိုက်တွင်းနက်ကြဦးမည့် လူမိုက်တစ်စု

**တိုင်းပြည် မှာ ဆင်းရဲမွဲတေဒုက္ခရောက်နေကြ၍ ဘက်ပေါင်းစုံမှ ကျပ်တည်းလာမှုများကို မခံနိုင် သော လုပ်သားပြည်သူ၊ ကျောင်းသား၊ ရ ဟန်းရှင်လူတို့၏ တရားမျှတသော တောင်း ဆိုမှုများကို ပြေလည်စေရန် ဖြေရှင်းပေးနိုင်လျှက်နှင့် ဖြေရှင်းပေးသင့်ပါလျှက်နှင့် နိုင်ငံ တော်အကြီးအကဲများအဖြစ် ကိုယ့်ကိုကိုယ် သမုတ်ကာ တာဝန်ယူနေပါလျှက် ဘာတခုမျှ ပြည်သူလူထု၏ တရားသောတောင်းဆိုမှုများ ကို ဖြေရှင်းပြုလုပ်ပေးခြင်းမပြုဘဲ လူမိုက် ဆန်ဆန် ဂိုဏ်းများဖွဲ့ပြီး လူမိုက်များကိုငှားရမ်း၍ ပြည်သူလူထုနှင့် ရဟန်းသံဃာ၊ ကျောင်း သားကျောင်းသူများအား ရက်ရက်စက်စက် ရိုက်နက်ညှင်းပမ်းနှိပ်စက်မှုများကို တရား လက်လွတ်ပြုလုပ်နေကြပေ၏။**

အခန်း (၁)

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးကို ရှစ်ခိုးပါ၏ဘုရား ....။ ရတနာမြတ်သုံးပါးကိုကိုးကွယ်ပါ၏ဘုရားဟူ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များ နေ့ညမပြတ်ရွတ်ဖတ်ကြ၏။ ကိုယ်ရောစိတ်ရော ပြည့်ပြည့်စုံစုံ ကြည်ညိုသဒ္ဒါပွားကြ၏။ ဤသို့ ရတနာမြတ်သုံးပါးကို ယုံယုံကြည်ကြည်နှင့် စိတ်ဖြူစင်စွာကိုးကွယ်ယုံကြည်ကြသည့် ကမ္ဘာ့နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် ရှေ့ဆုံးမှ ထိပ်ဆုံးမှပါဝင်လေ၏။ မြန်မာနိုင်ငံသားများသည် ဗုဒ္ဓမြတ်စွာဘုရားကိုသက်ဝင်ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြ၏။ ဗုဒ္ဓဘာသာမှထေရဝါဒကိုလက်ခံယုံကြည်ကိုးကွယ်သူများဖြစ်၏။ ကမ္ဘာက မြန်မာနိုင်ငံကိုသိကြသည်မှာ ဘုရားကျောင်းကန်ဇရပ်၊ စေတီပုထိုးတို့နှင့် ရှုမောလှပဖွယ်ရာ ဗုဒ္ဓဘာသာနိုင်ငံအဖြစ်သိထားကြပါ၏။ ထို့ကြောင့်ပင်လား၊ ဆိုရမလားပင် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာသိစေရန် တင်ပြကြသောအကြောင်းအရာများတွင် ဘုရားကျောင်းကန်စေတီပုထိုးများ သပ္ပာယ်ရှုမောဖွယ်ရာအဖုံဖုံတို့နှင့် ရဟန်းသံဃာတော်များ မေတ္တာတရားများပွားများအားထုတ်ကြပုံ၊ ဆွမ်းတော်ခံထွက်ကြပုံနှင့် ဆွမ်းတော်လောင်းလှူနေကြပုံများသည် မပါမဖြစ်ပါဝင်တင်ပြကြရသည့် မြန်မာနိုင်ငံ၏ပြရုပ်ပင်ဖြစ်ပေတော့၏။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားသစ်ဦးသည် နံနက်အိပ်ရာမှထလျှင် လုပ်ဆောင်စရာကိစ္စ (မျက်နှာသစ်၊ အပေါ့အလေးသွား၊ ရေမိုးချိုး) ပြီးသည်နှင့် ရတနာမြတ်သုံးပါးကိုဦးထိပ်တင်၍ စိတ်ရောကိုယ်ပါ ရှစ်ခိုးဦးချပြီးမှသာလျှင် မိမိလုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်ကြပါသည်။ ဤမျှရတနာသုံးပါးကို ဦးထိပ်ထားကြ၍လားမသိပါ။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် သယံဇာတပေါကြွယ်ဝခြင်း၊ သဘာဝဓာတ်ငွေ့ရတနာများထွက်ရှိခြင်း၊ သဘာဝဘေးဥပါဒ်အန္တရာယ်များကင်းဝေးခြင်း စသောကောင်းမြတ်အခြေအနေများဖြင့်ပြည့်စုံ၍ တည်ရှိနေသည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာမရှိလေတော့၏။ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံကြီးသည် ယခင့် ယခင်ကျနော်တို့၏ ဘိုးဘွားဘီဘင်များ၏ ခေတ်ကာလကဆိုလျှင် ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံနိုင်လောက်အောင် ပေါများကြွယ်ဝခဲ့၍သာ ဤစကားများကို ယနေ့တိုင်ကျန်ရစ်ခဲ့ရလေ၏။ ဤသို့ဆိုသော် ယခုကျွပ်နုပ်တို့မျက်မှောက်မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး ငမွဲ့တေစာရင်းထဲ ဘာကြောင့်များရောက်သွားရပါသလဲ။

ဤအဖြေကတော့ ကလေးကအစ အသိပါ။ ခေတ်အဆက်ဆက် လက်နက်အားကိုးအနိုင်ကျင့်အုပ်ချုပ်လာသည့် လူယုတ်မာစစ်အုပ်စုတို့၏ လက်ချက်ပဲဟု အခိုင်အမာပြော၍ရပါ၏။ မျက်လုံးပေါင်းကုဋေကဋာ လက်ညှိုးကုဋေကဋာတို့ဖြင့် သမိုင်းအဆက်ဆက် တရားခံကို လက်ညှိုးထိုးဖော်ပြ၍လည်းရပါ၏။ ဤကမ္ဘာမြေပေါ်တွင် မှီတင်းနေထိုင်ကြကုန်သောသတ္တဝါအားလုံးထက် လူသတ္တဝါသည် အသိဉာဏ်အရှိဆုံးသတ္တဝါအဖြစ် သတ်မှတ်ကြ၏။ ထိုအသိဉာဏ်ရှိသောလူသည် ကောင်းသောအမှုကိုသာ ဝန်ဆောင်ရမည်ဖြစ်သည်။ ကောင်းသောအမှုကို မဆောင်နိုင်လျှင်လည်း မကောင်းသောအမှုကိုတော့ မလုပ်သင့်ပါ။ မကောင်းသောအမှုကို လုံ့လစိုက်လုပ်သောသူသည်လူယုတ်မာဖြစ်ပေ၏။

အပိုင်း (၂)

သို့ပါ၍ ယနေ့မြန်မာနိုင်ငံကို လက်နက်အားကိုးဖြင့် ဗိုလ်ကျစိုးမိုးအုပ်ချုပ်၍ မကောင်းမှုများကို ရှံခါမလပ်ပြုလုပ်နေကြသော ဗိုလ်သန်းရွှေဦးဆောင်၍နေသော (သူတို့ကိုယ်သူတို့ နိုင်ငံတော်အကြီးအကဲများအဖြစ် ကင်ပွန်းတပ်နေကြသော) စစ်အုပ်စုတို့သည် လူယုတ်မာများဖြစ်ကြလေတော့၏။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နေရာအတော်များများတွင် ရေးသားထားရသော စာသားတခုရှိလေ၏။ အထူးသဖြင့် အများအကျိုးအတွက် ကောင်းသောလုပ်ငန်းဆောင်တာများလုပ်ရသည့်နေရာများတွင် ရေးလေ့ရှိကြ၏။ ထိုစာသားလေးမှာ "မကူညီလျှင်နေပါ၊ မနှောင့်ယှက်ပါနှင့်"ဟူ၍ဖြစ်ပေ၏။ ထိုစာသားလေးသည် လူယုတ်မာစစ်ဗိုလ်ချုပ်များအတွက်ဆိုလျှင် ပို၍လေးလေးနက်နက်ရှိလှပေသည်။ အမှန်တရားကိုလက်ကိုင်ထားပြီး မိမိ၏ဆန္ဒအမှန်ကို ထုတ်ဖော်တောင်းဆိုကြသောအပြစ်မဲ့ပြည်သူများကို နိုင်ငံတော်အကြီးအကဲများအား အကြည်ညိုပျက်အောင်လုပ်မှုဖြင့် ဥပဒေကိုချိုးဖောက်ပြီး မတရားဖမ်းဆီးချုပ်နှောင်၍ ထောင်ဒဏ်များကိုနှစ်ရှည်ချပစ်ကြလေသည်။ ရက်စက်ပေစွ။ ယုတ်မာပေစွ။ သူတို့ကို အမှန်တကယ်ကြည်ညိုလေးစားသူသည် မြန်မာနိုင်ငံတွင်ရော တိုင်းတပါးများတွင်ပါ ခွေးတကောင်၊ ကြောင်တမြီးမျှမရှိပါ။ မဟုတ်မဟတ်များကိုသာ ရှံခါမလပ်ကြိုးစားအားထုတ်ကြသော လူယုတ်မာစစ်ဗိုလ်ချုပ်ကြီးများသည် သူတို့အားပြည်သူများ၏အကြည်ညိုကို ခံချင်ကြသေး၏။ ရယ်စရာကောင်းလေစွ။

လူတဦးနှင့်တဦးသည် လေးစားကြည်ညိုခံရသည်မှာထိုသူ၏ အကျင့်စာရိတ္တ၊ သိက္ခာ၊ သမာဓိ၊ သီလ လုံခြုံကောင်းမွန်၍ လုပ်ရပ်များအားလုံးလည်းကောင်းမွန်နေ၍သာ ကြည်ညိုလေးစားခံရခြင်းဖြစ်၏။ အနီလူယုတ်မာဗိုလ်ချုပ်ကြီးများသည် ဖော်ပြပါအချက်များတွင် ဘာတခုနှင့်မျှမကိုက်ညီကြပါ။ သို့ပါ၍ ၎င်းတို့အား မည်သူတဦးတယောက်မျှ ကြည်ညိုလေးစားစရာမရှိပါဟုပြောလျှင် မှားမည်မဟုတ်ပါ။ ကိုယ့်ကိုကိုယ်ပြန်လည်ဆန်းစစ်ခြင်းလုံးဝမရှိဘဲ ကိုယ့်လုပ်ရပ်သည် ကျောင်းသား၊ ရဟန်းရှင်လူပြည်သူပြည်သားအားလုံး ဘယ်လောက်ထိဆင်းရဲဒုက္ခရောက်နေရသည်ကို မျက်စေ့ရှေ့တွင် မျက်ဝါးထင်ထင် မြင်နေရပါလျှက် မကောင်းမှုဒုစရိုက်များကို ရပ်တန်းကရပ်ပစ်ဖို့မကြိုးစားဘဲ အလုံးစုံပျက်စီးရေးကိုသာ ဦးတည်ရွေးရှု၍ တစိုက်မတ်မတ်သွားနေကြသော နအဖစစ်ဗိုလ်ချုပ်ကြီးများသည် မကြာမီအချိန်တွင်းမှာတော့ အမိုက်ဇာတ်ကအဆုံးသတ်ပါတော့မည်ဟု ယုံကြည်မိပါ၏။

တကယ်တမ်းပြန်တွေးကြည့်လျှင် အနီ လူယုတ်မာစစ်ဗိုလ်ချုပ်တစုသည် မြန်မာနိုင်ငံတွင်းရှိကြကုန်သော ပြည်သူတဦးတယောက်ကမျှ ထောက်ခံမှုမရဘဲ လက်နက်အားကိုး လူမိုက်ဇာတ်ခင်းပြီး အာဏာကို မတရားလုယက်ယူငင်ပြီး တိုင်းပြည်ကို တက်အုပ်ချုပ်ကြသည်မှာ လူတိုင်းအသိပင်။ ယခုဆိုလျှင် ဗိုလ်နေဝင်း ခြောက်ဆယ့်နှစ်ခုနှစ် စစ်အာဏာသိမ်းယူမှုမှတဆင့် ခေတ်အဆက်ဆက် စစ်အာဏာသိမ်းလာကြသည်မှာ ယနေ့တိုင်ဆိုလျှင် (၄၅) နှစ်တိုင်ခဲ့လေပြီ။ ဗိုလ်ချုပ်ကြီးနေဝင်းမှတဆင့် ယနေ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအထိ စစ်ဗိုလ်ချုပ်ကြီးများသည် မြန်မာနိုင်ငံတွင်ရှိသော မြန်မာ့တပ်မတော်ကြီးအား လက်တလုံးခြားလိမ်ညာပြီး သူတို့လိုရာဆွဲလျှက် အသုံးပြုလာသည်မှာလည်း နှစ်ပေါင်းလေးဆယ့်ငါးနှစ်တိုင်လာပေပြီ။ ဤမျှလောက် လူတော်လူကောင်း လူစွမ်းကောင်းများစွာပါသော စစ်သည်အင်အားငါးသိန်းမျှရှိသော မြန်မာ့တပ်မတော်သားများသည် နှစ်ပေါင်းလေးဆယ်ကျော်မျှကာလအထိ လူတစ်စု (ဗိုလ်ချုပ်အုပ်စု) ၏ လိမ်ညာလှည့်ဖျား၍ လိုသလို အသုံးချခြင်းခံရတာကိုတော့ အလွန်တရာမှပင် အံ့ဩမိပါတော့သည်။

အခန်း (၃)

ယခုလည်း စစ်ဗိုလ်ချုပ်ကြီးများသည် ယုတ်မာမှုများကို ထပ်ဆင့်အရှိန်မြှင့်၍ မြန်မာနိုင်ငံသား၊ ကျောင်းသား၊ ရဟန်းရှင်လူ လုပ်သားပြည်သူများကို နည်းမျိုးစုံဖြင့်ဒုက္ခပေးဖို့ရာ လုပ်ဆောင်နေပေ၏။ တိုင်းပြည်မှာ ဆင်းရဲမွဲတေဒုက္ခရောက်နေကြ၍ ဘက်ပေါင်းစုံမှ ကျပ်တည်းလာမှုများကိုမခံနိုင်သော လုပ်သားပြည်သူ၊ ကျောင်းသား၊ ရဟန်းရှင်လူတို့၏ တရားမျှတသော တောင်းဆိုမှုများကိုပြေလည်စေရန် ဖြေရှင်းပေးနိုင်လျှက်နှင့် ဖြေရှင်းပေးသင့်ပါလျှက်နှင့် နိုင်ငံတော်အကြီးအကဲများအဖြစ် ကိုယ့်ကိုကိုယ်သမုတ်ကာ တာဝန်ယူနေပါလျှက် ဘာတခုမျှ ပြည်သူလူထု၏ တရားသောတောင်းဆိုမှုများကို ဖြေရှင်းပြုလုပ်ပေးခြင်းမပြုဘဲ လူမိုက်ဆန်ဆန် ဂိုဏ်းများဖွဲ့ပြီး လူမိုက်များကိုငှားရမ်း၍ ပြည်သူလူထုနှင့် ရဟန်းသံဃာ၊ ကျောင်းသားကျောင်းသူများအား ရက်ရက်စက်စက် ရိုက်နှက်ညှင်းပမ်းနှိပ်စက်မှုများကို တရားလက်လွတ်ပြုလုပ်နေကြပေ၏။ တပ်ချုပ်ကြီး ရာထူးအပြင် မြန်မာနိုင်ငံလူမိုက်ခေါင်းဆောင်ရာထူးပါ ဗိုလ်သန်းရွှေတွဲယူလိုက်ပေ၏။ ကျွန်ုပ်တို့၏တိုင်းပြည်သည် ယဉ်ကျေးသိမ်မွေ့လှသော ဗုဒ္ဓဘာသာ၏ အဆုံးအမအောက်တွင် ဖြစ်တည်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပေ၏။

ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်ကို ရတနာမြတ်သုံးပါးအဖြစ် ဦးထိပ်ပန်ရွက်ကိုးကွယ်လာကြသည်မှာလည်း သာသနာသက္ကရာဇ် ၂၅၅၀ ကြာခဲ့လေပြီဖြစ်ပေ၏။ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်အခါကလည်း ဗုဒ္ဓသည် သူ၏သားတပည့်တော်များဖြစ်ကြသော ရဟန်းသံဃာတော်များကိုဦးစားပေး၍ သာသနာအထောက်အပံ့ဖြစ်သည့် လှူဖွယ်ပစ္စည်းအရပ်ရပ်ကိုလှူဒါန်းခံစေခဲ့၏။ မြတ်ဗုဒ္ဓကသူ၏သာသနာတော်ကို နှစ် ၅၀၀၀ သတ်မှတ်၍ ဤသာသနာတော်ကြီးအား နှစ် ၅၀၀၀ တည်တံ့စေရန်အတွက် သာသနာအကျိုးများကို သံဃာတော်များကသာ ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဟု မိန့်ကြားခဲ့လေ၏။ ယခုလည်း သာသနာတော်တဝက်ကျိုးသို့ရောက်နေပြီး ဗုဒ္ဓသာသနာကြီးလည်း ထွန်းကား၍နေပေ၏။ ဤအချိန်အခါကြီးသည် ကမ္ဘာအနှံ့၌ ဗုဒ္ဓသာသနာကြီးသည် သာသနာပြုလုပ်ငန်းများဖြင့် စည်ကားထွန်းကား၍နေကြလေ၏။ ထိုကဲ့သို့ ကမ္ဘာတလွှားဗုဒ္ဓသာသနာထွန်းကားရသည်မှာ သံဃာတော်များ၏ကျေးဇူးတရားပင်ဖြစ်ပေသည်။ သံဃာတော်များက ဗုဒ္ဓ၏သားတော်များပင်ပီပီ ဗုဒ္ဓ၏တရားတော်မြတ်များကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ရုံမကဘဲ ဗုဒ္ဓသာသနာ ကမ္ဘာကိုလွှမ်းခြုံသွားစေရန် သာသနာကြီးထွန်းကားစည်ပင်စေရန် အပတ်တကုတ်ကျိုးစားအား ထုတ်လုပ်ကိုင်၍နေကြပေ၏။ ဤသို့ ဗုဒ္ဓနှင့်တဂိုဏ်းတည်းထား၍ ကိုးကွယ်ရသော ရဟန်းသံဃာတော်များကို ယခုအခါ တပ်ချုပ်ကြီး၊ လူမိုက်ဂိုဏ်းခေါင်းဆောင်ကြီး ဗိုလ်သန်းရွှေဦးဆောင်သော ဗိုလ်ချုပ်ကြီးများတစုက၊ မကြားဝံ့မနာသာသောလုပ်ရပ်များဖြင့် သံဃာတော်များကို ရိုက်နှက်ညှင်းပမ်းနှိပ်စက်ကြလေပြီ။ စက်ဆုပ်ရွံရှာဖွယ်ကောင်းလေစွ။ ကြောက်မက်ဖွယ်ရာကောင်းလေစွ။ လုပ်ရဲကြပေ၏။

ရဟန်းသံဃာတော်အရှင်သူမြတ်တို့သည် ယနေ့စစ်ဘီးလူးများအုပ်ချုပ်နေသောကာလ၌ သူတို့၏ ဒကာ၊ ဒကာမများ၏ ဆင်းရဲမွဲလှသော ဒုက္ခဆင်းရဲဘဝကို မကြည့်ရှုနိုင်လောက်အောင်ဖြစ်ရကာ မြို့တွင်းအနှံ့မေတ္တာဘာဝနာများပွားများ၍ မေတ္တာပို့ဆုတောင်းလှည့်လည်လာစဉ် ဗိုလ်သန်းရွှေတို့တစုတည်ထောင်ဖွဲ့စည်းထားသည့် ကြံ့ဖွံ့နှင့်စွမ်းအားရှင်လူမိုက်ဂိုဏ်းသားများက ရက်ရက်စက်စက် မဆင်မခြင် သံဃာတော်အရှင်သူမြတ်များအား ကြိုးကွင်းဖြင့်ပစ်၍ ဖမ်းဆီးခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား လမ်းဘေးဓာတ်တိုင်တွင် ကြိုးချည်တုပ်ခြင်းများကိုပြုလုပ်ပြီး တကိုယ်လုံးအနှံ့ကန်ကျောက်ရိုက်နှက်နှိပ်စက်ကြသည်မှာ မြင်ကြရသော လုပ်သားပြည် ဒကာ၊ ဒကာမအဖို့ နှလုံးသည်းပွတ်များ နာကျည်းစွာခံစားလျက် မျက်ရည်များဖြိုင်ဖြိုင်ကျလာရပေတော့၏။ ဤလုပ်ရပ်များသည် ကမ္ဘာကြေသော်လည်း မြန်မာနိုင်ငံသားတွေမကြေကြဘူးဆိုတာကိုတော့ ဗိုလ်သန်းရွှေတို့သိစေလိုပါ၏။ မိမိတစုသာကောင်းစားရေးအတွက် အမိုက်ဇာတ်ကို တက်ကုန်ရှက်ကုန် အစွမ်းကုန်ကြိုးစားအားထုတ်ကြသော ယနေ့ နအဖဗိုလ်ချုပ်ကြီးများသည် အဝီစိငရဲသို့ ကိုယ်တိုင်ယက်၍သွားကြရမည်ကိုတော့ သေချာလှပါ၏။ တခါဖူးမျှမရရှိဘူးသည့် ကြီးမားသည့် စည်းစိမ်အရသာ၊ ဂုဏ်ဒြပ်တို့၏ အရသာ၊ အာဏာ၏အရသာတို့ကို မက်မောတွယ်တာ၍နေပေ၏။ မျက်ကန်းတစ္ဆေမကြောက်လုပ်၍နေပေပြီး တိုင်းပြည်အာဏာကို သေမှလက်လွှတ်မည့်ပုံစံဖြစ်နေ၏။ လူလိမ္မာတို့၏ နှလုံးသွင်းနိုင်စရာမျိုးမရှိဖြစ်ပေ၏။ စေ့စပ်ဆွေးနွေးပေးခြင်း ငြိမ်းချမ်းစွာအဖြေရှာခြင်းများကို ယခုအချိန်မှာသာ ငြိမ်းချမ်းစကားကိုဆိုတော့မည့်ပုံပေါ်နေပေတော့သည်။ လူမိုက်တို့၏နောင်တကား အချိန်နှောင်းမှုရကြစမြဲပင်ဖြစ်ပေ၏။ ယနေ့အချိန်အခါသည်ကား နအဖသည် ဘုရားနှင့်တဂိုဏ်းတည်းထားသော သံဃာတော်များအားရိုသေရမှန်းမသိ။ တဘဝစည်းစိမ်လေးကို မက်မောလွန်းနေပြီး သံဃာတော်များအား ရန်သူသဖွယ်သတ်မှတ်၍ နှိပ်စက်ညှင်းပန်းဖမ်းဆီး၍နေပြီး၊ အပယ်ငရဲလမ်းကိုရွေးချယ်၍သွားကြလေတော့သည်။ အဖက်ဖက်မှ ကျပ်တည်းဆင်းရဲဒုက္ခပင်လယ်ဝေနေရသောမြန်မာနိုင်ငံသားအားလုံး သန်းငါးဆယ်ကျော်တို့သည်လည်း ယနေ့အချိန်အခါမှစ၍ လွန်စွာစက်ဆုပ်ရွံရှာဖွယ်ကောင်းလှသော စစ်အုပ်ချုပ်ရေးစနစ်ကို နောင်ဘယ်သောအခါမှ ထပ်မံ၍ဖြစ်ပေါ်မလာအောင်တိုက်ပွဲဝင်ကြတော့မည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံသားအားလုံးသိစေအပ်ပါသည်။

စောဝေ ❖

## နအဖစစ်အုပ်စုအား လူ့အခွင့်အရေး လေးစားလိုက်နာရန် ကုလလူ့အခွင့်အရေးပညာရှင်များ တိုက်တွန်း


မစ္စတာပေါ်လိုဆာဂျီယိုပီညဲရိုး

စက်တင်ဘာ ၁၄

မြန်မာစစ်အုပ်စုအနေဖြင့် ဖမ်းဆီးထားသည့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ချက်ချင်းပြန်လွှတ်ပေးရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးပညာရှင်များက တောင်းဆိုခဲ့သည်။

ဂျနီဗာမြို့တွင်ကျင်းပသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆) ကြိမ်မြောက် အစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏အကြီးအကဲ မစ္စလူးဝစ်အာဘာက "မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့လူတွေ အဖိနှိပ်ခံနေရတဲ့အပေါ်မှာ ကျမရဲ့ စိုးရိမ်ပူပန်မှုတွေ တိုးပွားလာနေတယ်။ ဆန္ဒပြလို့အဖမ်းခံထားရတဲ့လူတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့နဲ့ အခြေခံလူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာကြဖို့ မြန်မာအာဏာပိုင်တွေကို ကျမအနေနဲ့ တိုက်တွန်းပါတယ်"ဟု ပြောဆိုခဲ့သည်။

လောင်စာဆီဈေးနှုန်းလျှော့ကျရေးအတွက်ဆန္ဒပြမှုကြောင့် ဖမ်းဆီးထိန်းသိမ်းထားသူများအား ပြန်လွှတ်ပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကျွမ်းကျင်သူ ပေါ်လိုဆာဂျီယိုပီညဲရိုးနှင့်အတူ လူ့အခွင့်အရေးပညာရှင်နှစ်ဦးကလည်း ပူးတွဲကြေညာချက်တစောင်ထုတ်ပြန်ပြီး စစ်အစိုးရအား တောင်းဆိုလိုက်သည်။

"ဆန္ဒပြသူ (၁၅၀) ကျော်ကို ရက်စက်စွာဖမ်းဆီးတာဟာ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းကို ချိုးဖောက်ရာရောက်ပြီးတော့ ဒီလုပ်ရပ်တွေကို နိုင်ငံတကာအသိုင်းအဝန်းအနေနဲ့သည်းမခံသင့်တော့ဘူး" ဟု မစ္စတာပီညဲရိုးကပြောသည်။

မြန်မာအာဏာပိုင်တို့အနေဖြင့် ဆန္ဒပြလှုပ်ရှားသူများကိုနှိမ်နင်းမည့်အစား တက်ကြွသည့် ပြည်သူလူထုအတွက် ဂုဏ်ယူသင့်ကြောင်း၊ ပါတီအဖွဲ့အစည်းအားလုံးနှင့် အပြုသဘောဆောင်ပြီး ပွင့်လင်းသည့်ဆွေးနွေးမှုကို အမြန်လုပ်ဆောင်သင့်ကြောင်း မစ္စတာပီညဲရိုးအပါအဝင် လူ့အခွင့်အရေးပညာရှင်သုံးဦးက တောင်းဆိုခဲ့သည်။

ကြိုတင်၍အသိပေးခြင်းမရှိဘဲ လောင်စာဆီဈေးနှုန်းကို ရုတ်တရက်မြှင့်တင်လိုက်သဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက် ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ဆန္ဒပြလှုပ်ရှားခဲ့သည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် လူပေါင်း (၁၉၃) ဦးခန့်ကို နအဖအာဏာပိုင်များက ဖမ်းဆီးချုပ်နှောင်ထားကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က စာရင်းထုတ်ပြန်ထားသည်။ ❖

## ဖမ်းဆီးထားသူများအားပြန်လွှတ်ပေးရန်လူ့အခွင့်အရေးကောင်စီ တောင်းဆို

စက်တင်ဘာ (၁၃)၊ အေပီ

ကုလသမဂ္ဂလူအခွင့်အရေးကော်မရှင်နာမင်းကြီး Miss Louise Arbour က မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုဖြင့်မ တရားဖမ်းဆီးခံထားသူများကို ချက်ချင်းပြန်လွှတ်ပေးရန် မနေ့ကတောင်းဆိုလိုက်သည်။

"မြန်မာပြည်က ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်လို့အဖမ်းခံရသူတွေအတွက် အထူးစိုးရိမ်နေပါတယ်။ သူတို့ကိုရော အခြားနိုင်ငံရေးအကျဉ်းသားတွေကိုပါ ပြန်လွှတ်ပေးပြီး အခြေခံလူ့အခွင့်အရေးတွေကို သေသေချာချာလေးစားဖို့ အာဏာပိုင်တွေကိုတောင်းဆိုပါတယ်"ဟု MissLouise Arbour ၏ ကြေညာချက်တွင်ဖော်ပြထားသည်။

သူမ၏သက်တမ်းအတွင်း မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေအပေါ် ထုတ်ဖော်ပြောလေ့မရှိသဖြင့် မကြာခဏဝေဖန်ခံနေရသော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နာမင်းကြီးသည် ယမန်နေ့ကပြုလုပ်သော လူအခွင့်အရေးကောင်စီ၏ (၆) ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာပြည်၏လူ့အခွင့်အရေးကိစ္စကို ထူးထူးခြားခြားထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် မျှတသောတရားစီရင်ရေးစနစ်အတွက် ကုလသမဂ္ဂ၏ အထူးစုံစမ်းရေးမှူးများဖြစ်သော Ambeyi Ligab၊ Leandro Despouy နှင့် Paulo Sergio Pinheiro တို့၏ သီးခြားစီထုတ်ပြန်သော ကြေညာချက်များတွင်လည်း မြန်မာနိုင်ငံတွင် ဖမ်းဆီးထားခံရသူများကို ချက်ချင်းလွှတ်ပေးရန်တောင်းဆိုထားသည်။

မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုး၏ကြေညာချက်တွင် "ဩဂုတ် (၁၉) ရက်နေ့မှစတင်ခဲ့သော ဆန္ဒပြပွဲများအတွင်း လူတရာကျော်ကို ရက်ရက်စက်စက်ဖမ်းဆီးခြင်းသည် နိုင်ငံတကာ၏လူ့အခွင့်အရေးစံနှုန်းများကိုချိုးဖောက်ခြင်းဖြစ်သဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအားစော်ကားလိုက်ခြင်းပင်ဖြစ်သည်"ဟု ဖော်ပြထားသည်။

## နိုင်ငံခြားတိုင်းပြည်တခု၏ပြည်တွင်းရေးကို အစဉ်တစိုက်လက်ရှောင်ခဲ့သည့် တရုတ်အစိုးရ မြန်မာပြည်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလိုလားဟု ထုတ်ဖော်ပြော

စက်တင်ဘာ (၇)၊ ရိုက်တာ

တပတ်ကျော်ကြာ ငြိမ်းချမ်းစွာလူထုဆန္ဒဖော်ထုတ်မှုများအတွင်းလူပေါင်း (၁၅၀) ကျော်အဖမ်းခံခဲ့ရသော မြန်မာပြည်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအခြေအနေတိုးတက်လာမှုအား မြင်လိုကြောင်း တရုတ်အစိုးရနိုင်ငံခြားရေးဌာနမှ ယနေ့ထုတ်ဖော်ပြောကြားသည်။

မြန်မာပြည်ကိစ္စကို နိုင်ငံခြားတိုင်းပြည်တခု၏ပြည်တွင်းရေးဟု အစဉ်တစိုက်အကြောင်းပြလက်ရှောင်ခဲ့သော မြန်မာပြည်နှင့် အဓိကကုန်သွယ်ဘက်တရုတ်နိုင်ငံက မြန်မာပြည်တည်ငြိမ်ရေးအတွက် နိုင်ငံတကာ၏ ကြိုးပမ်းချက်များသည် အပြုသဘောနှင့်အပြန်အလှန်လေးစားမှုရှိလျှင် လက်ခံကြိုဆိုသည်ဟု ပထမဆုံးအကြိမ်အဖြစ် ပြောလာခဲ့ခြင်းဖြစ်သည်။

"မြန်မာပြည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုးတက်ရေးကိုမြင်ချင်ပါတယ်"ဟု တရုတ်အစိုးရနိုင်ငံခြားရေးဌာနမှပြောခွင့်ရပုဂ္ဂိုလ် Liu Jianchao က အေပက် (အာရှပစိဖိတ်နိုင်ငံများ) အစည်းအဝေးပြင်ပတွင် သတင်းထောက်များအား ပြောကြားသည်။

ဆက်လက်၍ "တရုတ်အစိုးရအနေနဲ့ အခြေအနေပေးမယ်ဆိုရင် အမေရိကန်အစိုးရနဲ့ရော အခြားဆွေးနွေးဘက်တွေနဲ့ရော ဆက်ဆံရေးခိုင်မာအောင်တည်ဆောက်ချင်ပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာကိစ္စသည် တရုတ်၏စိတ်ရှည်သည်းခံမှုကိုစမ်းသပ်နေသည်ဟု အမြင်များထွက်ပေါ်နေချိန်တွင် တရုတ်နိုင်ငံခြားရေးဌာနသည် ယခုနှစ်အစောပိုင်းက မြန်မာစစ်အစိုးရ၏ကြပ်ပြေးနေပြည်တော်တည်ဆောက်ရေးကိစ္စအား အထီးကျန်အကျိုးမဲ့လုပ်ရပ်အဖြစ် ဝေဖန်ခဲ့သေးသည်။


တရုတ်သမတ ဟူကျင်တောင်

တရုတ်သမတကြီး ဟူကျင်တောင်၊ အမေရိကန်သမတဂျော့ချ်ဒဗလျူဘုရှ်နှင့် အခြားကုန်သွယ်ဘက်နိုင်ငံများ တက်ရောက်သော အေပက်အစည်းအဝေးသို့ မြန်မာနိုင်ငံမှကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်းမရှိကြောင်းသိရသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုနည်းလမ်းဖြင့် အတန်ကြာကတည်းက အရေးယူထားသော်လည်း စွမ်းအင်လိုအပ်သော အိမ်နီးချင်းတရုတ်ပြည်သည် မြန်မာပြည်မှ သဘာဝဓာတ်ငွေ့နှင့် ကျွန်းသစ်ကဲ့သို့ သဘာဝအရင်းအမြစ်များရလိုမှုဖြင့် ပညာသားပါပါဆက်ဆံခဲ့သည်။

ဆစ်ဒနီနိုင်ငံတွင်ကျင်းပဆဲ အေပက်အစည်းအဝေးသို့တက်ရောက်နေသော သမတဘုရှ်ကလည်း ဆန္ဒပြမှုများအတွင်း အဖမ်းခံထားရသူများကိုပြန်လွှတ်ပေးရန်နှင့် စစ်အစိုးရ၏ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုများကိုရပ်တန့်ပေးရန် တောင်းဆိုသည်။

ပခုက္ကူတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် အာဏာပိုင်များအကြား အမြင့်ဆုံးရင်ဆိုင်တွေ့မှုဖြစ်ပေါ်ပြီး နာရီပိုင်းအကြာတွင် သမတဘုရှ်က သတင်းထောက်များအားပြောကြားရာ၌ "ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် ဆောင်ရွက်သူများကို ချက်ချင်းပြန်လွှတ်ပေးပြီး ဆန္ဒပြသူများအပေါ် စစ်အစိုးရ၏ခြိမ်းခြောက်တိုက်ခိုက်မှုများကို ရပ်တန့်ပေးရမည်"ဟု တောင်းဆိုထားသည်။

ဤအတောအတွင်း သမ္မတဘုရှ်၏ဇနီးဖြစ်သူ လော်ရာဘုရှ်ကလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ထူးထူးခြားခြားဖုန်းခေါ်ခဲ့ပြီး ကုလသမဂ္ဂအနေဖြင့် မြန်မာပြည်တွင် စစ်အစိုးရ၏လတ်တလောဖိနှိပ်မှုများကို တစုံတရာအရေးယူပြောဆိုဆောင်ရွက်ရန် တောင်းဆိုတိုက်တွန်းခဲ့သည်။

ယမန့်နေ့ကလည်း ဟောလီးဝုဒ်မှ နာမည်ကြီးသရုပ်ဆောင် (၁၈) ဦးသည် ဖမ်းဆီးခံနေရသော နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာပြည်ကိစ္စကို ဝင်ရောက်ဖျန်ဖြေပေးရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံစာရေးတောင်းဆိုထားသည်။

❖

## ဗမာပြည်အပေါ် အရေးယူပေးရန် ဗြိတိသျှဝန်ကြီးချုပ်က ကုလသမဂ္ဂအားတိုက်တွန်း

အောက်တိုဘာ (၂၆) ရက်။

ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ ဂေါ်ဒန်ဘရောင်းက "တကမ္ဘာလုံးကစောင့်ကြည့်နေတယ်"ဟုပြောလျက် အသက်ဘေးအန္တရာယ်ကျရောက်နေသော မြန်မာပြည်သားတို့ထံသို့ အထူးကိုယ်စားလှယ်တစ်ဦး စေလွှတ်ပေးရန် ကုလသမဂ္ဂသို့တောင်းဆိုလိုက်သည်။

ဤတောင်းဆိုချက်သည် ကိုးရက်မြောက်နေ့အဖြစ် ဆန္ဒပြနေကြသူအား စစ်အုပ်စု၏ အထူးရဲတပ်ဖွဲ့က ရိုက်နှက်ဖမ်းဆီးခြင်းနှင့် သေနတ်ပစ်ဖောက်ခြင်းတို့ဖြစ်ပွားအပြီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယူးယောက်တွင်ကျင်းပနေသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာ့အရေးဆွေးနွေးရန် တင်ပြလိုက်ခြင်းဖြစ်သည်။

ဗာနီမောင့်တွင်ကျင်းပနေသည့် နှစ်ပတ်လည် အလုပ်သမားညီလာခံတွင် မစ္စတာဘရောင်းက "လက်မခံနိုင်ဖွယ်အခြေအနေတွေနဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုတွေကတော့ကမ်းကုန်နေပြီ" ဟု ပြောလိုက်သည်။ တဆက်တည်းမှာပင် မြန်မာ့အာဏာရှင်စစ်အုပ်စုအားလည်း "ရက်စက်ယုတ်မာသောတရားမဲ့စစ်အုပ်စု"ဟုခေါ်လိုက်ပြီး "ပိတ်ဆို့အရေးယူမှုအလုံးစုံကို ပုံစံအသစ်နဲ့ဆောင်ရွက်သွားမယ်"ဟုလည်း ထုတ်ဖော်ပြောကြားလိုက်သည်။

မစ္စတာဘရောင်းက ယူအဲန်အထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီအား မြန်မာပြည်သို့စေလွှတ်ရန်တောင်းဆိုလျက် "လူ့အခွင့်အရေးမှန်သမျှ နင်းချေဖျက်ဆီးနေတာတွေကို တကမ္ဘာလုံးက မျက်လုံးဒေါက်ထောက်ပြီးစောင့်ကြည့်နေကြတယ်ဆိုတာနဲ့ ရှေ့ဆက်ပြီးသည်းခံနေတော့မှာမဟုတ်ဘူးဆိုတာ မြန်မာစစ်အုပ်စုကို သေသေချာချာသိသွားပါစေ"ဟု ပြောလိုက်သည်။

ဆက်လက်၍လည်း "ကျနော်ကတော့ တကမ္ဘာလုံးက ဒီကြမ်းကြုတ်ရက်စက်တဲ့ စစ်အုပ်စုအပေါ်မှာ ဝိုင်းပြီးဖိအားပေးကြတာကို မြင်ချင်တယ်။ ဘက်ပေါင်းစုံက ပိတ်ဆို့အရေးယူမှုတွေ၊ ယူအဲန်ရဲ့ဖိအား၊ တရုတ်အပါအဝင် ဒေသတွင်းနိုင်ငံတွေရဲ့ဖိအား၊ အိန္ဒိယ၊ နောက်ပြီး ကမ္ဘာတစ်ခုလုံးရဲ့ဖိအား" ဟု ပြောသည်။

အီးယူ (ဥရောပသုံးဈေးအဖွဲ့) ကလည်း ပိတ်ဆို့မှုတွေလုပ်ဖို့ပြင်နေပြီဟု ညီလာခံကိုယ်စားလှယ်များကို ပြောသည်။ ထို့နောက် "ကျ


မစ္စတာ ဂေါ်ဒန်ဘရောင်း

နော်တို့က ဒီနေ့ဒီညီလာခံကနေပြီးတော့ ဒီတရားမဲ့တဲ့စစ်အုပ်စုကိုရင်ဆိုင်ပြီး ဒီမိုကရေစီအရေးအတွက်တိုက်ပွဲဝင်နေကြတဲ့ မြန်မာပြည်သူတွေကိုထောက်ခံတဲ့အကြောင်းနဲ့ နောက်တချက်ကဒီလိုရက်စက်ယုတ်မာတဲ့နည်းနဲ့ ပြည်သူတွေကိုညှင်းပမ်းနေတာကို ကမ္ဘာကလက်ပိုက် ကြည့်နေတော့မယ်မဟုတ်ဘူးဆိုတာပြောချင်တယ်"ဟု ပြောဆိုခဲ့သည်။

❖

# မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးနှင့် ၈၈ မျိုးဆက်ကျောင်းသားများ၏ စုပေါင်းကြေညာချက်

ရက်စွဲ ၂၅/၉/၂၀၀၇

ရဟန်းရှင်လူကျောင်းသားပြည်သူအပေါင်းတို့ ....

၁။ ယနေ့မြန်မာနိုင်ငံတဝှမ်းလုံးတွင် ရဟန်းသံဃာတော်များကဦးဆောင်၍ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံ အထွေထွေသပိတ်အကျပ်အတည်းများမှ လွတ်မြောက်ပြေလည်စေရန်အတွက် မေတ္တာပို့ဆုတောင်း၍ ငြိမ်းချမ်းစွာဆန္ဒပြလျှက်ရှိသည်။

၂။ ရဟန်းသံဃာတော်များ၏ ဦးဆောင်မှုနှင့်အတူ သီလရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားလူမျိုးစုများ၊ အနုပညာရှင်များ၊ အသိပညာရှင်အတတ်ပညာရှင်များ စသည့် လူထုလူတန်းစားအသီးသီးမှ ပြည်သူများကထောက်ခံအားပေး၍ ပူးပေါင်းပါဝင်ဆန္ဒပြလာကြသည်မှာ အနှစ်နှစ်ဆယ်အတွင်း အကြီးမားဆုံးသောညီညွတ်မှုကြီးပင်ဖြစ်သည်။

၃။ ထိုသို့ဆန္ဒပြကြရာတွင် မိမိတို့ရရှိထားသောအခွင့်အလမ်းအား အမိအရဆုပ်ကိုင်၍ သံဃာတော်များမှ တညီတညွတ်ချမှတ်ပြီး အများပြည်သူကထောက်ခံထားသည့် ....

(က) စားဝတ်နေရေးပြေလည်ရေး၊

(ခ) နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး။

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေး စသည့်ကြွေးကြော်သံသုံးရပ်အား အသီးသီးစွဲကိုင်၍ ပြည်သူလူထုသည် ဒီမိုကရေစီနှင့်ထိုက်တန်ကြောင်းကို စည်းကမ်းရှိရှိ ညီညီညွတ်ညွတ်ပြသနိုင်ရန်လိုအပ်သည်။

၄။ ပြည်သူတရပ်လုံးအနေဖြင့် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးမှ အတွေ့အကြုံနှင့်သင်ခန်းစာများကိုရယူ၍ စစ်အာဏာရှင်တစု၏ ကောက်ကျစ်စဉ်းလဲသည့်တန်ပြန်သပိတ်များ၊ အကြမ်းဖက်ဖြိုခွင်းလာမည့် အန္တရာယ်များအား လူထုလှုပ်ရှားမှုနှင့်အကြမ်းဖက်မှုဆန့်ကျင်ရေးကော်မတီအဖွဲ့ဝင်များဖွဲ့စည်း၍ သတိရှိရှိ ပြင်ပြင်ဆင်ဆင်ကာကွယ်သွားကြရန် အထူးပင်လိုအပ်သည်။

၅။ ရဟန်းသံဃာတော်များနှင့်ကျောင်းသားလူငယ်များအနေဖြင့် မည်သည့်ခြိမ်းခြောက်ဟန့်တားမှု၊ အကြမ်း ဖက်ဖြိုခွင်းမှုမျိုးကိုမျှ နောက်တွန့်သွားမည်မဟုတ်ဘဲ တိုင်းရင်းသားပြည်သူတရပ်လုံးနှင့်အတူ ပေါင်းစည်းလက်တွဲ၍ နိုင်ငံ့အရေးအတွက် ရဲရင့်ပြတ်သားစွာအဆင့်ဆင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး

(၁) ဦးသြဘာသ (၂) ဦးဂဘီရ (၃) ဦးခေမိန္ဒ (၄) ဦးပါကဌ

(၈၈) မျိုးဆက်ကျောင်းသားများ

(၁) ဌေးကြွယ် (၂) ထွန်းမြင့်အောင် (၃) လှမျိုးနောင် (၄) အောင်သူ

## မတရားဖမ်းဆီးခံထားရသော (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ပတ်သက်၍ သဘောထားကြေညာချက်

နေ့စွဲ ၉ ရက်၊ ၉ လ၊ ၂၀၀၇ ခုနှစ်

မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ်မှစ၍ စစ်အာဏာရှင်စနစ်ကြီးစိုးခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၅) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ အာဏာရှင်စနစ်၏ဆိုးကျိုးအဖြစ် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတခုဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံသားများသည်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဒုက္ခအဝဝဖြင့် လူမှုဆင်းရဲဒဏ်ကိုခံစားရသည်။

စစ်အာဏာရှင်စနစ်ကြီးစိုးမှုအား ၁၉၇၄ ခုနှစ်၌ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ဟု အမည်ပြောင်းလဲအုပ်ချုပ်ခဲ့သည်။ ထိုနည်းတူ ယခုအချိန်တွင်လည်း မြန်မာ့နည်းမြန်မာ့ဟန် ဒီမိုကရေစီစံနစ်ပုံဖြင့် ဆက်လက်လွှမ်းမိုးသွားရန်၊ ပြည်သူအားစစ်ကျွန်ပြုရန်အတွက် (၁၄) နှစ်ကြာ အမျိုးသားညီလာခံပြုလုပ်၍ ပြည်သူ့ဆန္ဒမပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲအတည်ပြုနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက်ရပ်တည်လျက်ရှိသော၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသူများအားလည်း ပုဒ်မအမျိုးမျိုးဖြင့် ဖမ်းဆီး၍ နှစ်ပေါင်းများစွာအကျဉ်းချထားလျက်ရှိသည်။

ယခုစစ်အစိုးရမှ ကိုမင်းကိုနိုင်၊ ကိုမင်းဇေယျ၊ ကိုကိုကြီးအပါအဝင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် (၁၇) ယောက်အား (၂၁) ရက် (၈) လ ၂၀၀၇ ခုနှစ်မှ စ၍ဖမ်းဆီးခဲ့သည်။ (၈၈) မျိုးဆက်ကျောင်းသားများသည် ပြည်သူနှင့်တသားတည်းရပ်တည်ကာ မြန်မာပြည်သူတရပ်လုံးခံစားနေရသော နိုင်ငံရေး၊ စီးပွားရေးပြဿနာများအား ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး၊ တိုင်းပြည်ဆင်းရဲမွဲတေရခြင်း၏အကြောင်းအရင်းခံဖြစ်သော အာဏာရှင်စနစ်အားပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းနေသူများဖြစ်သည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၏ ငြိမ်းချမ်းစွာမြန်မာ့ပြည်သူ့အရေးကြိုးပမ်းမှုအပေါ် ပုဒ်မအမျိုးမျိုးဖြင့် စွဲချက်တင်နိုင်ရန်အတွက် စစ်အစိုးရမှ စနစ်တကျအကွက်ချလုပ်ကြံဖန်တီးခြင်း၊ လူမဆန်စွာညှင်းပမ်းနှိပ်စက်ခြင်းများအား ပြုလုပ်လျက်ရှိသည်။ ထိုကဲ့သို့ စစ်အစိုးရမှ ပြောင်ကျကျကျူးလွန်လျက်ရှိသော နိုင်ငံရေးအကြမ်းဖက်မှုများအား မြန်မာပြည်သူတရပ်လုံးမှလက်ခံမည်မဟုတ်သကဲ့သို့ ကမ္ဘာ့မိသားစုဝင်နိုင်ငံများမှလည်း လက်ခံမည်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

ကျွန်ုပ်တို့ (၈၈) မျိုးဆက်ကျောင်းသားများအနေဖြင့်လည်း မည်သည့်ဖမ်းဆီးမှုကိုမဆို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရဟန်းသံဃာ များ၊ ကျောင်းသားများ၊ အလုပ်သမား၊ လယ်သမားပြည်သူတရပ်လုံးနှင့်အတူ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ်ဖယ်ရှားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားများ

# သံဃာ့တပ်ပေါင်းစုကြီးမှ ကုလသမဂ္ဂအတွင်းရေးမှူးထံ စာရေးသားပေးပို့



ကုလအထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာ ဘန်ကီမွန်း

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးနှင့် နိုင်ငံအတွင်းရှိ အမှန်တရားနှင့် တရားမျှတမှုကိုလိုလားသော ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားအားလုံးမှ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ စက်တင်ဘာ (၂၅) စာချွန်လွှာတစောင်ပေးပို့၍ မေတ္တာရပ်ခံခဲ့သည်။

၌ပန်ကြားလွှာတွင် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများသည် တရားမျှတမှုကင်းပြီး ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်အုပ်စိုးမှုအောက်တွင် တနေ့ထက်တနေ့ ပိုမိုဆိုးရွားလာပြီး လွတ်လပ်မှုများဆုံးရှုံး၍ ဆင်းရဲမွဲတေကြပ်တည်းမှုမျိုးစုံကို ပြင်းထန်စွာကြုံတွေ့ခံစားနေရသည်။

နိုင်ငံသားများအနေဖြင့် ကိုယ့်နိုင်ငံ၏အခက်အခဲနှင့် လွတ်လပ်မှုများကို ကိုယ်တိုင်ဖန်တီးလုပ်ဆောင်ကြရမည်ကို လက်ခံလုပ်ဆောင်လျက်ရှိနေသည်။ သို့သော် စစ်အာဏာရှင်များသည် ပြည်သူလူထု၏ တောင်းဆိုမှုများကို အေးချမ်းစွာလိုက်လျောပေးခြင်းမရှိဘဲ နည်းလမ်းပေါင်းစုံဖြင့် ရန်သူသဖွယ်တိုက်ခိုက်ချေမှုန်းရန်ပြင်ဆင်လျက်ရှိသည်။

မေတ္တာဖြင့်ပေါင်းစီး၍ သင့်မြတ်ပေါင်းစည်းရေးကို ဦးတည်၍ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ယခင်က ဆုံးရှုံးမှုများဖြစ်ခဲ့ရသလို သံဃာထုနှင့်ပြည်သူများ ထပ်မံသွေးချောင်းစီးသေကြေပျက်စီးရမည်ကို မိမိတို့အနေဖြင့် လုံးဝမလိုလားတော့ပေ။ ထို့ကြောင့် မြန်မာသံဃာထုနှင့် ပြည်သူတွေဖမ်းဆီးနှိပ်စက်သွေးမြေကျ သေကြေပျက်စီးကြရမည့်အခြေနေကို စောင့်နေမည့်အစား နိုင်ငံသားအားလုံးလက်ခံ၍ တရားမျှတစွာ မှန်မှန်ကန်ကန်ဦးဆောင်နိုင်မည့်ခေါင်းဆောင်မျိုး တင်မြှောက်ရွေးချယ်ပေးရန် ကုလသမဂ္ဂအနေဖြင့် အမြန်ဆုံးကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပန်ကြားတိုက်တွန်းခဲ့သည်။

❖

# အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂဥက္ကဋ္ဌမှ တရုတ်နိုင်ငံဆိုင်ရာကုလသံအမတ်ထံပေးစာ

လေးစားရပါသောသံအမတ်ကြီးခင်ဗျား၊

ကျနော်တို့နှစ်ဦးအကြားတွင် ရင်းနှီးပွင့်လင်းကောင်းမွန်သော အမြင်သဘောထားဖလှယ်မှုများဖြစ်ပေါ်ခဲ့သည်မှာ ယခင်အဖြစ်အပျက်များကတည်းကဖြစ်ပါသည်။

ယခုမြန်မာနိုင်ငံတွင် ကြီးထွားဖြစ်ပွားနေသောအကြမ်းဖက်မှုအန္တရာယ်များအတွက် ကျနော့်အနေဖြင့် အလွန်အမင်းစိုးရိမ်မကင်းဖြစ်နေရသည့်ပေါ်တွင် သံအမတ်ကြီး၏သဘောထားအမြင်ကိုလည်း သိရှိလိုပါသည်။

လွန်ခဲ့သောရက်သတ္တပါတ်ကျော်မှစတင်ကာ မြန်မာနိုင်ငံတွင် သံဃာအာဇာနည်များမှဦးဆောင်၍ ထောင်ပေါင်းများစွာသောလုပ်သားပြည်သူများ၊ ကျောင်းသားလူငယ်များနှင့် အခြားသောဒီမိုကရေစီထောက်ခံအားပေးသူများစုပေါင်းကာ ရန်ကုန်မြို့နှင့်အခြားသောမြို့ကြီးများ၏လမ်းများပေါ်တွင် စစ်အာဏာရှင်၏ ဖိနှိပ်ချုပ်ချယ်မှုများကို ဆန့်ကျင်၍ဆန္ဒဖော်ထုတ်ပြသခဲ့ကြပါသည်။ ထိုအကြမ်းမဖက် ငြိမ်းချမ်းစွာဆန္ဒပြမှုများဖြစ်ပေါ်လာရသည့်အကြောင်းအရင်းမှာ စစ်အစိုးရက လောင်စာဆီဈေးနှုန်းနှစ်ဆတိုးမြှင့်တင်ရန်ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထိုဆန္ဒဖော်ထုတ်မှုများမှာ ပိုမိုကျယ်ပြန့်အားကောင်းလာကာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ရဟန်းရှင်လူပြည်သူများ၏ လူထုတိုက်ပွဲဖြစ်လာခဲ့ပါသည်။

ရုပ်မြင်သံကြားသတင်းများတွင်တွေ့မြင်နေရသော ရဟန်းသံဃာတော်များနှင့် မြန်မာပြည်သူလူထုတို့ လက်တွဲပူးပေါင်းကာ စစ်အာဏာရှင်၏ မတရားမှုမှန်သမျှကိုဆန့်ကျင်၍ငြိမ်းချမ်းစွာဆန္ဒပြပုံများသည် အမေရိကန်နိုင်ငံတဝှမ်းလုံးတွင်ရှိသော SEIU အဖွဲ့ဝင်များနှင့် အလုပ်သမားများကိုလှုပ်ရှားစေခဲ့ပါသည်။

တောင်အာဖရိကဘုန်းတော်ကြီးဒက်စမွန်တူးတူးမှလည်း ကြီးမားပြင်းထန်သောလူထုအုံကြွလှုပ်ရှားမှုကြီးကြောင့် စနစ်ဆိုးကြီး မကြာခင်ပြိုလဲတော့မည်ကိုတွေ့မြင်နေရပြီဖြစ်ကြောင်း မြန်မာပြည်တွင်းမှ ဆန္ဒပြနေသူအားလုံးကို လေးစားဂုဏ်ပြုသောအားဖြင့် ယမန်နေ့ကပြောကြားခဲ့ပါသည်။

မြန်မာအလုပ်သမားသမဂ္ဂခေါင်းဆောင် မျိုးအောင်သန့်နှင့်အခြား အလုပ်သမားအခွင့်အရေးလှုပ်ရှားသူ (၆) ဦးတို့အားယခုလအတွင်း ထောင်ဒဏ် (၂၀) နှစ်မှ (၂၈) နှစ်အထိ မတရားနှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်ခြင်းမှာ ကျွန်ုပ်တို့သမဂ္ဂကိုထိတ်လန့်ခြောက်ခြားစေခဲ့ပါသည်။ SEIU အနေဖြင့်ထိုသူများကို လွတ်မြောက်ခွင့်ပေးသင့်သည်ဟု အပြည့်အဝယုံကြည်ပါသည်။ အလားတူစွာ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသောအထိန်းသိမ်းခံ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း လွတ်လပ်ခွင့်ပေးသင့်သည်ဟု အပြည့်အဝယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင်နေ့စဉ်ဆန္ဒပြချီတက်လမ်းလျှောက်နေသူများအား စစ်အာဏာရှင်များမှ ရက်စက်စွာအကြမ်းဖက်နှိမ်နင်းဖြိုခွင်းမှုများအရှိန်အဟုန်မြှင့်၍ဆောင်ရွက်လာမည်ကို ကျွန်ုပ်နေဖြင့် အလွန်အမင်းစိုးရိမ်ထိတ်လန့်ရပါသည်။ သံအမတ်ကြီးသိရှိခဲ့ပြီးဖြစ်သည့်အတိုင်း ၁၉၈၈ ဆန္ဒပြမှုများတွင် လူပေါင်း ၃၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ပါသည်။ လွန်ခဲ့သောတနင်္ဂလာနေ့တွင် စစ်အစိုးရမှ ချီတက်လမ်းလျှောက်သူများအပေါ် ဆိတ်ငြိမ်စွာစောင့်ကြည့်နေမှုကိုရပ်ဆိုင်းကာ အရေးယူရန်အသင့်ရှိပြီဟုကြေညာခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၌ အတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းမှလည်း ဆန္ဒပြသူများကို သက်ညှာစွာဖြေရှင်းရန် မြန်မာစစ်အစိုးရအား မေတ္တာရပ်ခံတိုက်တွန်းခဲ့ပါသည်။ သို့ရာတွင် တိုက်ပွဲဝင်ဝတ်စုံပြည့်နှင့် မြန်မာစစ်သားများကို ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် ယခုအခါတွေ့မြင်နေရပြီဖြစ်ပါသည်။

တရုတ်နိုင်ငံနေဖြင့် မြန်မာအစိုးရခေါင်းဆောင်ပိုင်းနှင့် ရင်းနှီးနွေးထွေးသောဆက်ဆံမှုရှိသည်ဖြစ်ရာ ထိုဆက်ဆံရေးကိုအသုံးပြု၍ မြန်မာအစိုးရမှ ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းနေခြင်းကိုရပ်ဆိုင်းသွားစေရန်ဆောင်ရွက်ပေးပါဟု လူကြီးမင်း၏အစိုးရကို ကျနော်တိုက်တွန်းလိုပါသည်။

တရုတ်နိုင်ငံ၏တရားဝင်သဘောထားဖြစ်သော အခြားနိုင်ငံများ၏ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးမူဝါဒကိုလည်း အသိအမှတ်ပြုပါသည်။ တချိန်တည်းမှာပင် ကျွန်ုပ်ယုံကြည်သည်မှာ တကမ္ဘာလုံးအနေဖြင့် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား အရေးပါသော ကုန်သွယ်ရေး၊ စစ်ရေးနှင့် သံတမန်ရေးရာဆက်သွယ်မှုများကို မှန်ကန်စွာနားလည်သဘောပေါက်လာခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်လေးစားစွာပြောကြားလိုသည်မှာ လူကြီးမင်းတို့၏အစိုးရအနေဖြင့် မြန်မာအစိုးရအပေါ် ဩဇာညောင်းမှုကိုအသုံးချပြီး ယခုလက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်မှုများနှင့် သွေးထွက်သံယိုဖြစ်ရပ်များရပ်တန့်သွားစေရန် ကာကွယ်ပေးရန်နှင့်နောင်အနာဂတ်တွင် အဓိပ္ပါယ်ပြည့်ဝသော အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရေးအတွက် တွန်းအားပေးရန်ဖြစ်ပါသည်၊

ကျွန်ုပ်၏အမြင်သဘောထားများကို လက်ခံစဉ်းစားပေးခြင်းအတွက် လူကြီးမင်းအားကျေးဇူးတင်ရှိပါသည်။

လေးစားစွာဖြင့်

Andrew L. Stern (International President)

# ....မြန်မာပြည်နေရာအနှံ့ ရဟန်းသံဃာတော်များ ဦးဆော






**အရိုးတွေတောင်လိုပုံနေမှ**
**အမိမြန်မာပြည်အာဏာရှင်လက်အောက်မှ**
**လွတ်မယ်ဆိုရင်**
**ဦးဇင်းတို့သံဃာတို့ရဲ့အရိုးတွေဟာ**
**အောက်ဆုံးကရှိနေမယ်...**









# ာင်သည့် ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ် ဓာတ်ပုံမှတ်တမ်း ....






**ဆွမ်းတနပ်သာစားရသည့် သံဃာတော်များပင်လျှင်**
**မိမိတို့နိုင်ငံကောင်းကျိုးအတွက် ရှေ့ဆောင်**
**လမ်းပြလုပ်နေရချိန်တွင် မိမိတို့ပြည်သူများက**
**ငြိမ်သက်နေမည်ဆိုလျှင်**
**အင်မတန်ရှက်ဖို့ကောင်းပေလိမ့်မည်။**









# အဝီစိမှတပါးပြေးစရာမြေမရှိတော့ပါ

**အတိဒုက္ခမရောက်စေချင်လို့ အတိဒုက္ခရောက်သည်ထက်ရောက်ကြတော့မယ်ဆိုတာ ကြိုမြင်လို့ အပါယ်မလားလောက်သေးသူတချို့ကိုလည်း အချိန်မှီကယ်တင်နိုင်အောင်လို့ ကိုယ်တိုင် မိုးတောထဲမှာ နေပူထဲမှာ အဆင်းရဲခံပြီး မေတ္တာပို့ ပေးနေကြတဲ့ သံဃာတော်အရှင်သူမြတ်များကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်မြင်တွေ့ရင်တောင် ငါဘုရားသားတော်များ သာသနာ့တာဝန်ကျေကြပါပေတယ်လို့ ဥဒါန်းကျူးရင့်ပေလိမ့်မယ် ...**



(၁)

ဒီပွဲကို စစ်အုပ်စုဘယ်လိုရှင်းမှာလဲ။

ပြဿနာဟာ သာမန်မဟုတ်တော့ဘူး။

စစ်အုပ်စုမီဒီယာတွေက ရေးပြ၊ ကြေညာပြနေရုံလောက်နှင့် အားလုံးဝိုင်းယုံတဲ့ ခေတ်လည်းမဟုတ်တော့ဘူး။

'မီးကို မလောင်ခင်ကတားမယ်' လို့ ဗိုလ်မှူးချုပ်ကျော်ဆန်း ခဏခဏပြောခဲ့ဖူးတယ်၊ ဗိုလ်သိန်းစိန် အပ်ကြောင်းထပ်အောင် ပြောခဲ့ဖူးတယ်။

အခု တပြည်လုံးဟုန်းဟုန်းထအောင် လောင်ပြီ။ ဘာနှင့်တားမလဲ။ ဘယ်လိုတားမလဲ။

ဒီမီးဟာ ပြဿဒ်ကိုလောင်မြိုက်ရုံတင် မကတော့ဘူး။ နန်းတွင်းအရှုပ်တော်ပုံတွေကိုပါ တစမကျန် လောင်မြိုက်တိုက်စားပစ်လိမ့်မယ်။

ဘဝရှင်မင်းတရားကြီးပမာ ကိုယ့်ကိုယ်ကိုစိတ်ကြီးဝင်နေတဲ့ ဗိုလ်သန်းရွှေနှင့် စစ်အုပ်စုထိပ်သီးတစုကိုပါ ပြာကျသွားစေတဲ့အထိ ဝါးမြိုလောင်မြိုက်ပစ်လိမ့်မယ်။

(၂)

ဒီမီးကို ဘယ်သူစပြီးရှို့တာလဲ။

မီးလောင်ရာကို လေပင့်လိုက်တဲ့သူက ဘယ်သူလဲ။

ဒီမီးကို စပြီးရှို့တဲ့သူက စစ်အုပ်စုဖြစ်တယ်။

ဒီမီးကို လေထပ်ပင့်ပေးလိုက်သူကလည်း စစ်အုပ်စုပဲဖြစ်တယ်လို့ ကျနော်ရဲရဲပြောချင်တယ်။

ဘာကြောင့်လဲ။

စစ်အုပ်စုရဲ့မြင့်မြင့်ရာကို 'ပန်းကန်ထဲက အတုံး ငါ့အတုံး' လုပ်ချင်တဲ့ စစ်အုပ်စုလက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကြောင့်၊ ဘယ်မှာမှ တိုးမပေါက်တော့တဲ့ စစ်အာဏာရှင်စနစ်ကို အသေဖက်တွယ်ပြီး နိုင်ငံရေးဗိုလ်ကျစိုးမိုးမှုတွေနဲ့ ငါတကောကောနေမှုတွေကြောင့်၊ စစ်အုပ်စုအကျိုးစီးပွားကလွဲရင် ဘယ်သူ့အတွက်မှ ဘာအတွက်မှ နှမ်းတစေ့မှထည့်မစဉ်းစားချင်တဲ့ ထည့်မစဉ်းစားတတ်တဲ့ ထည့်မစဉ်းစားဖူးတဲ့'ငါ့မြင်း ငါစိုင်း' ရောဂါဆိုးတွေကြောင့် လူထုရဲ့ဒုက္ခဟာ တနေ့တခြားကြီးခဲ့ရတယ်။

'တချို့ ထမင်းရည်ပဲသောက်ရတော့တယ်။'

'ကလေးတွေ ကျောင်းမထားနိုင်တော့ဘူး။ (၄) တန်းမှမအောင်ခင် ကျောင်းကထုတ်ပြီး ဝင်ငွေလေးမဖြစ်စလောက်နှင့် မခိုင်းရက်ပဲ မျက်စိမှိတ်ပြီး အလုပ်ခိုင်းနေရတယ်။'

'အမျိုးကောင်းသားသမီးလေးတွေ အလိုမတူဘဲ ပျက်စီးကုန်ကြရတယ်။' ဆိုတာတွေဟာ ယုံတမ်းစကားတွေမဟုတ်ဘူး။

ကျနော်တို့ မြန်မာပြည်သူတွေရဲ့ နေ့စဉ်ဘဝတွေ ဖြစ်ခဲ့ကြရတယ်။

အဲဒီလူမှုဒုက္ခတွေဟာ၊ ဆာလောင်မွတ်သိပ်မှုတွေနှင့် အူနဲ့ဟောင်းလောင်းဖြစ်နေကြရတဲ့ ပြည်သူတွေရဲ့ ပကတိရုပ်ဘဝတွေဟာ အင်မတန်အပူရှိန်ပြင်းတဲ့ နေရောင်အောက်မှာနေရတဲ့ သစ်ခြောက်တောလို တဖြည်းဖြည်း တရွှေ့ရွှေ့တဖျင်းဖျင်းမြည်သံတွေနှင့်အတူ မီးထတောက်ခဲ့ကြရတာပါ။ ဒီကနေ့ တပြည်လုံး ဟုန်းဟုန်းထအောင် တောက်လောင်နေပါပြီ။

ဒီမီးကို စစ်အုပ်စုရှို့တာလို့မပြောရင် ကျနော်တို့ ဘယ်သူရှို့တယ်လို့ပြောကြမလဲ။

(၃)

အဲဒီမီးကို ဩဂုတ် (၁၅) ရက်နေ့မှာ စစ်အုပ်စုက လေထပ်ပင့်လိုက်ပြန်တယ်။

'မီးလောင်ရာလေပင့်'ဆိုတာထက်ကို 'မီးလောင်ရာ ဓာတ်ဆီနှင့်ပက်' လုပ်ခဲ့မိတဲ့အဖြစ်ပါ။

လောင်စာဆီဈေးတွေ ရုတ်တရက်ကြီး အဆမတန်ခုန်တက်ပစ်လိုက်တာ။ အဲဒါကို မသင့်လျော်ဘူးလို့ပြောတဲ့သူတွေကို ညအချိန်မတော်ဝင်ရောက်ဖမ်းဆီးလိုက်တာ။ အဲဒီလိုဆောင်ရွက်မှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်တွေကို မမြင်ရက်လို့ မေတ္တာပို့လမ်းလျှောက်ကြွချီပြီး ဖျောင်းဖြထောက်ပြတဲ့ သံဃာတော်အရှင်သူမြတ်တွေကို ညှိုးသူရန်ဘက်သဖွယ်၊ တိရိစ္ဆာန်အရိုင်းတွေသဖွယ် ကြိုးကွင်းပစ်ဖမ်း၊ ဓာတ်တိုင်ကြိုးချီပြီး နေလှန်း၊ သံဃာတော်တွေရဲ့ ဦးပြည်းတော်ကို သေနတ်ဒင်နှင့်ရိုက်နှက်၊ မအေနှမကိုင်ပြီး မကြားဝံ့မနာသာဆဲရေး၊ သင်္ကန်းဆွဲချွတ် လူဝတ်လဲပြီးထိုးကြိတ်ဆိုတာတွေ အံ့ဩလောက်အောင် ပက်ပက်စက်စက်လုပ်ကိုင်လိုက်တာ။ စတဲ့ မဖွယ်မရာကိစ္စတွေကို စစ်အုပ်စုဟာ လူမဆန်စွာကျူးလွန်ခဲ့တယ်။

ဒါဟာ မီးလောင်ရာကို လေပင့်ရုံသာမဟုတ်တော့ဘဲ ဓာတ်ဆီနှင့်ပါ ပက်လိုက်တာပဲမဟုတ်လား။

(၄)

ဒီအတွက် သံဃာတော်တွေက ဒီ (၄) ချက်ကို တောင်းဆိုခဲ့တယ်။

(၁) နအဖစစ်အစိုးရမှ ထိုသံဃာများအား ကျေအေးခွင့်လွှတ်သည်အထိ ဝန်ချတောင်းပန်ပေးရန်။

(၂) လက်ရှိမြင့်တက်နေသော ကုန်ဈေးနှုန်း၊ ဆန်၊ ဆီဈေးနှုန်းများ ချက်ချင်းလျှော့ချပေးရန်။

(၃) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် ဆန္ဒပြပွဲများတွင် ဖမ်းဆီးခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးရန်။

(၄) လူထု၏အခက်အခဲ အကျပ်အတည်းများကိုဖြေရှင်းရန်အတွက် နအဖစစ်အစိုးရမှ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ချက်ချင်းပြုလုပ်ပေးရန်။

ဒီ (၄) ချက်ကို တောင်းဆိုတဲ့အခါမှာလည်း တပါးချင်း၊ တကျောင်းချင်းတောင်းဆိုတာမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးကို စစ်ကိုင်းတောင်ရိုးပေါ်မှာ အခိုင်အမာဖွဲ့စည်းပြီးမှ စနစ်တကျတောင်းဆိုလိုက်ကြတာဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ (၁၇) ရက်နေ့ ၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်နေ့နောက်ဆုံးထားပြီး အကြောင်းပြန်ဖို့နှင့် အဲဒီနေ့ထိမှမထူးခြားရင် တပြည်လုံးမှာ နအဖစစ်အစိုးရအား ပတ္တနိက္ကုဇ္ဇနကံဆောင်ပြီး သပိတ်မှောက်သွားမယ်လို့ ဒီသံဃာ့တပ်ပေါင်းစုကြီးကပဲ သူတို့ရဲ့ထုတ်ပြန်ကြေညာချက်မှာ အတိအလင်းအသိပေးလိုက်ပါတယ်။

**ဝွန်ဝိုင်း**

(၅)

နအဖစစ်အုပ်စု ဘာလုပ်သလဲ။

တကယ်ဆိုရင် ကိုယ့်အမှားကိုယ်မြင်ပြီး၊ နောင်တရပြီး ဝန်ချတောင်းပန်ရမှာ အမှန်ပဲ။ ဘယ်လူတဦးတယောက်မဆို လူမှန်ရင် ဒီလိုစဉ်းစားမှာပဲ။ ဒါပေမယ့် စစ်အုပ်စုကတော့ ဒီလို လုံးလုံးမစဉ်းစားခဲ့ဘူး။

အဲဒီလို သံဃာတော်အရှင်သူမြတ်တို့ရဲ့ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်' လုပ်ပေးတာကိုပဲ 'အနောက်သွေးထိုးမှု' 'အရှေ့သွေးထိုးမှု'လုပ်နေတော့တယ်။

အဲန်အယ်လ်ဒီကို မဲလိုမဲ၊ ၈၈ မျိုးဆက်ကျောင်းသားကို မဲလိုမဲ၊'အနောက်သံရုံးကြီးတရုံးကလည်း'လို့ ယိုးစွပ်လို့ ယိုးစွပ်။

အဖြေကိုမရှာပဲ ယမယ်ကိုရှာနေတယ်။

လူမမာကိုကယ်တင်ဖို့ ကမ်းလှမ်းလာတဲ့ဆေးကို ယူမသောက်ဘဲ ဘေးကအဆိပ်ပုလင်းကို မှော့သောက်တယ်။

ပြီးတော့ အဲဒီပုလင်းနှင့်ဆေးလာတိုက်တဲ့ ဂရုဏာရှင်ကို လိုက်ရိုက်တယ်ဆိုတာမျိုး။

မိုက်တဲ့နေရာမှာတော့ အဝီဇိဂျိုးကပ်အောင် မိုက်တဲ့လူပဲ။

ရှေးစရာလမ်းတွေ အသေအချာပြထားပါလျှက်နှင့် သေလမ်းကိုမှ တည့်တည့်ရွေးတဲ့လူ၊

စစ်အုပ်စုရဲ့ ရူးသွပ်မိုက်မဲမှုကတော့ ကမ်းကုန်တယ်။

(၆)

ပြောထားတဲ့ စက်တင်ဘာ (၁၇) ရက်နေ့ညအထိ နအဖစစ်အုပ်စုက သံဃာတော်တွေကို ဝန်ချတောင်းပန်ဖို့ လုံးလုံးမစဉ်းစားခဲ့ဘူး။

ဒီလိုကြောင့်ပဲ (၁၈) ရက်နေ့မှာ သံဃာတွေက စတင်ကံဆောင်တယ်။ ဘုရားပေါ်မှာ သပိတ်မှောက် ကမ္မဝါကိုရွတ်ဆိုတယ်။

မြို့တွင်းအနှံ့လမ်းလျှောက်ပြီး မေတ္တာပို့တယ်။

"လူအချင်းချင်းနှိပ်စက်ခြင်း ကင်းရှင်းကြပါစေ။"

"တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း .... အေးချမ်းကြပါစေ။"

ရန်ကုန်တမြို့လုံး၊ မန္တလေးတမြို့လုံး၊ ပြောရရင် မြန်မာနိုင်ငံတခုလုံး၊ မေတ္တာပို့သံတွေနှင့် ပြည့်လျှံသွားတော့တယ်။

နေပူစပ်ခါးမှာ လမ်းမတွေပေါ်မှာ ဖိနပ်မပါ၊ ခြေဗလာတွေနှင့် လမ်းလျှောက်ကြွချီနေတဲ့၊ မိုးတောထဲမှာ ခြေသလုံးလောက် ဒူးလောက်ပေါင်လည်လောက် ကားလမ်းရေကျော်တွေထဲမှာ သင်္ကန်းတွေစိုရွှဲပြီး၊ ခိုက်ခိုက်တုန်အောင်ချမ်းနေတဲ့ကြားက မေတ္တာမပျက် မေတ္တာပို့ပေးနေတဲ့ သံဃာတော်တွေကို လူထုက အချိုရည်တွေကပ်ကြ၊ ရေသန့်ဗူးတွေကပ်ကြ၊ ဆွမ်းချိန်မှာ ဆွမ်းကပ်လှူကြလုပ်ကြပါတယ်။

ဘယ်လောက်လှလိုက်တဲ့ မြင်ကွင်းလည်းဗျာ ....

ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံတခုရဲ့ အလွန်ကြည်ညိုဖွယ်ရာမြင်ကွင်းတခုပါ။

ဒကာ ဒကာမတွေ အတိဒုက္ခမရောက်စေချင်လို့၊ အတိဒုက္ခရောက်သည်ထက်ရောက်ကြတော့မယ်ဆိုတာ ကြိုမြင်လို့၊ အပါယ်မလားလောက်သေးသူတချို့ကိုလည်း အချိန်မှီကယ်တင်နိုင်အောင်လို့၊ ကိုယ်တိုင်မိုးတောထဲမှာ၊ နေပူထဲမှာ အဆင်းရဲခံပြီးမေတ္တာပို့ပေးနေကြတဲ့ သံဃာတော်အရှင်သူမြတ်များကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်မြင်တွေ့ရင်တောင် "ငါဘုရားသားတော်များ သာသနာ့တာဝန်ကျေကြပါပေတယ်" လို့ ဥဒါန်းကျူးရင့်ပေလိမ့်မယ်လို့ ကျနော်မှန်းဆကြည့်မိတယ်။

လွတ်လပ်စွာ ငြိမ်းချမ်းစွာ ဘာသာသာသနာ့ကိစ္စဆောင်ရွက်နေကြတဲ့ ဗုဒ္ဓဘာသာသံဃာတော်များကို ဘယ်သူမဆို၊ ဘယ်ဘာသာဝင်မဆို စာနာနားလည်စွာ တလှိုက်တလှဲထောက်ခံဝန်းရံကြပါတယ်။

အစ္စလာမ်ဘာသာဝင်တွေ၊ ဗလီဆရာကြီးတွေ၊ ခရစ်ယာန်အသင်းတော်တွေ၊ ဘာသာဝင်တွေ မြန်မာပြည်တနံတလျားကရော၊

စာမျက်နှာ (၁၇) ကော်လံ (၄) သို့...

# သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ၅/ ၂၀၀၇ ကျင်းပ
# လူထုစွမ်းပကားဖြင့် ဒီမိုကရေစီဝန်းကျင်သစ်တရပ်ပေါ် ပေါက်ရေးကြိုးပမ်း



သဘာပတိအဖွဲ့နှင့်အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပနေစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ သဘာပတိအဖွဲ့နှင့်အတွင်းရေးမှူးအဖွဲ့ ပူးတွဲအစည်းအဝေး (၅/၂၀၀၇)ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ (၁၉–၂၀) ရက်များ၌ နယ်စပ်တနေရာ၌ကျင်းပခဲ့ရာ သဘာပတိအဖြစ် ဉက္ကဋ္ဌဗိုလ်ချုပ်ကြီးတာမလာဘောကလည်းကောင်း၊ အခမ်းအနားမှူးများအဖြစ် ဦးမြင့်သိန်းနှင့်ဦးမျိုးဝင်းတို့ကလည်းကောင်း အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ယင်းအစည်းအဝေးသို့ သဘာပတိအဖွဲ့ဝင်လေးဦး၊ အတွင်းရေးမှူး အဖွဲ့ဝင် (၈) ဦးရေးရာကော်မတီများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်ဟု ထုတ်ပြန်ချက်များအရသိရှိရသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို အကြေအလည်ဆွေးနွေး၍ အမျိုးသားကောင်စီမှ မည်သို့မည်ပုံ ဆက်လက်လုပ်ဆောင်သွားမည်ဟု အသေးစိတ်ပါရှိသောစီမံချက်တစောင်ကို အစည်းအဝေးမှအတည်ပြုခဲ့ကြောင်း မဟာမိတ်အဖွဲ့အစည်းများနှင့် အထူးသဖြင့် အင်အားစုအားလုံးပါဝင်ဆောင်ရွက်ရေးကို ဦးတည်ချက်ထားလုပ်ဆောင်နေကြောင်း လူထုစွမ်းပကားဖြင့် ဒီမိုကရေစီဝန်းကျင်သစ်တရပ်ကို ဖန်တီးရေးမှာ ယနေ့ကာလနိုင်ငံရေးပါတီများအဖွဲ့အစည်းများ၏ ဘုံလုပ်ငန်းတာဝန်ဖြစ်ကြောင်း တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးမြင့်သိန်းမှ မိုးကြိုးသို့ပြောကြားခဲ့သည်။

ဤအစည်းအဝေးတွင် အတွင်းရေးမှူးအဖွဲ့နှင့် ရေးရာကော်မတီများမှတင်ပြလာသည့် လုပ်ငန်းအစီရင်ခံစာများကို ဆွေးနွေးအတည်ပြုခဲ့ကြောင်းနှင့်လုပ်ငန်းများ အရှိန်မပြတ်လည်ပတ်နိုင်ရေးနှင့် ဖြစ်ထွန်းနေသောနိုင်ငံရေးအခြေအနေများနှင့်အညီ အဲန်စီယူဘီ၏အခန်းကဏ္ဍကို ပိုမိုပံ့ဖော်စေရေးအတွက် အဲန်စီယူဘီတာဝန်ရှိသူများမှ အထူးတာဝန်ယူဆောင်ရွက်နေကြောင်း သိရှိရသည်။ ❖

# မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် ပဥ္စမအကြိမ်ညီလာခံ
# ထိုင်းမြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပပြီးစီး



မြန်မာပြည်ဒီမိုကရေစီမဟာမိတ်အဖွဲ့ချုပ် ပဥ္စမအကြိမ်ညီလာခံကျင်းပနေစဉ်

ဒီအေဘီခေါ် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ ပဥ္စမအကြိမ်ညီလာခံမှ ဉက္ကဋ္ဌဗိုလ်ချုပ်ကြီးတာမလာဘော ဒုဉက္ကဋ္ဌ (၁) ဦးကျော်လှ၊ ဒုဉက္ကဋ္ဌ (၂) ဦးမျိုးဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွန့်တို့ဦးဆောင်သော CEC အဖွဲ့ဝင် (၁၂) ဦး အားရွေးချယ်တင်မြှောက်လိုက်ကြောင်း သတင်းရရှိသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလ (၁၀–၁၁–၁၂) ရက်များ၌ နယ်စပ်တနေရာ၌ကျင်းပသော ယင်းအစည်းအဝေးသို့ ဒီအေဘီ (၁) မဒမခအဖွဲ့ဝင် အဖွဲ့အစည်းပေါင်း (၂၂) ဖွဲ့မှ ကိုယ်စားလှယ် (၄၆) ဦးနှင့် လေ့လာသူ (၈) ဦး တက်ရောက်ခဲ့သည်။ ယင်းညီလာခံမှ BLSO အား အဖွဲ့ဝင်အသစ်အဖြစ် လက်ခံအတည်ပြုကြောင်းသိရှိရသည်။ အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွန့်က နိုင်ငံရေးဦးတည်ချက် (၄) ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နအဖလမ်းပြမြေပုံကို နိုင်ငံရေး၊ စစ်ရေးနည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်သွားရန်၊ (၂) လူထုလှုပ်ရှားမှုကို အထွေထွေလူထုတိုက်ပွဲအဆင့်သို့တွန်းတင်ပြီး လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်ရေးအတွက် ပြင်ဆင်ရန်နှင့် နအဖစစ်တပ်တွင်းမှ တပ်မှူးတပ်သားများအား ပြည်သူလူထုဖက်မှ ရပ်တည်လာရေးအတွက် စည်းရုံးသွားရန်တို့ကို လတ်တလောလုပ်ငန်းစဉ် (၃) ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

❖

# မဒတ ဗဟိုသဘာပတိအဖွဲ့ အစည်းအဝေးကျင်းပ၊
# တပ်မတော်ကပြည်သူဘက်သို့ ရပ်ရန်ကြိုးပမ်းမည်

အမျိုးသားညီလာခံတပ်ပေါင်းစုမဒတ၏ ဆဌမအကြိမ်ညီလာခံသက်တမ်း ပထမအကြိမ်ဗဟိုသဘာပတိအစည်းအဝေးကို စက်တင်ဘာ (၁၄၊ ၁၅) ရက်များတွင် နယ်စပ်တနေရာတွင် ကျင်းပရာ သဘာပတိအဖွဲ့ဝင် (၁၉) ဦးနှင့် လေ့လာသူနှစ်ဦးတက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင်မဒတ၏လက်ရှိအခြေအနေကို အလေးအနက်ထားသုံးသပ်ခဲ့ကြပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှုကို ဆက်လက်အတည်ပြုခဲ့သည်ဟု သိရှိရသည်။ ပြည်တွင်းရှိစစ်အုပ်စုဆန့်ကျင်ရေးဆန္ဒပြမှုများကိုထောက်ခံအားပေးပြီး၊ အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီး၏ စည်းရုံးရေးနယ်မြေများ၌လည်း ပြည်သူလူထု၏ဆန္ဒပြတောင်းဆိုမှု လူထုတိုက်ပွဲများဖြစ်ထွန်းလာရေးကိုလှုံ့ဆော်သွားမည်ဟု အထွေထွေအတွင်းရေးမှူးခွန်ဉက္ကာမှ ထုတ်ဖော်ပြောကြားသည်။ ပိုမိုအားကောင်းသော မဒတဖြစ်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာ၌ တပ်မတော်သားများအားပြည်သူလူထုဘက်တွင် ရပ်တည်သည့်အပြောင်းအလဲများဖြစ်ပေါ်လာစေရန် လုပ်ဆောင်သွားမည့်လုပ်ငန်းများလည်းပါဝင်သည်ဟုသိရှိရသည်။

❖




မဒတ ဗဟိုအစည်းအဝေးတရပ်ကျင်းပနေစဉ်

# ဒီမိုကရေစီအင်အားစုများမှ အပစ်ရပ်အဖွဲ့များသို့
# တိုက်တွန်းနှိုးဆော်ချက်တစောင်ထုတ်ပြန်ပေးပို့

ယနေ့ကာလတွင် ဖြစ်ပွားလျှက်ရှိသော လူထုဆန္ဒပြပွဲများတွင် နိုင်ငံရေးအင်အားစုတရပ်ဖြစ်သည့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများထံသို့ မြန်မာ့ဒီမိုကရေစီအင်အားစုများဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက် (SYCB)၊ တိုင်းရင်းသားလူငယ်များဆုံရပ် (NYF) နှင့် အမျိုးသမီးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) (WLB) တို့မှ ပူးပေါင်း၍ အချက် (၆) ချက်ပါဝင်သည့် တိုက်တွန်းနှိုးဆော်ချက်တစောင်ကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂) နေ့နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

သံဃာတော်များ၊ ကျောင်းသားလူငယ်များ ဦးဆောင်၍ ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားမှုများသည် စစ်အာဏာရှင်စနစ်နှင့် အတုအယောင်ညီလာခံ၏ ရလဒ်များကိုငြင်းပယ်၍ ခမ္ဗနှင့်အခမ္ဗ၊ တရားမှုနှင့် မတရားမှုများကို မီးမောင်းထိုးပြသည့် ဆန္ဒထုတ်ဖော်မှုတရပ်ပင်ဖြစ်သည်။ သန်းနှင့်ချီသည့် ပြည်သူတို့၏ တက်ကြွစွာပါဝင်ပူးပေါင်းလှုပ်ရှားမှုသည် လူထုလှုပ်ရှားမှုအသွင်တရပ်သို့ပြောင်းလဲခဲ့ပြီး သံဃာတော်များ၊ ကျောင်းသားပြည်သူများသည် တက်ညီလက်ညီ လက်တွဲဝန်းရံ၍ သွေးမြေကျခံ တိုက်ပွဲဝင်လျက်ရှိသည်။

အမှန်တရားကိုမြတ်နိုးသည့်အင်အားစုနှင့် လက်တဆုပ်စာ မိမိတို့အုပ်စုကောင်းစားရေးအတွက် အခမ္ဗဗိုလ်ကျစိုးမိုးနေသည့် စစ်အာဏာရှင်တို့နှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့် အဆုံးအဖြတ်တိုက်ပွဲတွင် ပြည်သူပြည်သားများအနေဖြင့် နောက်ဆုတ်မည်မဟုတ်သလို စစ်အစိုးရအဖြင့်လည်း လွယ်လွယ်ကူကူပင်အလျှော့ပေးလိမ့်မည်မဟုတ်ချေ။

ဤအဆုံးအဖြတ်တိုက်ပွဲကြီးတွင် ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုများမှလည်း မိမိတို့၏ ဆန္ဒသဘောထားများကိုထုတ်ဖော်ပြလျက် ကျရာအခန်းကဏ္ဍမှနေ၍ အားတက်သရော ပါဝင်ထမ်းဆောင်လျက်ရှိသလို ပြည်တွင်းရှိ လူတန်းစားအလွှာအသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့မှလည်း အင်နှင့်အားနှင့်ပါဝင်ဆင်နွှဲကြရန်တာဝန်ရှိပြီး အနာဂတ်အတွက် ညီညာထကြွ၍ ပူးပေါင်းကြရမည့်အချိန်ပင်ဖြစ်သည်။

သို့သော် ယခုအချိန်တွင် နိုင်ငံရေးအင်အားစုတရပ်ဖြစ်သော အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ထွက်ပေါ်ပါဝင်လာခြင်းမရှိသေးသည်ကိုတွေ့ရှိရသည်။ ထို့အပြင် နအဖမှအခမ္ဗဖိအားပေးကျင်းပပြုလုပ်ခဲ့သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ လူထုဆန္ဒခံယူပွဲတွင် ကချင်ပြည်နယ်အခြေပြု အပစ်အခတ်ရပ်စဲထားသည့် ကေအိုင်အိုနှင့်အဲန်ဒီအေ (ကေ) အဖွဲ့တို့မှ ထိတ်တန်းခေါင်းဆောင် (၂) ဦး ပါဝင်တက်ရောက်၍ ပြောကြားသွားသည်ကို တွေ့မြင်နေရသည်။

ယခုအချိန်သည် သွေးခွဲ၍ သွေးကွဲရန်မသင့်ပဲ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် စစ်မှန်သည့်ရပ်တည်ချက်နှင့်ဆောင်ရွက်ချက်များပြုလုပ်ရန် အချိန်အခါသမယသို့ရောက်ရှိနေပြီဖြစ်ပါ၍ အပစ်ရပ်အင်အားစုများအနေဖြင့်လည်း နအဖစစ်အစိုးရနှင့် နိုင်ငံရေး၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကို လုံးဝပ်ရပ်ဆိုင်း၍ အတုအယောင်ညောင်နှစ်ပင်ညီလာခံနှင့်လမ်းခွဲကာ ပြည်သူ့အကျိုးဘက်မှရပ်တည်ကြပါရန် လေးနက်တည်ကြည်စွာ တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

❖

# ကျနော်သိသော ဦးသန့်အရေးအခင်း

မြို့သူကြီး

## နိဂုံး



အားလုံး တူညီသောဦးတည်ချက်မှာ ဗိုလ်နေဝင်း အစိုးရမကောင်းကြောင်းတွေ ချည်းသာဖြစ်သည်။ ၁၉၆၂ ခုနှစ်မှစ၍ ဒီမိုကရေစီရေးငတ်နေသူ လူထုပရိတ်သတ်ကြီး လက်ခုပ်သံတဖျောင်းဖျောင်းဖြင့် အားပေးကြသည်။ မိမိတို့ မပြောရဲ မဆိုရဲရှိသည်တို့ကို ကျောင်းသားများဟောပြောပေးဖော်ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိကြသည်။ မိမိတို့ဆန္ဒနှင့် ကျောင်းသားလူငယ်များ၏ဆန္ဒ တထပ်တည်းကျနေသဖြင့် ဝမ်းသာရွှင်ပြုံးဖြစ်နေကြသည်။ ရန်ကုန်မြို့လူထုသည် ညနေထမင်းစားသောက်ပြီးလျှင် ဤနေရာသို့ မလာရမနေနိုင်ဖြစ်သွားကြလေပြီ။ ဤတက္ကသိုလ်နယ်မြေသည် လွတ်လပ်သည့်နယ်မြေ၊ လွတ်လပ်ရေးအရသာကို ဤနေရာ၌သာ ခံစားနိုင်ကြသည် မဟုတ်လော။

ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရဩဇာအာဏာစက်သည် တက္ကသိုလ်နယ်မြေသို့ မသက်ရောက်တော့ပေ။ ကျောင်းသားများ စိုးမိုးထားသောနယ်မြေတွင် အမှန်တရားများ ထွန်းကားနေသည်။ အမှန်တရားကို လိုလားကြကုန်သော အထက်တန်း၊ အလယ်တန်းနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ရုံးဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ အလုပ်သမားများစသည့် လူတန်းစားပေါင်းစုံ အလွှာပေါင်းစုံတို့သည် မြို့နယ်အသီးသီးမှ ဤနေရာတွင် လာရောက်စုဝေးဆုံဆည်းမိကြသည်။ မဆလအစိုးရ၏လုပ်ရပ်များကို မကျေနပ်သူတို့ ရင်ဖွင့်ရန်နေရာလည်း ဖြစ်နေတော့သည်။ မဆလအစိုးရဆန့်ကျင်ရေးတရားပွဲများကြောင့် တနေ့ထက်တနေ့ လူထုပရိတ်သတ် ပိုမိုစည်ကားလာပြီး တိုးမပေါက်အောင် ကျိတ်ကျိတ်တိုးဖြစ်နေရတော့သည်။

ပါတီယူနစ်များနှင့်ကောင်စီများသည်လည်း (၂၄) နာရီလုံးလုံး အလုပ်ရှုပ်နေကြသည်။ စုဆောင်းရရှိသည့်သတင်းများကို အထက်အဖွဲ့အစည်းသို့ ပေးပို့သည့်အလုပ်သာဖြစ်သည်။ အထက်အဖွဲ့အစည်းများထံမှ မည်သည့်ညွှန်ကြားချက်မျှမပေးနိုင်သည်မှာ သေချာသည်။ ထုံးစံအတိုင်းပင် ရောဂါကျွမ်းမှ ဆရာပင့်သည့်အကျင့်ဆိုးကို စစ်ဝါဒီတို့မဖျောက်နိုင်ကြသေး။ ယခုမှ အရပ်ကူပါ။ လူဝိုင်းပါ လုပ်နေကြသည်။ ဤအကျင့်ဆိုးရှိနေသမျှကာလပတ်လုံး ဤသို့သောအဖြစ်မျိုးနှင့် မကြာခဏကြုံတွေ့နေရမည်မှာ ဓမ္မတာပင်။ “တက္ကသိုလ်ထဲမှာ လူတသိန်းလောက်ရောက်နေပြီတဲ့ …. ဟူသောသတင်းမှာ ဗိုလ်ချုပ်နေဝင်းခေါင်းကို ငှက်ဆိုးထိုးသလိုခံစားလိုက်ရသောသတင်းမျိုးဖြစ်သည်။” စစ်အာဏာရှင်များ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကြရလေပြီ။

❑ ၁၉၄၇ ခု၊ ဒီဇင်ဘာ (၇) ရက်နေ့

မည်သူက ရွှေဉာဏ်တော်စူးရောက်လိုက်သည်မသိ။ တက္ကသိုလ်နယ်မြေအတွင်းသို့ မဆလပါတီဝင် အမာခံတစုကို ခြံစည်းရိုးကျော်၍ တိတ်တစိတ်စေလွှတ်လိုက်သည်။ ကျောင်းသားခေါင်းဆောင်အချင်းချင်း သဘောထားကွဲလွဲနေမှုကို ပိုမိုဖြို့ခွဲရန်ဟု ဦးတည်ချက်ထားသည်။ ရယ်စရာကောင်းလှသည်။ အသက် (၅၀) ခန့် ကုန်စိမ်းရောင်းသူ ပါတီဝင်တဦးကို တိုက်ပုံအင်္ကျီဝတ်ပေးပြီး၊ တက္ကသိုလ်ပရဝဏ်အတွင်း စေလွှတ်လိုက်ရုံဖြင့် ထိုသူသည် တက္ကသိုလ်ကျောင်းသားဖြစ်ပြီလော။ ဘွဲ့နှင်းသဘင်ခန်းမဆိုတာ ဘာမှန်းမသိ၊ ဘယ်နေရာရှိမှန်းမသိ၊ စာသင်ခန်းနှင့် အဆောင်ကိုခွဲခြား၍ မသိသောသူများကိုမှ ရွေး၍စေလွှတ်ရတယ်လို့။ အံ့ပါရဲ့ဗျာ။ မဆလ ရင်ထိုးတံဆိပ်လေးများ မတတ်ဆင်ပေးလိုက်လို့တော်သေးတာပေါ့။ ကံကောင်းလို့ အားလုံးမသေကုန်တာ။ ကျောင်းသားများဝိုင်းရိုက်သည့်ဘေးမှ လွတ်အောင်၊ တက္ကသိုလ်ဆရာများအကူအညီဖြင့် ခက်ရာခက်ဆစ် အသက်မသေရုံပဲ ကယ်ထုတ်ခဲ့ကြရသည်။

တက္ကသိုလ်နယ်မြေကို နှယ်နှယ်ရရမှတ်လို့။ “ငြိမ်းချမ်းသောနယ်မြေ၊ ဖြူစင်သောနယ်မြေ၊ သစ္စာတရားထွန်းကားရာနယ်မြေ” ဟူ၍ အမျိုးမျိုးတင်စားခေါ်ဝေါ်သမုတ်ခြင်းခံရသည်ကို ကြားဖူးဟန်မတူပေ။ ကျောင်းသားလေးငါးထောင်အတွင်းသို့ ဝတ်ကောင်းစားလှဝတ်ဆင်၍ဝင်လာသော ကျောင်းသားအရွယ်လူငယ်ကိုပင်လျှင်၊ လူစိမ်းသူစိမ်းမှန်းချက်ခြင်းသိသည်။ ဤသို့ဖြင့် အဖမ်းခံခဲ့ရသော သူခိုးပေါင်းမနည်း။ အထူးသတင်းတပ်ဖွဲ့မှ ရဲစုံထောက်ပေါင်းမနည်းတော့ပေ။ တပ်မတော်ထောက်လှမ်းရေးဝင်လာလျှင် မိမှာသေချာသည်။

(၈)

ခွပ်ဒေါင်းအလံလွှင့်ထူထားသော ကျောင်းသားများအသုံးပြုနေသည့် ဒေါ့ဂျစ်ကားများသည် နယ်ပယ်ချဲ့ထွင်လာသည်။ ကမာရွတ်နယ်မြေအတွင်း၌သာမကတော့ပဲ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လှိုင်၊ အင်းစိန်စသောမြို့နယ်များအထိ ထမင်းထုပ်အလှူခံခြင်း၊ ရန်ပုံငွေကောက်ခံခြင်းများ ပြုလုပ်လာသည်။ ကြေးမုံ၊ မြန်မာ့အလင်းစသော သတင်းစာတိုက်များသို့ ကျောင်းသားတစုရောက်ရှိလာပြီး မိမိတို့လုပ်ဆောင်နေသော လုပ်ငန်းသတင်းများကို နောက်နေ့သတင်းစာများတွင် ပါအောင်ထည့်ပေးရမည်ဟု တောင်းဆိုသွားသည်။

အာဏာရှင်တို့မည်သည် အပေါ်စီးရနေရင်သာ၊ လက်နက်အားကိုးဖြင့် လက်စောင်းထက်ပြတတ်သည်။ အမှန်တကယ်ရှုံးနိမ့်လာသောအခါ သာမန်လူထက်ပိုပြီး ကြောက်ဒူးတုန်တတ်ကြသည်။ သူတို့အသာစီးရသည့်အခါ လူတကာကို အရမ်းဖိနှိပ်၊ အရမ်းနှိပ်စက်ပြုလုပ်ထားသဖြင့် သူတို့အရေးနိမ့်သည့်အခါ လက်တုန့်ပြန်မှုကိုခံရမည်။ ဝဋ်လည်မည်ဟုတွေး၍ သူများတကာထက် ပိုကြောက်နေခြင်းဖြစ်သည်။ ဤသည်မှာ ပစ်ပယ်၍မရသော သဘာဝတရား ဓမ္မတာတရားအစစ်အမှန်တခုဖြစ်သည် မဟုတ်ပါလော။ မြန်မာနိုင်ငံမှ စစ်အာဏာရှင်ကြီး ဦးနေဝင်း (ခေါ်) ဗိုလ်ချုပ်ကြီးနေဝင်းအတွက်ခြွင်းချက်ရှိပါမည်လော။ မရှိနိုင်ပါ။ ဗိုလ်ချုပ်နေဝင်းကောင်းစွာသိပါသည်။ အလွန်ကြောက်လန့်တုန်လှုပ်နေပါပြီ။ စိတ်ချယုံကြည်ရသော သူ၏တပည့်ကြီး (၂) ယောက်ကို ခေါ်ယူ၍ ကျောင်းသားများတောင်းဆိုသမျှ လိုက်လျောရန်နှင့် သူပြည်ပသို့ထွက်ခွာနိုင်အောင် လေယာဉ်တစင်း အဆင်သင့်လုပ်ထားရန်မှာကြားပါသည်။ ဤလူယုတ်မာကြီး၏အကျင့်မှာ သူစထားသောဇာတ်လမ်းကို သူကိုယ်တိုင်အဆုံးမသတ်ပဲ ကျောခိုင်းသွားတတ်သည့်အကျင့်ဖြစ်သည်။ သတ္တိကြောင်ပြီး သူရဲဘောနည်းသည့်အတိုင်းဟု ဆိုနိုင်မည်ထင်သည်။

သတင်းတပုဒ်ကတော့ ထွက်လာသည်။ ဦးသန့်၏ဆွေမျိုးသားချင်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံပြီး ဦးသန့်၏ရုပ်အလောင်းကို ကန်တော်မင်ပန်းခြံသို့သယ်ဆောင်ဂူသွင်းရန် ပြောကြားသည်ဟုဆိုသည်။ အဓိပ္ပါယ်မှာ တက္ကသိုလ်မှ ကန်တော်မင်ပန်းခြံသို့သယ်ယူရန် ကျောင်းသားများကို ဖြောင်းဖျခိုင်းသည့်သဘော။ ဦးသန့်၏ခေါင်းချရာသည် ကြီးတော်သုဿန်မဟုတ်တော့ဘဲ ကန်တော်မင်ပန်းခြံဖြစ်သွားသဖြင့် အဆင့်မြင့်သွားသည်ဟု ဆိုနိုင်သည်။ မည်သည့်အဆင့်၊ မည်သည့်ပုဂ္ဂိုလ်က မည်သူ့ကိုခေါ်ပြော၍ ဤသို့လိုက်လျောလိုက်သည် မသိပါ။ ပြဿနာပြေလည်မည်ဆိုလျှင် နတ်လူသာခုခေါ်ရမည်ပင်။

ပြဿနာကား မပြေလည်သေးပါ။ ကျောင်းသားခေါင်းဆောင်ပိုင်းတွင် သဘောထားကွဲလွဲကြသည်ဟု ကြားသိရပြန်သည်။ ကျောင်းသားခေါင်းဆောင်ပိုင်းတွင် အများစုကလိုက်လျောချက်ကို လက်မခံဘဲ ပယ်ချလိုက်သည်ဟုဆို၏

ဒီဇင်ဘာလ (၈) ရက်နေ့

နေ့လည် (၁) နာရီတွင် ဦးသန့်ရုပ်အလောင်းအား တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှ ယခင်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) အဆောက်အဦးဟောင်းနေရာသို့ ရွှေ့ပြောင်း၍ မြေချပွဲပြုလုပ်လိုက်သည်။ လူထုပရိတ်သတ် တသိန်းခွဲမျှ လာရောက်အားပေးကြသည်။ ညပိုင်းတွင်လည်း အုတ်ဂူအနီးပတ်ဝန်းကျင်၌ လူပေါင်းနှစ်သောင်းသုံးသောင်းခန့် ဖြတ်သန်းသွားလာလှုပ်ရှား၍ ကာကွယ်စောင့်ရှောက်နေကြသည်။ ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း ယခင်ညများကဲ့သို့ ကျောင်းသားများနှင့် ရဟန်းသံဃာများ၏ တရားပွဲမှာ လူစည်ကားနေတုန်းပင်။ နေ့အချိန်၌လည်း တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ လူထုပရိတ်သတ် တသိန်းမျှ ဝင်ထွက်သွားလာလှုပ်ရှားနေကြသည်။ အသံချဲ့စက်နှင့် ခွပ်ဒေါင်းအလံပါရှိသော ကျောင်းသားများ၏ ဒေါ့ဂျစ်ကားများသည် ရန်ကုန်မြို့တွင်း မြို့နယ်အသီးသီးသို့လှည့်လည်သွားလာနေကြပြီး ပုံမှန်အလုပ်များကိုလုပ်ဆောင်နေကြသည်။ ပါတီယူနစ်ရုံးနှင့် အစိုးရရုံးဌာနများကို မည်သို့မျှအနှောင့်အယှက်မပေးသလို အစိုးရဘက်ကလည်း ထိုကားများကို အရေးယူခြင်းမတွေ့ရပေ။

ဒီဇင်ဘာ (၉) ရက်နေ့

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ဌာနချုပ်က၊ ရန်ကုန်မြို့ရှိ ပါတီဗဟိုကော်မီတီဝင်အားလုံးကို ညနေ (၆) နာရီအရောက် ဌာနချုပ်သို့သတင်းပို့ရန် ညွှန်ကြားလိုက်သည်။ ည (၇) နာရီတွင် အစည်းအဝေးစတင်သည်ဟု သိရှိရသည်။

ထိုအချိန်တွင် အမြောက်နှင့်သံချပ်ကာတပ်ရင်းများနှင့် ခြေလျင်တပ်ရင်း (၁၄) ရင်းကို ရန်ကုန်မြို့သို့ခေါ်ယူထားပြီးဖြစ်သည်။ ရန်ကုန်မြို့ပြင်တနေရာတွင် အဆင်သင့်နေရာယူခိုင်းထားပြီး အမိန့်ကိုစောင့်ခိုင်းထားသည်။

ညလုံးပေါက်ဆွေးနွေးခဲ့ကြသော ပါတီဗဟိုကော်မီတီ အစည်းအဝေးတွင်လည်း တညီတညွတ်တည်း သဘောတူညီမှု မရှိခဲ့ဟုဆိုသည်။ အများစုက စစ်တပ်အင်အားသုံး၍ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးကို ဦးတည်သည်။ တက္ကသိုလ်ဝင်းတံခါးတွေ၊ သံတိုင်တွေကို တင့်ကားနှင့်တိုက်ဖွင့်မလား၊ ကျည်ဆံသုံးမလား၊ လှံစွပ်သုံးမလား၊ ဆရာတွေကို

❑ တဖက်စာမျက်နှာ (၁၅) သို့ …

အမှန်တရားကို လိုလားကြကုန်သော အထက်တန်း၊ အလယ်တန်းနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ရုံးဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ အ လုပ်သမားများ စသည့် လူတန်းစားပေါင်းစုံ အလွှာပေါင်းစုံတို့သည် မြို့နယ်အသီးသီးမှ ဤနေရာတွင် လာရောက်စုဝေးဆုံဆည်းမိ ကြသည်။ မဆလအစိုးရ၏လုပ်ရပ်များကို မကျေနပ်သူတို့ ရင်ဖွင့်ရန်နေရာလည်း ဖြစ်နေတော့သည် …။

**ပျားအုံကိုတုတ်နှင့် ထိုးလျှင် ပတ်ဝန်း ကျင်ကို ပျံ့နှံ့သွားလိမ့်မည်ဟု ကြိုတင်တွက် ဆထားရမည်။ စုစည်းညီညွတ်နေသည့် အောင်ပွဲခံကာလတွင် ဒေါသကို စည်းကမ်းဘောင်နှင့် ထိန်းထားနိုင်သော်လည်း ကစဥ့်ကလျားဖြစ် ၍ တပ်ဆုတ်ရသည့်အခါတွင်မူ လူအုပ်စုဖြင့် ရမ်းကားလာတတ်သည်။**

စာမျက်နှာ (၁၄) ဦးသန့်ဆောင်းပါးမှ ...

ဘယ်လိုဖယ်ရှားမလဲ စသည်ဖြင့် အသေးစိတ်ဆွေးနွေးကြသည်။ လူနည်းစုကမူ အချိန်ဆွဲ၍ တက္ကသိုလ်ဝင်းအတွင်း အင်အားယုတ်လျော့သွားသောအခါမှ သေနတ်မပစ်ဖောက်ရဘဲ ဝင်ရောက်သိမ်းပိုက်သည့်ပုံစံကို တင်ပြကြသည်ဟုသိရှိရသည်။ နောက်ဆုံးညှိနှိုင်းမရသဖြင့် သဘောထားနှစ်ခုကို စာတမ်း (၂) ခုအဖြစ်ရေးသားပြုစု၍ နိုင်ငံတော်ကောင်စီအစည်းအဝေးတင်ပေးရန် သဘောတူညီကြသည်။

ဒီဇင်ဘာ (၁၀) ရက်နေ့
နံနက် (၆) နာရီ
နိုင်ငံတော်ကောင်စီအစည်းအဝေး

လွန်ခဲ့သည့် ည (၉၊ ၁၂၊ ၇၄) က ပါတီဌာနချုပ်တွင် ညလုံးပေါက်ဆွေးနွေးခဲ့ကြသည့်အခြေအနေကို ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးသောင်းကြည်က ရှင်းလင်းတင်ပြပြီး၊ ဝေငှထားသောစာတမ်း (၂) စောင်ကို ဖတ်ကြားတင်ပြမည်ဟု အစပျိုးလိုက်သည်။ ထိုအခါ နိုင်ငံတော်ကောင်စီအစည်းအဝေးသို့ အထူးဖိတ်ကြားသူအဖြစ် တက်ရောက်လာသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရတင်ဦး (ယခု အဲန်အယ်လ်ဒီ) က လူနည်းစုစာတမ်းကို ဦးစွာဖတ်ကြားပေးရန် ဗိုလ်မှူးကြီးသောင်းကြည်ကို မေတ္တာရပ်ခံခဲ့သည်။ စာတမ်းဖတ်ကြားပြီးသောအခါ ဗိုလ်ချုပ်ကြီးတင်ဦးကပင် ဤစာတမ်းကို မိမိထောက်ခံကြောင်း၊ ပြည်သူလူထုဆူပူမှုဖြစ်တိုင်း တပ်မတော်က ပစ်ခတ်နှိမ်နင်းနေလျှင် ဘယ်သောအခါမှ ပြည်သူ့တပ်မတော်ဖြစ်မည်မဟုတ်ကြောင်း၊ ယခုတကြိမ်အင်အားသုံးရလျှင် လူ့အသက်ပေါင်းများစွာ သေကြေဆုံးရှုံးရလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသွားသည်။ အခြားနိုင်ငံတော်ကောင်စီဝင်အားလုံးကပါ ထောက်ခံသဖြင့် ကျန်စာတမ်းတခုကိုမဖတ်ကြားတော့ဘဲ လူနည်းစုစာတမ်းကိုသာ နိုင်ငံတောင်ကောင်စီက အတည်ပြုလိုက်လေသည်။

(၉)

ဦးသန့်အရေးအခင်းနှင့် မူဝါဒပိုင်းဆိုင်ရာကိစ္စတို့မှာ ဤမျှသာဖြစ်သည်။ သို့သော် လုပ်ငန်းအကောင်အထည်ဖော်မှုအပိုင်းတွင် ချွတ်ချော် လွဲမှားမှုရှိပါက ဦးတည်ချက်ရည်မှန်းချက်ကို ထိခိုက်ပျက်ပြားတတ်သည်။ လူထုလှုပ်ရှားမှုတိုက်ပွဲကို ရက်ရှည်ဆွဲ၍တိုက်ခြင်း၊ တိုက်ပွဲကို အလျော့အတင်းသဘောမျိုး “အရှင်”မထားဘဲ၊ တသမတ်တည်း သူသေကိုယ်သေတိုက်ခိုက်ခြင်းတို့သည် မှားယွင်းသည့် သင်ခန်းစာအဖြစ် မှတ်ယူသင့်သည်။ တိုက်ပွဲအီလာလျှင် အကြမ်းဖက်ဆူပူလိုသူများ ပါဝင်လာနိုင်သည်။ အရေးအခင်းတခုဖြစ်မှု ကြာလာလျှင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ကုန်စည်စီးဆင်းမှုက ကမောက်ကမဖြစ်တတ်သည်။ တင်းမာမှု အထွဋ်အထိပ်သို့ရောက်ပြီးလျှင် ပြန်ကျရမည်မှာ ဓမ္မတာဟု လူထုခေါင်းဆောင်များ သတိချပ်သင့်သည်။

တက္ကသိုလ်နယ်မြေတွင် လူအင်အားလျော့ပါးလာလေပြီ။ ဦးသန့်၏အုတ်ဂူကို အခိုင်အခန့်လုပ်ရန်ကြိုးစားခြင်းသည် မှန်ကန်ပါ၏လော။ ကျောင်းသားအချို့နှင့် ရဟန်းသံဃာအချို့ စုစုပေါင်းအင်အား (၃၀၀၀) မျှတို့သည် မြို့တွင်းသို့ စီတန်းလှည့်လည်ရန်ကြံစည်သည်။ ကြိုးစားသည်။ ပျက်ပြားသွားသည်။ ဤသို့ လုပ်သင့်ပါသလော။

ဒီဇင်ဘာ (၁၀) ရက်နေ့

ည (၁၁) နာရီခန့်တွင် တက္ကသိုလ်နယ်မြေကို ဝင်ရောက်ရှင်းလင်းသည်။ ဦးသန့်ရုပ်အလောင်းကို ကန်တော်မင်ပန်းခြံသို့ ရွှေ့ပြောင်းလိုက်သည်။ သွေးထွက်သံယိုမှုမရှိ၊ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုနှင့် အဖမ်းအဆီးများသာရှိသည်ဟု အာဏာပိုင်တို့ကဆိုသည်။ အပြင်လောကသတင်းများတွင်မူ လက်ပစ်ဗုံးနှင့်ပစ်သည်။ လှံစွပ်နှင့်ထိုးသည်ဟု ပြောနေကြသည်။ ဤကိစ္စမှာ စုံစမ်းရေးကော်မရှင်တခုဖွဲ့၍ ဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံတွင် တိကျမှန်ကန်သည့်သမိုင်းမှတ်တမ်း မကျန်ခဲ့အောင်ပြုလုပ်သည့်အကျင့်ဆိုးရှိသည်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇) ရက်အရေးအခင်းတုန်းကလည်း ကျောင်းသားဘယ်နှစ်ယောက်သေသည်။ ဘယ်သူတွေသေသည်ကို အစိုးရက သတင်းမထုတ်ပြန်ခဲ့ပေ။ (၁၉၈၈) ခုနှစ်အရေးအခင်းတွင်မှ ထိုစဉ်က သေဆုံးသည့် ကျောင်းသားစာရင်းကို အမည်နှင့်တကွ စာစောင်တခုကထုတ်ဖော်ရေးသားလိုက်သည်။

ပျားအုံကိုတုတ်နှင့်ထိုးလျှင် ပတ်ဝန်းကျင်ကို ပျံ့နှံ့သွားလိမ့်မည်ဟု ကြိုတင်တွက်ဆထားရမည်။ စုစည်းညီညွတ်နေသည့် အောင်ပွဲခံကာလတွင် ဒေါသကို စည်းကမ်းဘောင်နှင့် ထိန်းထားနိုင်သော်လည်း ကစဥ့်ကလျားဖြစ်၍ တပ်ဆုတ်ရသည့်အခါတွင်မူ လူအုပ်စုဖြင့် ရမ်းကားလာတတ်သည်။

ဆူပူလှုပ်ရှားမှုများ မြို့တွင်းနေရာအချို့တွင် ပေါ်ပေါက်လာလေပြီ။ မော်တော်ကားအချို့ကို မီးတင်ရှို့ကြသည်။ ပါတီယူနစ်ရုံး၊ ပြည်သူ့ကောင်စီရုံး၊ ရုပ်ရှင်ရုံ စသည်တို့ကို ဖျက်ဆီးမီးရှို့ကြသည်။ အချို့နေရာများတွင် ပစ်ခတ်သံများပင်ကြားလိုက်သည်။ နိုင်ငံတော်ကောင်စီမှ အရေးပေါ်အခြေအနေကို ကြေညာလိုက်သည်။ တပ်မတော်ကွယ်ရေးဦးစီးချုပ်ကို တာဝန်ပေးလိုက်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးကို အာဏာလွှဲအပ်ပြီး စစ်အုပ်ချုပ်ရေးဝင်လာတော့သည်။ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်လိုက်သည်။ ညနေပိုင်းမှစ၍ ငြိမ်သက်သလိုရှိလာသည်။

ဒီဇင်ဘာ (၁၂) ရက်နေ့

မီးရထားစက်ခေါင်းတခုလုံး မီးရှို့ခံလိုက်ရသည်။ စစ်အုပ်ချုပ်ရေးအာဏာပိုင်များက စစ်ခုံရုံးဖွဲ့၍ ဆူပူအကြမ်းဖက်သူများကို (၃) နှစ်မှ (၅) နှစ်အထိ ထောင်ဒဏ်ချပစ်လိုက်သည်။ မြို့တွင်း၌ လိုက်လံကြည့်ရှုနေသူများကို မြို့နယ်ကောင်စီများက အသံချဲ့စက်ဖြင့် လိုက်လံသတိပေးနေသည်။ အချို့လမ်းများကို ပိတ်ထားလိုက်သည်။ ထိုကာလအတွင်း သေဆုံးသူ (၉) ဦးနှင့် ဒဏ်ရာရသူ (၇၄) ဦးရှိသည်။

ဒီဇင်ဘာ (၁၃) ရက်နေ့

ဈေးများပြန်လည်စည်ကားစပြုလာသည်။ နှောင့်ယှက်ဖျက်ဆီးသူများမှာ ကုလားဒိန်များ အများဆုံးပြုလုပ်လာသည်ဟု ယူဆသဖြင့် စစ်အုပ်ချုပ်ရေးက ကုလားဒိန်စစ်ဆင်ရေးကို ပြုလုပ်လာသည်။ ဆံပင်ရှည်ထားသူများကိုဖမ်း၍ ဆံပင်ဖြတ်ပစ်သည်။

ဒီဇင်ဘာ (၁၄) ရက်နေ့

စစ်အုပ်ချုပ်ရေးက ကုလားဒိန်စစ်ဆင်ရေးနှင့် ဆံပင်ရှည်စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်နေသည်။ ချောက်အလုပ်သမားများနှင့် မန္တလေးရဟန်းသံဃာများ စတင်လှုပ်ရှားလာသော်လည်း နောက်ထပ်အခြေအနေမတိုးတက်လာပေ။ ရန်ကုန်မြို့တွင်လည်း ဂိုလျှော်ဂိုဒေါင်တလုံး မီးလောင်ခံရသည်မှလွဲ၍ အခြေအနေတည်ငြိမ်တိုးတက်မှုရှိလာသည်။

ဤသို့ဖြင့် နောက်ရက်များတွင်လည်း တနိုင်ငံလုံး၏အခြေအနေသည် တဖြည်းဖြည်း တစ တစ ငြိမ်သက်လာသည်။ အေးချမ်းလာသည်။ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာတော့သည်။

ကျနော်သိသော ဦးသန့်အရေးအခင်းမှ တစိတ်တပိုင်းကို မှတ်မိသ၍ ပြန်လည်ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။ ကျနော့်ထက်ပိုသိသူများလည်း ရှိနိုင်ပေသည်။ ကျနော့်လောက် မသိသူများအဖို့မှာမူ အထိုက်အလျောက်တန်ဖိုးရှိလိမ့်မည်ဟု ယုံကြည်မိပါသည်။

မည်သို့ပင်ဖြစ်စေ သမိုင်းဖြစ်ရပ်မှန်ဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ထိတွေ့သူများက မိမိတို့အတွေ့အကြုံများကို မှန်မှန်ကန်ကန်ရေးသားကြဖို့လိုပါမည်။ ရေးသားခွင့်လည်း ရှိရပါမည်။ အားလုံးကို ပေါင်းရုံးစုစည်းလိုက်မှသာ ပြည့်စုံသောမှတ်တမ်းကောင်းတခုဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် “ဦးသန့်အရေးအခင်း”ဟူသော ပြည့်စုံသည့်မှတ်တမ်းတခုကိုပြုစုရာတွင် အထောက်အကူရရှိစေရန်အတွက် “ကျနော်သိသော ဦးသန့်အရေးအခင်း”ကို ကျေးဇူးပြုလိုက်ရပေသည်။ ❖

## မေဒေးနေ့ အခမ်းအနားတက်ရောက်သူများအား နှစ်ရှည်ထောင်ဒဏ်ချမှတ်၊ အမေရိကန်အလုပ်သမားသမဂ္ဂအဖွဲ့ကြီးမှ ဝေဖန်ပြစ်တင်

စက်တင်ဘာ (၁၅)

မေလ (၁) ရက်နေ့က ရန်ကုန်မြို့ အမေရိကန်စင်တာတွင်ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲမှအပြန်တွင် အဖမ်းခံခဲ့ရသူ (၆) ဦးအား စက်တင်ဘာ (၇) ရက်နေ့က အနည်းဆုံး ထောင်ဒဏ် နှစ် (၂၀) မှ အများဆုံး (၂၈) နှစ်အထိ အသီးသီးချမှတ်လိုက်သည်ဟု သိရရှိရသည်။

ကိုသူရိန်အောင်၊ ကိုဝေလင်း၊ ကိုမျိုးမင်းနှင့်ကိုကျော်မင်းတို့အား ဒဏ်ငွေတထောင်ကျပ်နှင့် မတရားစဲ့ဆိုသည့်ပစ်မှုသုံးမှုပေါင်းအတွက် စုစုပေါင်းထောင်ဒဏ် (၂၈) နှစ်ကျခံစေခဲ့ခြင်းဖြစ်သည်။ ထောင်ဒဏ်အနှစ် (၂၀) စီရင်သည့်စွဲဆိုမှုမှာ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေသည့်ပုဒ်မ ၁၂၄ (က) ဟူ၍ဖြစ်ပြီး မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ (၁) အရ ထောင်ဒဏ် (၅)နှစ်၊ လဝကဥပဒေ ၁၃ (၁) အရ (၃) နှစ် စုစုပေါင်း (၂၈) နှစ်ဟူ၍ဖြစ်သည်။

ကျန်နှစ်ဦးဖြစ်သည့် ကိုကျော်ကျော်နှင့် ကိုညီညီဇော်တို့အား ပုဒ် ၁၂၄ (က) အရ ထောင်ဒဏ် အနှစ် (၂၀) နှင့် ဒဏ်ငွေကျပ် (၁၀၀၀) တို့ကို ချမှတ်လိုက်ကြောင်း ထိုအမှုနှင့်ပတ်သက်၍ဆောင်ရွက်ခဲ့ဖူးသူ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်း၏ပြောပြချက်အရ သိရှိရသည်။

“အကြည်ညိုပျက်စေတဲ့ပုဒ်မလို့ပြောလို့ရှိရင်လည်း ဥပဒေနဲ့တည်ထောင်ထားတဲ့ အစိုးရကို အမုန်းထားအောင်၊ မလေးစားအောင်ပေ့ါနော် အားထုတ်တယ်။ မေတ္တာပျက်အောင်လှုံ့ဆော်တယ်။ အဲဒီလိုအချက်တွေနဲ့ ညီမှသာလျှင် အကြည်ညိုပျက်စေအောင်အားထုတ်တယ်လို့ ပုဒ်မနဲ့ အရေးယူလို့ရတာပေ့ါနော်။ အဲဒီလို အမုန်းထားအောင် မလေးစားအောင်၊ အကြည်ညိုပျက်အောင် အားထုတ်မှု မရှိဘူး။ ဥပဒေသဘောအရ ပြုပြင်ပြောင်းလဲစေတဲ့နည်းကို ရည်ညွှန်းတယ်။ အစိုးရရဲ့ဆောင်ရွက်မှုကို သဘောမကျဘူးဆိုတာ ဖော်ထုတ်ခွင့်ရှိတယ်။ အဲဒီလိုဖော်ထုတ်တာဟာ ပစ်မှုမမြောက်ဘူးဆိုတာ ရှင်းလင်းချက် (၂) မှာ ပြဋ္ဌာန်းထားတာရှိတယ်၊ နောက်တခါ အစိုးရရဲ့အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုတွေကို သဘောမကျဘူးလို့ထုတ်ဖော်ခြင်းဟာလည်း ပစ်မှုမမြောက်ဘူးလို့ ပြဋ္ဌာန်းချက်ရှိတယ်”ဟု ဦးအောင်သိန်းမှ ဆက်လက်ရှင်းလင်းပြခဲ့သည်။

ဤလုပ်ရပ်နှင့်ပတ်သက်၍ ဂျနီဗာအခြေစိုက် ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီးက စစ်အစိုးရအား ပြစ်တင်ဝေဖန်လိုက်ပြီး အမေရိကန်အခြေစိုက် အင်အားအကြီးဆုံးဖြစ်သော AFLCIO အလုပ်သမားသမဂ္ဂအဖွဲ့ကြီးကလည်း နအဖစစ်အုပ်စုထံသို့ ပြစ်တင်ဝေဖန်စာကို ဖက်စ်မေးလ်မှတဆင့် စက်တင်ဘာလ (၁၂) ရက်နေ့နေ့စွဲနှင့်ပေးပို့လိုက်သည်ဟု သိရသည်။

AFLCIO ခေါ် အလုပ်သမားပေါင်း (၁၀) သန်းနီးပါးပါဝင်သည့် အမေရိကန်အလုပ်သမားသမဂ္ဂအဖွဲ့ကြီးကိုယ်စား ဥက္ကဋ္ဌဖြစ်သူ ဂျွန်ဆွီနီ (John Sweeny) က မြန်မာစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြစ်တင်ဝေဖန်စာပေးပို့ခဲ့ပြီး နှစ်ရှည်လများထောင်ဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်ပေးပြီး အဖမ်းခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ယခုလိုလုပ်လိုက်ခြင်းသည် မြန်မာစစ်အစိုးရအနေဖြင့် လက်မှတ်ရေးထိုးထားသည့် အိုင်အယ်လ်အို (ILO) စာချုပ်အပါအဝင် နိုင်ငံတကာ အလုပ်သမားအခွင့်အရေးစံနှုန်းများကို ချိုးဖောက်ရာရောက်သည်ဟု အမေရိကန်အလုပ်သမားသမဂ္ဂအဖွဲ့ကြီးက ထောက်ပြထားခဲ့သည်။

မြန်မာစစ်အစိုးရအနေနှင့် မကြာသေးမီက ပြည်တွင်းတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးကြိုးပမ်းမှုအဖြစ် ကမ္ဘာ့အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) နှင့် နောက်ဆက်တွဲသဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။
❖

## နိုင်ငံရေးအကျဉ်းသားများနှင့်တွေ့ခွင့်ရရေး အမေရိကန်တောင်းဆို

စက်တင်ဘာ (၁၂)၊ အေအက်ဖ်ပီ

ပြီးခဲ့သည့်ဆန္ဒပြပွဲများအတွင်း ရက်ရက်စက်စက်ရိုက်နှက်ဖမ်းဆီးခံရသူများကို နိုင်ငံတကာ နှင့်တွေ့ခွင့်ပေးရန် အမေရိကန်ပြည်ထောင်စုကတောင်းဆိုလိုက်သည်။

“သူတို့တွေ ကောင်းကောင်းမွန်မွန်ရှိ၊ မရှိ ကျနော်တို့စိုးရိမ်နေပါတယ်”ဟု ဆန္ဒပြပွဲများအတွင်း အဖမ်းခံခဲ့ရသူတို့၏အခြေအနေအပေါ်စိုးရိမ်ကြောင်း အမေရိကန်အစိုးရပြောခွင့်ရပုဂ္ဂိုလ် ရှောင်မက်မက္ကမက် (Sean McCormack) ကပြောသည်။

ဆက်လက်၍ အဖမ်းခံထားရသူများကို စစ်အစိုးရလက်ကိုင်ဒုတ်များက ရက်ရက်စက်စက်ရိုက်နှက်ခဲ့သည့်သတင်းကို အမေရိကန်အစိုးရကရရှိထားသည်ဟုလည်း မက္ကမက်ကဆိုသည်။ အမေရိကန်အစိုးရတောင်းဆိုချက်တွင် ဥပဒေမဲ့ဖမ်းဆီးခံထားရသူများအား နိုင်ငံတကာကြက်ခြေနီအဖွဲ့အပါအဝင် နိုင်ငံတကာလူသားချင်းစာနာမှုကူညီရေးအဖွဲ့အစည်းများနှင့် တွေ့ခွင့်ပေးရန်လည်းပါဝင်သည်။ ❖

# ရဟန်းရှင်လူ ပြည်သူလူထုတို့ သပိတ်တိုက်ပွဲအား ထောက်ခံဆန္ဒပြပွဲများနိုင်ငံအနှံ့ ကျင်းပ



တောင်းကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ထောက်ခံဆန္ဒပြပွဲ

နိုင်ငံတကာသို့ ရောက်ရှိနေသည့် မြန်မာလူမျိုးများသည် မိမိတို့တိုင်းပြည်အတွင်းက ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက်လည်းကောင်း၊ သာသနာတော်အတွက်လည်းကောင်း သက်စွန့်ဆံဖျားတိုက်ပွဲဝင်နေကြသည့် လက်နက်မဲ့ပြည်သူများနှင့် ရဟန်းသံ



သာသနာ့အလံကိုဝေ့ယမ်း၍ ဘုန်းတော်ကြီးတပါးမှ ထောက်ခံနေစဉ်

ဃာတော်များအတွက် အန္တရာယ်ကင်းဆုတောင်းပွဲများနှင့် ထောက်ခံဆန္ဒပြပွဲများကို ကျင်းပလျက်ရှိကြသည်။

မြန်မာ့အိမ်နီးချင်းတနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် စက်တင်ဘာ (၂၈) ရက်များက မြန်မာလူမျိုးများနှင့် ထိုင်းနိုင်ငံသား (၇၀၀) ခန့်တို့သည် ထိုင်းနိုင်ငံမြန်မာသံရုံးရှေ့တွင် သွားရောက်ကန့်ကွက် ဆန္ဒပြ ပွဲကျင်းပခဲ့ကြသည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ဦးကျော်သောင်းက “ဒီနေ့ဒီအချိန်မှာ သံဃာတော်တွေကိုသတ်နေတဲ့ စစ်သားတွေဟာ သတ်ဖို့အမိန့်ပေးနေတဲ့သူတွေဆီကို သေနတ်ပြောင်းဝလှည့်ဖို့ ကျနော်တောင်းဆိုပါတယ်” ဟု ပြောလိုက်သည်။ အလုပ်သမားတဦးကလည်း “ပြည်တွင်းမှာ ပြည်သူတွေကို ဒီလိုမျိုးအကြမ်းဖက်တာ၊ သံဃာတော်တွေကို အကြမ်းဖက်နှိမ်နင်းတာကြောင့် အလုပ်သမားတွေစိတ်ပါဝင်စားလာပြီး ပါဝင်လာတာဖြစ်ပါတယ်”ဟု ပြောခဲ့သည်။

ထိုင်းနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာပြည်တွင်းရှိ သံဃာတော်များ သွေးမြေကျရမှုအတွက် ကန့်ကွက်ဆန္ဒပြသည့် ထိုင်းသံဃာတော်များသည် ဘန်ကောက်သံရုံးရှေ့မှ ဆန္ဒပြသူများနှင့် လာရောက်ပူးပေါင်းခဲ့ကြရာ (၁၉၉၉) နောက်ပိုင်း မြန်မာ့အရေးနှင့်ပတ်သက်သည့် ထိုင်းမြေပေါ်မှ အကြီးမားဆုံးဆန္ဒပြပွဲဖြစ်ခဲ့သည့်တိုင် ထိုင်းရဲများက နှောင့်ယှက်ဟန့်တားမှုတစုံတရာမရှိခဲ့ပေ။

အခြား ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင်လည်း မြို့တော်တိုကျို၏ မြန်မာသံရုံးရှေ့တွင် ဂျပန်ဘုန်းတော်ကြီးများက မြန်မာစစ်အုပ်စု၏လုပ်ရပ်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

(၂၇) ရက်နေ့က ထိုင်း မြန်မာနယ်စပ်မဲဆောက်မြို့ရှိ နယ်စပ်တတားတွင် အလုပ်သမားများ၊ ကျောင်းသားကျောင်းသူများနှင့် နိုင်ငံရေးပါတီအချို့မှ ပါတီဝင်များသည် အလင်းတိုင်များထွန်းညှိလျက် မြန်မာပြည်ဘက်မျက်နှာမူကာ အန္တရာယ်ကင်းမေတ္တာပို့ဆုတောင်းစာများကို သံပြိုင်ရွတ်ဆိုခဲ့ကြသည်။ မယ်တော်ဆေးခန်းတွင်လည်း မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲကို (၂၈) ရက်နေ့နံနက်တွင်ကျင်းပခဲ့သည်။

အလားတူ အကြမ်းဖက်သမားအုပ်စုနအဖအားကန့်ကွက်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြနေသည့် မြန်မာပြည်ရှိ ရဟန်းရှင်လူတို့အားထောက်ခံပွဲ၊ အန္တရာယ်ကင်းဝတ်ပြုဆုတောင်းပွဲများကို စင်္ကာပူ၊ မလေးရှား၊ ဩစတေးလျား၊ အမေရိကန် စသည့် ကမ္ဘာ့ဒေသအနှံ့အပြားတွင် ကျင်းပလျက်ရှိကြသည်။ ❖


မလေးရှားနိုင်ငံရှိ ထောက်ခံအားပေးသူလူထု

# လူထုအခက်အခဲအကြပ်အတည်းများကိုဖြေရှင်းပေးသည့် သံဃာထုဦးဆောင်မှုအောက်တွင် တိုင်းရင်းသားနှင့် နိုင်ငံရေးပါတီခေါင်းဆောင် များလည်းပါဝင်


တိုင်းရင်းသားနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များလည်း ဆန္ဒပြပွဲတွင် တခဲနက်ပါဝင်

စက်တင်ဘာ (၂၄)

မြန်မာနိုင်ငံတဝှမ်းဖြစ်ပေါ်နေသော ရဟန်းသံဃာနှင့်ပြည်သူလူထုတို့၏ လှုပ်ရှားတောင်းဆိုနေမှုများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်းထောက်ခံ၍ ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဆယ်ကျော်နှင့် ပြည်နယ်နှင့် တိုင်းဗဟိုကော်မတီဝင် သုံးရာကျော်တို့မှလည်း အဲန်အယ်လ်ဒီအလံကိုကိုင်ဆောင်၍ သံဃာထုနှင့်အတူ ပူးပေါင်းချီတက်ခဲ့ကြသည်။

ထို့ပြင် သံဃာတော်များ၏ တောင်းဆိုမှုကို တိုင်းရင်းသားနိုင်ငံရေးပါတီခေါင်းဆောင်များကလည်းထောက်ခံလိုက်ပြီး ရန်ကုန်မြို့တွင် သံဃာတော်များနှင့် တိုင်းရင်းသားလူမျိုးများ၊ တိုင်းရင်းသားပါတီများ ကိုယ်စား ပူးပေါင်းပါဝင်ချီတက်ခဲ့ကြသည်။ အခြားတိုင်းရင်းသား အဖွဲ့အစည်းများကိုလည်း သံဃာတော်များအရေးကို ထောက်ခံပေးကြပါရန် တိုက်တွန်းထားကြောင်းသိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များဖြစ်သော ဦးအေးသာအောင်၊ ဦးသာဘန်း၊ ဦးကျင်ရှင်းထန်၊ ဦးထောင်ကိုထန်း၊ ဦးကမ်းလျုံ ဦးကျော်မြင့်နှင့် ဒေါက်တာအောင်တင်ဦးစသည့် တိုင်းရင်းသားခေါင်းဆောင်များသည် သံဃာတော်များနှင့်အတူ ချီတက်ခဲ့ကြသည့် တိုင်းရင်းသားလူငယ် (၂၀) ကျော်လည်း ပါဝင်ခဲ့သည်ဟုသိရသည်။

ဆန္ဒပြပွဲတွင်ပါဝင်ခဲ့ပြီး (၂၇) ရက်နေ့ ညသန်းခေါင်ကျော်တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏နေအိမ်များသို့ ဝင်ရောက်ရှာဖွေမွှေနှောက်ခဲ့ပြီး နံနက်အာရုဏ်မတက်ချိန်တွင် အာဏာပိုင်တို့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ❖

# ပြည်သူချစ်သောအနုပညာရှင်များ သံဃာထု၏ကံဆောင်သပိတ်မှောက်မှုကိုထောက်ခံ ပြည်သူလူထုနှင့်အတူ ဆန္ဒပြပွဲတွင်တခဲနက်ထောက်ခံပူးပေါင်းပါဝင်


လူထုလှုပ်ရှားမှုတွင် ပါဝင်လာသည့် စာပေနှင့်အနုပညာရှင်များ

စက်တင်ဘာ (၂၄)

သံဃာတော်များ၏ အကြမ်းမဖက်ဆန္ဒပြတောင်းဆိုပွဲများတွင် အနုပညာရှင်များလည်း ပါဝင်ထောက်ခံလာခဲ့ပြီဖြစ်ကြောင်း အနုပညာရှင်တဦးက ပြောဆိုလိုက်သည်။

အနုပညာရှင်များဆိုသည်မှာ ပြည်သူကျွေးသည်ကိုစားနေရသူများဖြစ်သည့်အတွက် ပြည်သူကိုကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ဆရာတော်၊ သံဃာတော်များသည် မည်သည့်အစိုးရတက်တက် ဆွမ်းတနပ်ပဲစားရကြောင်း၊ ဤသို့ဆွမ်းတနပ်သာစားရသည့် သံဃာတော်များပင်လျှင် မိမိတို့နိုင်ငံကောင်းကျိုးအတွက် ရှေ့ဆောင်လမ်းပြလုပ်နေချိန်တွင် မိမိတို့အနုပညာရှင်များက ငြိမ်သက်နေမည်ဆိုလျှင် အင်မတန်ရှက်ဖို့ကောင်းကြောင်း ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာကိုကျော်သူက ပြောဆိုခဲ့သည်။

စာရေးဆရာမ သန်းမြင့်အောင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံရေးလုပ်နေတာမဟုတ်ပဲ လူမှုရေးလုပ်နေခြင်းသာဖြစ်ကြောင်း၊ တရားဒေသနာတော်များဖြင့် ပြည်သူများကို မေတ္တာပို့ပြီး တိုင်းပြည်အေးချမ်းအောင်လုပ်ဆောင်နေသည့် ဆရာတော်၊ သံဃာတော်များနှင့်အတူ ပြည်သူတရပ်လုံး ပူးပေါင်းပါဝင်စေချင်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သည့် တပ်မတော်သားများ၊ ကြံ့ဖွံ့နှင့် စွမ်းအားရှင်များသည်လည်း သံဃာတော်များ၏ဦးဆောင်မှုနောက်မှ လိုက်ပါကုသိုလ်ယူသင့်ကြောင်း ပြောဆိုခဲ့သည်။

ယခုအချိန်တွင် သံဃာတော်တို့၏ မေတ္တာရပ်ခံချက်ကို ပြည်သူလူထုကနာခံလိုက်နာ၍ စည်းကမ်းရှိညီညွတ်ပြီး အားလုံးငြိမ်းငြိမ်းချမ်းချမ်းရှိကြောင်း ကဗျာဆရာအောင်ဝေးက ပြောဆိုခဲ့သည်။

၈၈ အရေးအခင်းနှင့်မတူသော ထောင်နှင့်ချီသည့် ရဟန်းသံဃာများနှင့်ပြည်သူများ ယခုကဲ့သို့ အေးချမ်းစွာဆန္ဒဖော်ထုတ်ခြင်းသည် ဒီမိုကရေစီသို့ ဦးတည်နေခြင်းဖြစ်ပြီး မိမိတို့သည်လည်း ပြည်သူထဲကပြည်သူဖြစ်၍ သံဃာထုနှင့်တသွေးတသားတည်းရှိ၍ ပြည်သူနှင့်သံဃာတော်တို့၏ခံစားမှုများသည် မိမိတို့ခံစားမှုဖြစ်သည်ဟု အဆိုတော် ဆောင်ဦးလှိုင်က ပြောဆိုခဲ့သည်။

စာပေအနုပညာရှင်များက ဆန္ဒပြသံဃာတော်များကို ရွှေတိဂုံဘုရားတွင် ဆွမ်းကပ်လှူခဲ့ပြီး နာမည်ကြီး စာရေးဆရာမများတွင် သန်းမြင့်အောင်၊ မသီတာ (စမ်းချောင်း)၊ ဇော်သက်ထွေး၊ စိုးဝင်းငြိမ်းအပါအဝင် စာရေးဆရာအဖွဲ့မှ အင်အား (၁၀၀) ကျော်သည်လည်းကောင်း၊ ကာတွန်းဆရာ အော်ပီကျယ်၊ အဆိုတော်စံလင်း၊ တေးရေးဆရာ ကိုရဲလွင်၊ မြင့်မိုးအောင် စသည့် တေးရေးတေးဆို ဂီတသမားများ (၇၀) ကျော်သည်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် ကျော်သူ၊ ဇာဂနာ၊ ပိုးဖြူ၊ ကုသိုလ်၊ ညောင်ညောင်၊ ကိုလူချောစသည့် ရုပ်ရှင်သမားများသည်လည်းကောင်း အနုပညာရှင်အင်အား (၂၀၀) ကျော်နှင့် ကဗျာဆရာအောင်ဝေးတို့လည်း သံဃာထုနှင့် အတူရှိခဲ့သည်ဟုသိရသည်။

စာပေအနုပညာရှင်များမှ မြန်မာနိုင်ငံသံဃာ့တပ်ပေါင်းစု၏ ကြေညာချက်အားထောက်ခံချက် (၄) ချက်ပါရှိသည့် ကြေညာချက်တစောင်ကိုလည်း ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ ❖

# ကြံ့ဖွံ့ အသင်းဦးဆောင်၍ကျင်းပရန်စီစဉ်နေသော အမျိုးသားညီလာခံထောက်ခံပွဲများ လူထုသပိတ်ကြောင့် အချိန်အကန့်အသတ်မရှိ ရက်ရွှေ့ဆိုင်း

စစ်အစိုးရမှ ဆယ်စုနှစ်တခုကျော်ကြာအောင် အချိန်ဆွဲကျင်းပခဲ့သော နအဖ၏ ညောင်နှစ်ပင်ညီလာခံမှ အပြီးသတ်အတည်ပြု၍ ပြီးစီးသွားသော ဆုံးဖြတ်ချက်များကို ထောက်ခံသည့် လူထုစည်းဝေးပွဲများ မြန်မာပြည်အနှံ့ပြုလုပ်သွားရန် ကြံ့ဖွံ့အသင်းကဦးဆောင်စီစဉ်လျက်ရှိသည်။



နအဖ၏ အတုအယောင်အမျိုးသားညီလာခံ ထောက်ခံပွဲများကျင်းပရန်စီစဉ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းအတွင်း စက်တင်ဘာ (၁၅) ရက်တွင်လည်းကောင်း၊ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ဘောလုံးကွင်း၌ စက်တင်ဘာ (၂၇) တွင်လည်းကောင်း မယက၊ ယယကများက ဖိအားပေးစီစဉ်လျက်ရှိကြောင်းကို ဒေသခံပြည်သူများကပြောပြခဲ့ကြသည်။ ပြည်ခိုင်ဖြိုး၊ အမျိုးသမီးရေးရာအဖွဲ့များ၊ နယ်စပ်ကုန်သည်ကြီးများအသင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပင်လျှင် ထောင်ဂဏန်းရှိနေပြီဖြစ်ကြောင်း မူဆယ်မြို့သားတဦးက ပြောပြခဲ့သည်။

အမျိုးသားညီလာခံထောက်ခံကြိုဆိုပွဲများကို မြန်မာတနိုင်ငံလုံးရှိ ခရိုင်နှင့်မြို့ကြီးများတွင်ပြုလုပ်သွားရန်ရှိပြီး တိုင်းနှင့်ပြည်နယ်အလိုက် ကိုယ်စားလှယ်များဖြင့် ကြပ်ပြေးနေပြည်တော်တွင် အောက်တိုဘာလအတွင်းပြုလုပ်သွားရန်ရှိသည်ဟုလည်း သိရသည်။

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူများကမူ ၎င်းတို့စိတ်ကြိုက်ရေးဆွဲထား၍ ချမှတ်လိုက်သောအခြေခံမူများသည် စစ်တပ်ကအချိန်မရွေး ဝင်ရောက်စွက်ဖက်ရန် ဥပဒေအရလမ်းကြောင်းဖွင့်ပေးထားသောကြောင့် ပြည်သူလူထု၏သဘောထားဆန္ဒကိုကိုယ်စားမပြုသည့် အတုအယောင်မူများသာဖြစ်ကြောင်း သတ်မှတ်ကြသည်။

ယနေ့လက်ရှိအနေအထားအရ စက်တင်ဘာ (၂၁) ရက်နေ့တွင် မြစ်ကြီးနား၊ ပဲခူး၊ မူဆယ်မြို့များတွင် ကျင်းပရန်စီစဉ်ထားသည့် ညီလာခံထောက်ခံပွဲများမှာ သံဃာတော်များဦးဆောင်သည့် ပြည်လုံးကျွတ်နီးပါးဆန္ဒပြပွဲများကြောင့် စက်တင်ဘာ (၂၇) ရက်သို့ပြောင်းရွှေ့ထားရကြောင်းနှင့် ထိုရက်သည်လည်း သေချာခြင်းမရှိဘဲ ရက်အကန့်အသတ်မရှိထပ်မံရွှေ့ဆိုင်းလိုက်သည်။ ပဲခူးမြို့တွင်မူ အောက်တိုဘာလ (၂) ရက်နေ့တွင်ကျင်းပမည်ဟု သတင်းဖြစ်နေသော်လည်း အတည်ပြုချက်ရယူနိုင်ခြင်းမရှိသေးပေ။ ❖

# နအဖစစ်တပ်မှ စစ်သားသစ်စုဆောင်းမှုများ နေရာအနှံ့ အတင်းအဓမ္မလုပ်ဆောင်နေ


နအဖစစ်တပ်တွင် စစ်သားကလေးများအဖြစ်တွေ့မြင်ရသည့်ကျောင်းနေအရွယ်ကလေးများ

ပဲခူးတိုင်း၊ ပြည်ခရိုင်အတွင်းရှိ ရွှေတောင်မြို့နယ်နှင့်ကျေးရွာများတွင် မြို့နယ်မယကအမိန့်ဟုဆိုကာ သက်ဆိုင်ရာ ရပ်ရွာရယကများက ဒေသခံပြည်သူများထံမှ အဓမ္မငွေကြေးကောက်ခံနေသည်ဟုသိရသည်။

ယင်းစီမံချက်ကို စက်တင်ဘာ (၁) ရက်နေ့တွင်စတင်ခဲ့ပြီး ကျေးရွာအုပ်စုအလိုက် စစ်သားသစ်ဝယ်ယူစုဆောင်းရန် မယကအမိန့်ဖြင့် ကောက်ခဲ့ခြင်းဖြစ်သည်။

ဒေသခံတဦး၏အဆိုအရ အိမ်ထောင်စုတခုလျှင် (၁၅၀၀) ကျပ်မှာ (၃၀၀၀) အထိကောက်ခံပြီး မပေးနိုင်သည့်အိမ်ထောင်စုများအား စစ်တပ်ကပေါ်တာဆွဲသည်ဖြစ်ဖြစ်၊ လာရောက်မေးမြန်းအရေးယူသည်ဖြစ်ဖြစ်၊ တာဝန်မယူနိုင်ဟု ရယကအဖွဲ့များက ခြိမ်းခြောက်၍ကောက်ခံနေခြင်းဖြစ်သည်ဟု သိရသည်။

ဒုရင်တဖိုအုပ်စုမှ ရယကဥက္ကဋ္ဌ ဦးငွေးအောင်၊ ကြို့ကုန်းအုပ်စုမှ ရာအိမ်မှူး ဦးသန်းဆွေ၊ မြို့မအုပ်စုမှ ရယကဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ကောက်ခံနေခြင်းဖြစ်ပြီး နွားခြံကုန်းကျေးရွာအုပ်စု၊ ကျွန်းနံရိုးအုပ်စု၊ ညောင်ဇရပ်အုပ်စု၊ တောင်ပြင်ကုန်းနှင့် စခုပ်ကုန်းကျေးရွာအုပ်စုများတွင်လည်း မယကအမိန့်နှင့် ငွေကြေးလိုက်လံကောက်ခံနေကြောင်း အဆိုပါဒေသခံက ပြောပြသည်။

မြန်မာပြည်၏ အချို့နေရာများတွင် စစ်သားသစ်စုဆောင်ရေးများအား စီမံချက်ဖြင့်ပြုလုပ်ကောက်ခံနေရာ ကျေးရွာနှင့်ရပ်ကွက်များအား အိမ်ထောင်စုအလိုက် ငွေကြေးကောက်ခံနေပြီး တပ်သားသစ်တဦးကို ကျပ်ငွေ (၃၀၀၀) နှုန်းဖြင့်ဝယ်ယူ၍ စီမံချက်ပြည့်မှီအောင်ဆောင်ရွက်နေရခြင်းဖြစ်သည်။

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ ကျေးရွာစာသင်ကျောင်းများတွင်လည်း နအဖစစ်တပ်များက ကျောင်းဝင်းတွင်းအထိ ဝင်ရောက်ဖမ်းဆီးမှုများ ပြုလုပ်လျက်ရှိခြင်း၊ ကျောင်းသားများကို စစ်တပ်သို့ဝင်ရန် ဖမ်းဆီးစုဆောင်းနေခြင်းကြောင့် အထက်တန်းနှင့် အလယ်တန်းကျောင်းသားများမှာ စာမသင်ရဲတော့ဘဲ တောထဲသို့ထွက်ပြေးပုန်းအောင်းနေရကာ မိဘများက အစားအသောက်များလိုက်လံပို့ဆောင်နေရသည်။

ဧရာဝတီတိုင်း ဘိုကလေးမြို့တွင်လည်း ဒုစရိုက်သမားများကို အဆိုပါမြို့တွင် တပ်စွဲထားသော ခလရ (၃၀) မှ တရားသူကြီးများ၊ ရဲစခန်းများနှင့်ညှိနှိုင်းကာ စစ်တပ်ထဲဝင်လျှင် ထောင်မချဘူး။ မဝင်လျှင် အလုပ်ကြမ်းနှင့် ရဲဘက်သို့ပို့မည်ဟု ခြိမ်းခြောက်ပြီး စစ်တပ်ထဲသို့ အတင်းဝင်ရောက်ခိုင်းလျက်ရှိသည်။

နအဖစစ်တပ်နေဖြင့် ယခုအခါ သတ်မှတ်ထားသည့် တပ်အင်အားပြည့်ရန် ကြိုးစားနေချိန်တွင် စစ်ဆင်ရေးကာလ (၄) လ သို့မဟုတ် (၆) လ တပတ်အတွင်း တပ်မှထွက်ပြေးခြင်း၊ သေဆုံးခြင်းတို့ကြောင့် လျော့နည်းသွားသောတပ်အင်အားကို ပြန်လည်ဖြည့်တင်းသည့်အနေဖြင့် တပ်သားများစုဆောင်းနေခြင်းဖြစ်သည်။

ယင်းကဲ့သို့တပ်အင်အားများဖြည့်တင်းရန် နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၆ ခု၊ အောက်တိုဘာ လေးလပတ်အစည်းအဝေးပွဲတွင် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ဤသို့ အဓမ္မတပ်သားသစ်စုဆောင်းရာတွင် အရွယ်မရောက်သေးသည့်ကလေးငယ်များစွာပါဝင်နေပြီး တချို့မှာ မိသားစုစားဝတ်နေရေးအတွက် ယာယီဖြေရှင်းသည့်အနေဖြင့် စိတ်ဆန္ဒမပါဘဲ စစ်တပ်တွင်လိုက်ပါဝင်ရောက် အမှုထမ်းနေကြရခြင်းဖြစ်သည်။

ဖွန်မိုင်းဆောင်းပါးမှ ...

ကမ္ဘာအနှံ့အပြားကရော သံဃာတော်များရဲ့ဆောင်ရွက်မှုများကို ထောက်ခံကြ၊ ဝန်းရံကြတယ်။

သံဃာ့တပ်ပေါင်းစုကြီးရဲ့ တင်ပြတောင်းဆိုချက် (၄) ခုကိုလည်း အင်မတန်တရားမျှတပြီး ယနေ့မြန်မာနိုင်ငံမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ဒုက္ခအလုံးစုံကို ဖြေရှင်းပေးနိုင်စွမ်းရှိသော တောင်းဆိုချက်များဖြစ်ကြောင်း ထောက်ခံပြောဆိုကြပါတယ်။

လူတိုင်း၊ ဘာသာတိုင်းက ထောက်ခံပြီး ဝန်းရံလုပ်ကိုင်နေကြတဲ့အချိန်မှာ နအဖစစ်အုပ်စုကတော့ ကမ်းကုန်အောင်တုန့်ပြန်ခဲ့ပါပြီ။

(၇)

မေတ္တာပို့ချီတက်လမ်းလျှောက်ပွဲတွေဟာ မြို့တိုင်းမှာဖြစ်တယ်။

လူပရိတ်သတ် ရဟန်းပရိတ်သတ်တွေနှင့် ဒီချီတက်မေတ္တာပို့တဲ့အင်အားဟာ သိန်းချီတဲ့အင်အားတွေဖြစ်လာတယ်။ ရန်ကုန်မှာဆို လေးငါးခြောက်သိန်းဖြစ်လာတယ်။ ဒါကို စစ်အုပ်စု သွေးပျက်မတတ်၊ ရူးသွားမတတ်ကြောက်လာတယ်။

လူထုတွေ လမ်းပေါ်တက်လာတာကို သူ့ထိုင်ခုံဆွဲနှုတ်တယ်လို့ဘာသာပြန်ပြီး ကြောက်တယ်။ သူတုန်နေပြီ။

တကယ်က ဒီကိစ္စကလွယ်လွယ်လေးပဲ။

မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုကြီးကထောက်ပြတဲ့ (၄) ချက်ကို တချက်ပြီးတချက် ဆက်ပြီးဆောင်ရွက်လိုက်ရုံပဲ။

ရိုးရိုးလေးပဲ ....

ဒါပေမယ့် စစ်အုပ်စုအတွက်ကျ ဒီလောက်လွယ်တဲ့ကိစ္စဟာ ဧရာမအခက်အခဲကြီးဖြစ်ပြီး ဘုန်းကြီးရော၊ သီလရှင်တွေရော၊ ငြိမ်းချမ်းရေးလိုလားသူ၊ ဒီမိုကရေစီမြတ်နိုးသူ ပြည်သူတွေကိုရော၊ ဖြူဖြူမဲမဲတွေ့သမျှကို ရန်သူအဖြစ်သဘောထားတော့တာပါ။

(၈)

မဟာသံဃာ့နာယကဆရာတော်တချို့ကို ခုတုံးလုပ်ပြီး 'ဓမ္မစက်နှင့်မရရင် အာဏာစက်နှင့် ဆောင်ရွက်ရတော့မှာပါဘုရား' ဆိုတဲ့ လေသံကိုပစ်ကြည့်တယ်။ ပုဒ်မ (၁၂၇) အရ အရေးယူမယ်လို့ ခြိမ်းခြောက်ကြည့်တယ်။ မျက်ရည်ယိုဗုံးနဲ့ပစ်ပြတယ်။ နံပါတ်တုတ်နှင့်ရိုက်ပြတယ်။ သေနတ်ကို မိုးပေါ်ထောင်ဖောက်ပြတယ်၊ ဘက်နက်နှင့်ထိုးသတ်ပြတယ်။ ညမထွက်ရအမိန့်တွေထုတ်ကြည့်တယ်။ လမ်းပေါ်မှာ လူ (၅) ယောက်ထက်ပိုမစုရဆိုတာမျိုးတွေ လုပ်ကြည့်တယ်။

ဘုန်းတော်ကြီးကျောင်းတွေကို သေနတ်သေနတ်ချင်းရင်ဆိုင်တိုက်နေရတဲ့ ရန်သူ့ဌာနချုပ်ကိုဝင်စီးသလိုမျိုး၊ ညတိုက်ပွဲဆင်သလိုမျိုး မဟားတရားတွေ စီးနင်းတိုက်ခိုက်တယ်။

သက်န်းကျွန်းက မဂ္ဂင်ကျောင်းတိုက်ကို၊ တောင်ဥက္ကလာက ငွေကြာယံကျောင်းတိုက်ကို သူ့ရဲ့စီးနင်းပုံတွေက ဘယ်သူမှမကြုံဖူး၊ မကြားဖူးတဲ့ ပက်စက်မှုမျိုးပဲ။

အိပ်ပျော်နေတဲ့ ကိုရင်လေးတွေကို စစ်ဖိနပ်နဲ့ကန်ပြီးနှိုးတယ်။

ကျောင်းထိုင်ဆရာတော်အပါအဝင် ဦးဇင်းတွေကို ရိုက်နှက်တယ်။ ဦးပြည်းတော်ကို စစ်ဖိနပ်နှင့်ကန်တယ်။ စတိုက်ဗီဒိုတွေအပါအဝင် ကျောင်းပိုင်၊ သာသနာပိုင်ပစ္စည်းတွေကို ထုထောင်းချေမွဖျက်ဆီးပစ်တယ်၊

တကျောင်းလုံး ကပွဲယပါမချန် ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်သွားတယ်။

ရပ်ကွက်သူ ရပ်ကွက်သားတွေက ဘုန်းကြီးတွေရဲ့ ညည်းညူအော်ဟစ်သံတွေကို ညမထွက်ရအမိန့်အောက်မှာ မျက်ရည်တွေနှင့် နားမခံသာအောင်ကြားနေကြရတယ်။

ဘယ်မှာ ကျေနိုင်တော့မှာလဲ။ ဘယ်သူကျေနိုင်တော့မှာလဲ ....

(၉)

အဲဒီလိုခြောက်လို့ မြန်မာလူထုကကြောက်သွားမှာတဲ့လား ....

ဝေးသေးတယ်။

ပိုဆိုးသွားပြီ။ ကမ္ဘာမကြေ ဖြစ်ကြရပြီ။

ဒီလိုနဲ့ လမ်းပေါ်ကို ဖွေးဖွေးလှုပ်အောင် လူထုတွေ ထပ်တက်လာတယ်။

စစ်အုပ်စုရဲ့ လက်မရွံ့တပ်ဖွဲ့တွေကလည်း နေရာမရွေးဘူး။ လူမရွေးဘူး။ စစ်အုပ်စုအလိုကျ ပစ်သတ်တယ်။ ဂျပန်သတင်းထောက်တောင် ချမ်းသာမပေးဘူး။ မဲမဲမြင်ရာပစ်သတ်တော့တာပဲ။

တုတ်နှင့်ရိုက်တယ်။ ဘက်နက်နှင့်ထိုးတယ် ။

တာမွေအထက (၃) ရှေ့က ပိုင်ရှင်မဲ့သွားတဲ့ဖိနပ်ကလေးတွေက ခင်ဗျားတို့ရဲ့ ရက်စက်မှုကို ဒီအတိုင်းငုံ့ခံသွားမှာမဟုတ်ဘူး။

လမ်းဘေးမြောင်းထဲကို ဖိတ်စင်ထွက်ကျပြီး သွေးရောင်ရှဲရှဲစိုနေတဲ့ တာမွေအထက (၃) က ကျောင်းသားငယ်တယောက်ရဲ့ ဦးနှောက်တွေအတွက် ထိုက်တန်တဲ့ဒဏ်ခတ်မှုကို ခင်ဗျားတို့ ကျကျနနခံကြရလိမ့်မယ်။

သံဃာတော်တွေကို သွေးပွက်ပွက်ထစေခဲ့တဲ့ ခင်ဗျားတို့ရဲ့မိုက်မဲမှုတွေအတွက် မကြာခင် ခင်ဗျားတို့ အရှင်လတ်လတ် မြေမျိုကြတော့မယ်။

(၁၀)

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးနှင့် ၈၈ မျိုးဆက်ကျောင်းသားများရဲ့ကမကထပြုမှုနှင့်ပဲ ဒီနေ့လူထုလှုပ်ရှားမှု ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းလိုက်ကြပြီ။

ဒီမှာ လူထုလူတန်းစားအဖွဲ့အစည်းတွေ (၉) ဖွဲ့ ပါဝင်လိုက်ကြပြီ။

တရက်ပြီးတရက် ဒီ့ထက်ပိုမိုပါဝင်အားဖြည့်ကြလိမ့်မယ်။ လူထုတရပ်လုံးပါဝင်ပြီး စစ်အုပ်စုထိပ်သီးတွေကို ကျကျနနဒဏ်ခတ်ကြလိမ့်မယ်။

အဲဒီမီးဟာ ခင်ဗျားကိုယ်တိုင်ရှို့ခဲ့တာဖြစ်တယ်။ ခင်ဗျားရှို့တဲ့မီးဟာ ခင်ဗျားကိုပြန်လောင်ပြီး သိတ်မကြာခင် ခင်ဗျားတို့ကို ပြာချသင်္ဂြိုလ်ပစ်တဲ့ မီးဖြစ်သွားလိမ့်မယ်ဆိုတာ ခင်ဗျားကိုယ်တိုင် မကြာခင် တွေ့မြင်ရပါလိမ့်မယ်။

ခင်ဗျားတို့မှာ အဝီစိကလွဲရင် ပြေးစရာမြေ လုံးလုံးမရှိတော့ပါ။ ။

ဇွန်မိုင်း

(၂၉၊ ၉၊ ၂၀၀၇)

❖

# ရဟန်းရှင်လူပြည်သူလူထု၏ အကြမ်းမဖက်ဆန့်ကျင်ရေးတွင် ပူးပေါင်းပါဝင်ကြရန် အစိုးရဝန်ထမ်းများအား အဝေးရောက်သံတမန်ဟောင်းများကတိုက်တွန်း

စက်တင်ဘာ (၂၅)

မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် ရဟန်းရှင်လူပြည်သူလူထု၏ ဆန္ဒပြလှုပ်ရှားမှုများတွင် ပြည်တွင်းပြည်ပမှ အစိုးရဝန်ထမ်းများနှင့် မြန်မာစစ်မှုထမ်းများပါ ပူးပေါင်းပါဝင်ကြရန် ပြည်ပရောက် မြန်မာသံတမန်ဟောင်းများက ပန်ကြားလွှာတစောင်ထုတ်ပြန်၍ တိုက်တွန်းခဲ့ကြသည်။

စက်တင်ဘာ (၂၄) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အဆိုပါ ပန်ကြားလွှာပါအကြောင်းအရာနှင့် အဓိကတောင်းဆိုချက်များကို စာရေးဆရာနှင့် သံတမန်ဟောင်းတဦးလည်းဖြစ်သူ ဦးခင်မောင်ကြည်က "နံပါတ်တစ်အနေနဲ့က မြန်မာနိုင်ငံတဝှမ်းလုံးမှာ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များကနေပြီးတော့ ကံဆောင်သပိတ်မှောက်နေတာကို အန်ကယ်လ်တို့အဝေးရောက် သံတမန်ဟောင်းများအနေနဲ့ လှိုက်လှိုက်လှဲလှဲထောက်ခံတယ်ဆိုတဲ့ဟာက ဒါပထမတချက်၊ ဒုတိယကတော့ ၁၉၆၂ ခုနှစ်ကစပြီးတော့ ဗမာပြည်မှာ တတ်သိပညာရှင်၊ သီလသမာဓိရှိတဲ့သူတွေနေရာမှာ တတ်သိပညာမရှိတဲ့ စစ်ဗိုလ်တွေကဝင်ပြီးတော့ တိုင်းပြည်ကြီးကိုအုပ်ချုပ်တာ လွဲမှားတဲ့အုပ်ချုပ်မှုကြောင့် တိုင်းပြည်ဟာ ဆင်းရဲမွဲတေပြီးတော့ အခုလိုပြည်သူတရပ်လုံးက အထွေထွေအကြပ်အတည်းတွေနဲ့တွေ့နေတာ အန်ကယ်လ်တို့က ဒုတိယအနေနဲ့သုံးသပ်တာပါ။ တတိယအနေနဲ့က ဗမာပြည်မှာရှိတဲ့သူတွေအကုန်လုံး ဝန်ထမ်းအားလုံးတွေရော ဝန်ထမ်းအသစ်တွေရော စစ်သားတွေရော၊ ပြည်သူတရပ်လုံးဟာ အကုန်လုံးဟာ ဒုက္ခဆင်းရဲရောက်နေတယ်။ သမာအာဇီဝနဲ့ ထမင်းမဝကြဘူး။ စစ်သားစစ်ဗိုလ်ငယ်များဟာလည်း ဒီအတိုင်းပဲ။ ဗိုလ်မှူးချုပ်များ၊ တပ်ရင်းမှူးများ ဒီအသက်အရွယ်ကြီးတွေနဲ့ နအဖစစ်ဗိုလ်ချုပ်တွေနောက်ကိုမလိုက်ဘဲနဲ့ ပြည်သူတွေနဲ့ ရဟန်းသံဃာတွေနောက်ကိုလိုက်ပြီးတော့ ကိုယ့်တပ်ရင်းမှာကိုယ်နေပြီးတော့ သပိတ်မှောက်တဲ့အနေနဲ့ပေါ့။ ပြည်သူလူထုကို ထောက်ခံတဲ့အနေနဲ့နေဖို့အတွက် မေတ္တာရပ်ခံပါတယ်"ဟု ပြောပြခဲ့သည်။

ယခုအချိန်တွင် နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေကြသည့် အမှုထမ်း၊ သံဝန်ထမ်းများအားလုံးကိုလည်း (၈၈) ခုနှစ်က အခြေအနေကဲ့သို့ မြန်မာစစ်အစိုးရကို ဆန့်ကျင်ကာ ရဟန်းရှင်လူပြည်သူများနှင့်ပူးပေါင်းထောက်ခံရန်အတွက်လည်း နှိုးဆော်ခဲ့သည်။

"ကံဆောင်သပိတ်မှောက်တာကို အကုန်လုံးကဝိုင်းပြီးတော့ ထောက်ခံသင့်တယ်။ တကယ်လို့သာ သူတို့က အကြမ်းဖက်လာလို့ရှိရင်လည်း အန်ကယ်လ်တို့လိုပဲ နိုင်ငံတကာမှာ အကုန်လုံးက ဗမာပြည်အစိုးရကို ဆန့်ကျင်တဲ့အနေနဲ့ ခိုလှုံသင့်တယ်။ ခိုလှုံရင်လည်း အန်ကယ်လ်တို့ရှိတုန်းကလိုပဲ ဒီအစိုးရကိုသံရုံးဝင်းထဲကနေပြီးတော့ ပြည်သူပြည်သားတွေကို မသတ်သင့်ပါဘူးဆိုတာ သံတမန်တွေလည်း (၈၈) အရေးအခင်းတုန်းက သံရုံးဝင်းထဲကနေပြီးတော့ ဆန္ဒပြထောက်ခံခဲ့ကြတယ်။ ဒီအတိုင်းပဲလုပ်သင့်ပါတယ်"ဟု ပြည်ပရောက်မြန်မာသံတမန်ဟောင်းများကိုယ်စား ဦးခင်မောင်ကြည်ကပြောဆိုခဲ့သည်။

နအဖစစ်အစိုးရသည် ဆန္ဒပြမှုများဖြစ်ပွားခဲ့သည့်အချိန်တွင် ဝန်ထမ်းများဆန္ဒပြမှုများတွင်မပါဝင်ရန် ပြင်းထန်သည့်တင်းကျပ်သည့် အရေးပေါ်အမိန့်များပေးခဲ့ပြီး ရုံးများကိုလည်း ပိတ်ရက်မပေးဘဲ အချိန်ပြည့်ရုံးတက်ခိုင်းခဲ့သည်။ ❖

# သံဃာ့ကံဆောင်ဆန္ဒပြပွဲများကို ပစ်ခတ်နှိမ်နင်းမှုကြောင့် သေကြေဒဏ်ရာရမှုများရှိ





လူထုဆန္ဒပြပွဲများအတွင်း အကြမ်းဖက်ဖြိုခွင်းနေသည့် နအဖအာဏာပိုင်တို့၏ လက်ကိုင်တုတ်များ

စက်တင်ဘာ ၂၆၊ ၂၇၊ ၂၈

ဗုဒ္ဓဘာသာသာဝင်အများစုနေထိုင်သော မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသည့်ကံဆောင်သပိတ်တိုက်ပွဲများအတွင်း အာဏာရှင်စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းပစ်ခတ်မှုများကြောင့် ပြည်သူသာမက ရဟန်းတော်များပါ သေကြေဒဏ်ရာရရှိသူများရှိခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသည့် ဆန္ဒပြပွဲများတွင် အာဏာရှင်အစိုးရမှ နည်းလမ်းမျိုးစုံဖြင့် အင်အားသုံး အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းစွာဆန္ဒပြနေသည့် ပြည်သူလူထုအတွင်းသို့ မျက်ရည်ယိုဗုံးများ အသုံးပြုခြင်း၊ လုံထိန်းနှင့်စစ်သားများက နံပါတ်တုတ်များဖြင့်ဝင်ရောက်ရိုက်နှက်ကာ သံဃာတော်များအပါအဝင် ပြည်သူလူထုအား အကြမ်းဖက်ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။

နအဖစစ်အုပ်စုပိုင်မီဒီယာများမှ စက်တင်ဘာ (၂၈) ရက်နေ့ပစ်ခတ်မှုတွင် (၉) ဦးသေဆုံးပြီး (၁၁) ဦးဒဏ်ရာရရှိခဲ့သည်ဟု တရားဝင်သတင်းထုတ်ပြန်ထားသည်။ ရန်ကုန်မြို့တွင် တာမွေ၊ ကျိုက္ကဆံဘုရားအနီးနှင့် ဆူးလေဘုရားအနီးတွင် သပိတ်မှောက်သည့် ပြည်သူလူထုအား နအဖစစ်တပ်က အကြမ်းဖက်ပစ်ခတ်နှိမ်နင်းခဲ့ပြီး သေဆုံးဒဏ်ရာရသူ အများအပြားရှိနိုင်သည်ဟု မျက်မြင်သက်သေများက ခန့်မှန်းပြောဆိုခဲ့သည်။

၎င်းအကြမ်းဖက်ပစ်ခတ်မှုများအတွင်း သေဆုံးသူများထဲတွင် အသက် (၅၂) နှစ်အရွယ်ရှိ ဂျပန်နိုင်ငံသား မစ္စတာနာဂအိကန်ဂျီလည်းပါဝင်သည်။ ခရီးသွားဗီဇာဖြင့်လာရောက်ခဲ့သော မစ္စတာနာဂအိကန်ဂျီသည် နိုင်ငံတကာသို့လှည့်လည်ကာ သတင်းဓာတ်ပုံများရိုက်ကူးနေသူဖြစ်ပြီး ဆန္ဒပြသူများနှင့်လိုက်ပါသတင်းရယူရာမှ သေနတ်ထိမှန်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့သည်။

ထို့ပြင် စက်တင်ဘာ (၂၆) ရက်နေ့ ပစ်ခတ်မှုများတွင်လည်း (၁) ဦးသေဆုံးခဲ့ပြီး (၃) ဦးဒဏ်ရာရခဲ့ကြောင်း စစ်အစိုးရမှ တရားဝင်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ (၂၇) ရက်နေ့တွင်လည်း နအဖစစ်တပ်၏ပစ်ခတ်မှုကြောင့် ခွပ်ဒေါင်းအလံကိုင်ဆောင်ထားသည့် ကျောင်းသားတဦးကျဆုံးခဲ့ပြီး တာမွေမြို့နယ် အထက (၃) အနီးပစ်ခတ်မှုတွင်လည်း ဆန္ဒပြနေသည့် သံဃာနှင့် လူထုအများအပြားသေဆုံးဒဏ်ရာရခဲ့ကြောင်း မြို့ခံများထံမှသိရှိရသည်။ ကျောင်းဆင်းချိန်ဖြစ်နေသည့်အတွက်လည်း ကျောင်းသားများအား လာကြိုသောမိဘများလည်း ပစ်ခတ်ခံရမှုတွင်ပါဝင်ခဲ့ပြီး အသေအပျောက်နှင့် ဒဏ်ရာရသူများပြားမည်ဟု မျက်မြင်များထံမှ သိရှိရသည်။

အလားတူသတ်ဖြတ်နှိမ်နင်းမှုမျိုးကို မန္တလေး၌လည်း ပြုလုပ်ခဲ့ကြသည်။ သာသနာ့တက္ကသိုလ်နှင့် မဟာဂန္ဓာရုံကျောင်းတိုက်တို့မှ သံဃာတော် (၁၀၀၀) ကျော်နှင့် သိန်းနှင့်ချီသော လူထုကြီး၏ဆန္ဒပြပွဲကို (၃၂) လမ်းနှင့် (၃၃) လမ်းကြား၊ (၈၅) လမ်းတွင် ပစ်ခတ်မှု၊ ရိုက်နှက်မှုများဖြစ်ပွားခဲ့သည်။ ဆန္ဒပြသည့်နေရာသို့ မီးသတ်ကားဖြင့်လာ၍ အနံ့ဆိုးဝါးသည့်ဆေးရည်များရောစပ်ထားသည့်ရေများဖြင့် လူထုအတွင်းသို့ပက်ခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။

ထိုကဲ့သို့ အကြမ်းဖက်နှိမ်နင်းခဲ့သော်လည်း ဆန္ဒပြသည့်သံဃာနှင့်ပြည်သူများ လျော့မသွားကြောင်းလည်း သိရှိခဲ့ရသည်။

# ငြိမ်းချမ်းရေးအဖွဲ့များ လူထုဆန္ဒပြပွဲများတွင်ပါဝင်ရန် ကရင်အမျိုးသားအစည်းအရုံးတိုက်တွန်း



အပစ်အခတ်ရပ်ထားသည့် ဝ ငြိမ်းချမ်းရေးတပ်သားအချို့

စက်တင်ဘာ ၂၇

စစ်အစိုးရမှ ငြိမ်းချမ်းစွာဆန္ဒပြနေသည့် သံဃာထုနှင့်ပြည်သူလူထုအား အကြမ်းဖက်နှိမ်နင်းနေချိန်တွင် အပစ်အခတ်ရပ်လူမျိုးစုအဖွဲ့အစည်းအားလုံးက သံဃာများ၊ ပြည်သူများနှင့်ပူးပေါင်းတိုက်ပွဲဝင်ကြရန် ကေအဲန်ယူမှ ကြေညာချက်တစောင်ထုတ်ပြန်၍တိုက်တွန်းထားသည်။

ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက "သံဃာတွေ၊ ကျောင်းသားတွေနဲ့ပြည်သူတွေကို ပစ်ခတ်တယ်ဆိုတဲ့အလုပ်၊ လှံစွပ်နဲ့ထိုးသတ်တယ်ဆိုတဲ့အလုပ်ကကောင်းတဲ့အလုပ်မဟုတ်ဘူးဗျ။ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေအနေနဲ့လည်း နအဖက လိုရင်လိုသလို ခေါ်ခေါ်ထုတ်သွားပြီးတော့ ကျွန်တွေလိုခိုင်းနေတာကို မခံဖို့သိပ်အရေးကြီးတယ်"ဟုပြောဆိုခဲ့သည်။

ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ဆန္ဒပြနေသည့် ရဟန်းတော်များနှင့် ပြည်သူလူထုအား နအဖ၏ စစ်အုပ်စုကပစ်သတ်နေချိန်တွင် ဒီကေဘီအေဘက်မှ ကား (၁၁) စီးနှင့် ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး (ကလလတ) ကိုလည်း နအဖက ခေါ်ထုတ်သွားခဲ့သည်။ သံဃာနှင့်ကျောင်းသားလူထုများကိုနှိမ်နင်းရန်ဟုဆိုသောကြောင့် ရဟန်းသံဃာတော်များ၊ ပြည်သူလူထုနှင့် ပူးပေါင်းရန်၊ မတော်မတရားခိုင်းစေနေခြင်းကို ဆန့်ကျင်ရန်ဆော်သြခဲ့သည်။ နအဖခိုင်းသည့်အတိုင်းသာလိုက်နာပြီး လုပ်နေမည်ဆိုလျှင် အင်မတန်ဆိုးဝါးသည့် ပြည်သူများ၏ ဒဏ်ခတ်မှုကိုခံရမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောဆိုခဲ့သည်။

ကေအဲန်ယူကြေညာချက်တွင်လည်း ရှေ့တန်းစစ်မျက်နှာရောက် ဗမာ့တပ်မတော်တပ်မှူး၊ တပ်သားများအနေဖြင့် ဆိုးဝါးလှသည့် စစ်အာဏာရှင်တို့၏ အပြုအမူများကို ဆန့်ကျင်၍ သံဃာတော်များ၊ ပြည်သူများနှင့်ပူးပေါင်းကြရန် တော်လှန်ရေးအဖွဲ့အစည်းများနှင့် အဆက်အသွယ်ပြုရန်လည်း ပါရှိသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူးဖြစ်သူ ရီမွန်ထူးကလည်း ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေး တပ်ဦး (ကလလတ) အား ကယားပြည်နယ်အတွင်း ရှိအချို့နေရာများရှိ ဘုန်းကြီးကျောင်းများတွင် သံဃာတော်များအား အပြင်သို့မထွက်နိုင်ရန် ဝိုင်းရံခိုင်းထားသည်ဟုဆိုသည်။

"ဒီလုပ်ရပ်ကတော့ နအဖဘက်ကိုလုံးဝသြဇာခံဖြစ်သွားသလိုလေ။ ဗမာပြည်ရဲ့ပြုပြင်ပြောင်းလဲမှုကိုလိုလားတဲ့သူတွေ မဟုတ်တော့ဘူးလေ။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေက နိုင်ငံရေးတစုံတရာအခြေအနေပြောင်းလဲအောင် ငြိမ်းချမ်းရေးလုပ်ရတာလို့ အမြဲတမ်းပြောခဲ့ပါတယ်။ အခုဒီအချိန်အခါမျိုးမှာ ပြည်သူ့ဆန္ဒကိုမလိုက်လျောဘဲနေရင်တော့ နအဖနဲ့ တတန်းတစားတည်းဖြစ်သွားလိမ့်မယ်"ဟု ပြောဆိုခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအဖွဲ့တခုဖြစ်သည့် မွန်ပြည်သစ်ပါတီက ယခုထုတ်ပြန်သည့်ကြေညာချက်တွင် သံဃာတော်များဦးဆောင်သည့် တောင်းဆိုဆန္ဒပြမှုသည်း ပြည်သူလူထုတွေ့ကြုံနေရသည့် လူမှုရေး၊ စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်ရန်ကြိုးပမ်းမှုဖြစ်သောကြောင့် စစ်အစိုးရအနေဖြင့် အတိုက်အခံနိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးကာငြိမ်းချမ်းစွာဖြေရှင်းသွားရန် အကြံပြုထားသည်။

❖

မြန်မာပြည်တွင်ဖြစ်ပွားနေသည့် ဆန္ဒပြပွဲများအတွင်း နအဖစစ်အစိုးရမှ တရားဝင်ထုတ်ပြန်ထားသည့် သေဆုံးသူဦးရေမှာ ဆယ်ဂဏန်းပတ်ဝန်းကျင်ပင်ဖြစ်သော်လည်း နိုင်ငံတကာရှိ သတင်းနှင့် မီဒီယာများမှ အတည်မပြုနိုင်သေးသော်လည်း သေဆုံးသူဦး ရေမှာ ယနေ့အချိန်ထိ ရာဂဏန်းကျော်ပြီဖြစ်ကြောင်း ပြောဆိုခဲ့ သည်။ ထို့ပြင် ဖမ်းဆီးခံထားရသူများစာရင်းကိုလည်း နအဖမှ ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ ၁၉၈၈ တွင်ဖြစ်ပွားခဲ့ သည့် အရေးတော်ပုံတွင်လည်း သေဆုံးသူဦးရေ (၃၀၀၀) ကျော်ခန့် ရှိ သည်ဟု သိရှိရသည်။

ဒီနေ့ ဗမာပြည်ရဲ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ မျက်နှာဖုံးတွေချွတ်၊ သံချပ်အင်္ကျီတွေ ဝတ်လို့ ကျားနဲ့ဆင်လယ်ပြင်မှာတွေ့ကြပြီ ဖြစ်ပါတယ်။

နင်တန်–နင်တန် ပန်းကန်ကွဲဆိုသူတွေ၊ နအဖပေးသလောက်ကို အရင်ယူထားပါဆိုသူတွေ၊ ညောင်နှစ်ပင်ကို အောင့်ကာနမ်းထားပါဆိုသူတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပြီ။ တကယ့်မင်းသားနဲ့ တကယ့်ဘီလူးတို့ချကြတော့မှာမို့ လူပြက်တွေ ကားလိပ်ကြားထဲ ရောက်ကုန်ကြတာဖြစ်တယ်။ အခုဟာက နတ်ခားတွေ၊ ဇာတ်ခားတွေနဲ့ ခုတ်တာမျိုးမဟုတ်ဘူး။ တကယ့်ဓား၊ တကယ့်လှံတွေနဲ့ချကြတော့မှာ။

ကြံ့ဖွတ်တွေ၊ စွမ်းအားရှင်တွေတောင်မှ ကာလတခုအားဖြင့်တော့ ဝပ်သွား၊ အမြီးကုတ်သွားပြီ။

တလျှောက်လုံးသူကချည့် တဖက်သတ်ထိုးစစ်ဆင်ခဲ့တဲ့ နအဖဟာ ခံစစ်ဘဝရောက်စပြုနေပြီ။ အနည်းဆုံး နိုင်ငံရေးအရတော့ ခံစစ်လုံးလုံးဖြစ်သွားပြီ။ ဒါကြောင့်နအဖဟာ လက်နက်ကုန်ထုတ်သုံးဖို့ပြင်လာတယ်။ သူစုဆောင်းလို့ရသမျှအင်အားတွေအားလုံး ဆွဲခေါ်နေတယ်။ မဆလဖိုင်တွဲစင်ပေါ်မှာ ဖုံတင်၊ ပင့်ကူမြှင်ယှက်နေတဲ့ သခင်တင်မြ၊ ဦးချစ်လှိုင်စသူတွေကို ဖုတ်ဖက်ခါပွဲထုတ်လာတယ်။ နောက်တန်းကိုပြန်ခေါ်ပြီး ကျပ်ပူထိုးပေးနေရတဲ့ ကြံ့ဖွတ်တွေ၊ စွမ်းအားရှင်တွေကို ဘယ်တော့မန်းမှုတ်ပြီး တွန်းပို့အုန်းမလဲမသိဘူး။

တကယ်က နိုင်ငံတနိုင်ငံမှာ သံဃာတော်တွေတောင် အရိုက်အနှက်ခံကြရတယ်။ ဘုရားသားတော်များကအစ ဆန္ဒပြကြတယ်။ ဆိုတာတွေဟာ မကောင်းတဲ့ကိစ္စတွေပဲ။ ဒါပေမဲ့ အခုတော့ ဒါမျိုးတွေပေါ်လာတာကိုပဲ ဒီနိုင်ငံသားတွေဟာ ဝမ်းသာအားတက်နေကြတယ်။ လမ်းဘေးက ဒကာ၊ ဒကာမတွေဟာ ဆန္ဒပြသံဃာတော်များကို ကန်တော့ရင်း လက်အုပ်ချီထားတဲ့ လက်ဖမိုးတွေအပေါ်မှာ ဝမ်းသာမျက်ရည်တွေ တပေါက်ပေါက်ကျနေတယ်။ လူတွေဟာ အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်ရတာကို ကျေနပ်နေကြတယ်။ ဒါတွေဟာ ဘာကြောင့်လဲလို့ ဒီနိုင်ငံကဘယ်သူ့ကိုပဲမေးမေး လူတိုင်းက "(၁၉) နှစ်ရှိပြီ"လို့ တညီတညွတ်တည်းဖြေကြမှာ။

ပြန်ကြည့်လိုက်ရင် အတိုက်အခံတွေဘက်က တလျှောက်လုံးတင်လာတာဟာ နှစ်ဘက်တွေ့ဆုံဆွေးနွေးရေးပဲ။ ဒါကို နဝတ–နအဖတို့က မသိကျိုးနွံပြုပြီး အတိုက်အခံတွေကို တဘက်သတ် လက်နက်ချခိုင်းနေတယ်။ *(၁၉၄၇ ခုနှစ်က စတင်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်မှာလည်း ဒီလိုပဲ တဘက်က တွေ့ဆုံဆွေးနွေးရေးတင်နေရက်နဲ့ စစ်အုပ်စုနဲ့ အဲဒီတုန်းကတသားတည်း ဖြစ်နေတဲ့ ဆိုရှယ်လစ်ပါတီအုပ်စုက အပြုတ်တိုက်ရေးနဲ့လက်နက်ချရေးပဲ ကြွေးကြော်ခဲ့တာကို သတိရစရာဖြစ်တယ်)။*

နအဖဘက်က တွေ့ဆုံဆွေးနွေးတာ မလုပ်ဘဲ သူတို့ရဲ့လမ်းပြမြေပုံအတိုင်း ဆက်သွားနေလို့ကတော့ လူထုဆန္ဒပြပွဲတွေ မရပ်မစဲ၊ တခြိမ်းခြိမ်းဖြစ်နေဦးမှာပဲ။ အစပြုတာဟာ လောင်စာဆီကိစ္စ၊ ကုန်ဈေးနှုန်းကိစ္စ၊ စာမေးပွဲကိစ္စ၊ အမျိုးမျိုးဖြစ်နိုင်တယ်။ ဒါပေမဲ့ နောက်ဆုံး ကျရင်တော့ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေရရှိရေးတိုက်ပွဲကြီးတွေအဖြစ် အသွင်ပြောင်းသွားတော့တယ်။ လမ်းအားလုံးဟာ ရောမမြို့ကြီးကို ဦးတည်နေတယ်ဆိုတာလိုပဲ။ နိုင်ငံရေးပါးဝလှတဲ့ ဗမာပြည်သူတွေဟာ အပေါ်ယံဖော်ပြတာရော၊ အောက်ခံအကြောင်းရင်းကိုပါ ကောင်းကောင်းမြင်နိုင်စွမ်းရှိတယ်။

အခုဆိုရင် တိုက်ပွဲဝင်နေသူတွေရော၊ မဝင်သေးတဲ့လူတွေအပါ၊ သံဃာ၊ ကျောင်းသား၊ ဝန်ထမ်း၊ စစ်သား အားလုံးဟာ ကြွေးကြော်သံအမျိုးမျိုးကို တင်လာစပြုနေကြတယ်။ ဘာပဲပြောပြော နအဖနဲ့အတိုက်အခံတွေ့ဆုံဆွေးနွေးရေးဆိုတာကိုတော့ နအဖကလွဲရင်ဘယ်သူမှမငြင်းပယ်ကြဘူး။ ကြွေးကြော်သံကိုသာထုတ်ထားပြီး အဲဒါကိုအကောင်အထည်ပေါ်အောင် ဘာမှမလုပ်ရင်တော့ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဒါဟာ သကြီးန်အမြောက်ဖြစ်နေမှာပဲ။ လမ်းစဉ်တရပ်ချပြီးပြီဆိုရင် အဲဒါကို အကောင်အထည်ဖော်ရမယ်။ ကိုယ့်ကေဒါတွေကို အောက်ခြေအထိ စွမ်းစွမ်းတမံ အကောင်အထည်ဖော်ခိုင်းရမယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ တိုက်ပွဲရယ်လို့ပေါ်လာရင် ဘယ်လိုပေါင်းစပ်ပါဝင်ရမလဲ စဉ်းစားရမယ်။

# ရွှေခြေလှမ်းကိုသာ စဉ်းစားကြစို့




**ဒီနေ့မှာ တိုက်ပွဲကိုဘယ်လိုဆက်လက် သယ်ဆောင်ရမလဲ ...၊ နအဖက အကြမ်းဖက်ဖြို ခွဲလာရင် ဘယ်လိုလုပ်မလဲစတာတွေကို စဉ်းစားရတဲ့အချိန်ရောက်နေပြီ။ သံဃာတော် တွေ ဒါလောက် လမ်းပေါ်တက်နေလှုပ်ရှားနေတာ လူတွေဘာလို့မပါဝင်သေးတာလဲလို့ မေးကြတာလည်းမနည်းဘူး။ ဒီလိုဖြစ်ရတာရဲ့ အဓိကအကြောင်းရင်းတခုက ...**

ဒီနေ့မှာ တိုက်ပွဲကိုဘယ်လိုဆက်လက် သယ်ဆောင်ရမလဲ။ နအဖက အကြမ်းဖက်ဖြိုခွဲလာရင် ဘယ်လိုလုပ်မလဲစတာတွေကို စဉ်းစားရတဲ့အချိန်ရောက်နေပြီ။ သံဃာတော်တွေ ဒါလောက် လမ်းပေါ်တက်နေလှုပ်ရှားနေတာ လူတွေဘာလို့မပါဝင်သေးတာလဲလို့ မေးကြတာလည်းမနည်းဘူး။ ဒီလိုဖြစ်ရတာရဲ့ အဓိကအကြောင်းရင်းတခုက လူတွေကို စည်း ရုံးရွေ့ဆောင်မယ့်လူ၊ ဒါမှမဟုတ် အဖွဲ့အစည်းမရှိသေးတာပဲ။ သံဃာဆိုတာက ဘာပဲပြောပြော သူ့စာသင်တိုက်၊ သူ့ကျောင်းစသဖြင့် စည်းရုံးဖွဲ့စည်းမှုလေးတွေရှိပြီးသားလိုဖြစ်နေတယ်။ လူထုမှာတော့ တက္ကသိုလ်တွေကလဲ ကွဲကြဲ၊ မြို့စွန်မြို့ဖျားရောက်နေကြတယ်။ ကိုမင်းကိုနိုင်တို့လို လူတွေကိုဖမ်း၊ မမိသေးသူတွေလဲရှောင်တိမ်းနေကြရလို့ မင်းလောင်းမျှော်ရမလိုလိုဖြစ်နေတယ်။ သံဃာတော်တွေနောက်ကလိုက်ဖို့ပဲ ရှိသလိုလိုဖြစ်နေတယ်။ ဒါပေမဲ့ ဒါဟာယာယီပဲဖြစ်မယ်။ လူထုဟာခေါင်းဆောင်မယ့်လူမရှိရင် သူတို့ဖာသာခေါင်းဆောင်ရှာ ခေါင်းဆောင်တင်ပြီးတိုက်မှာ။ စိတ်ချ။

နအဖကိုစေ့စပ်ရေးစာပွဲဝိုင်းပေါ်ရောက်အောင် ဘယ်လိုလုပ်မလဲ။ ကြေငြာချက်ထုတ်တာလောက်နဲ့ စစ်ဗိုလ်ချုပ်တွေ စာပွဲဝိုင်းဆီကိုရောက်လာမလား။ ကမ္ဘာ့အဝန်းအဝိုင်းကပြောရုံနဲ့ အတိုက်အခံတွေနဲ့ တွေ့ဆုံစကားပြောပါ့မလား။ (၁၉) နှစ်ကျော် အတွေ့အကြုံက ဒါကိုစိတ်ကူးယဉ်နေလို့မရကြောင်း ရှင်းရှင်းလင်းလင်းပြသပြီးပြီ။

ရန်သူနဲ့စေ့စပ်ဆွေးနွေးတယ်ဆိုရင် ကိုယ့်အင်အားကိုရန်သူကမြင်မှ ကိုယ့်ကိုလေးလေးစားစားဆက်ဆံမှာဖြစ်တယ်။ ကိုယ့်စကားကို အလေးထားနားထောင်မှာဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလအဖွဲ့ကြီးက ဗြိတိသျှကိုလိုနီနဲ့ လွတ်လပ်ရေးရဖို့ဆွေးနွေးတာအောင်မြင်ရတဲ့အကြောင်းရင်းမှာ အမျိုးမျိုးသောသပိတ်ကြီးတွေနဲ့ ဗမာပြည်သားတွေဟာ တစိတ်တဝမ်းတည်းရှိကြောင်း၊ လွတ်လပ်ရေးကို မရရတဲ့နည်းနဲ့တိုက်ယူမှာဖြစ်ကြောင်း ပိုင်းဖြတ်ချက်တွေ ဖော်ပြနေတာဟာ အဓိကဖြစ်တယ်။ အဲဒီတုန်းက သပိတ်တွေသာမက ပျဉ်းမနားကလယ်သမားသူပုန်၊ ထန်းတပင်က ဆန်လုပွဲစတဲ့ အင်္ဂလိပ်အုပ်စိုးမှုကို ခပ်ကြမ်းကြမ်းဆန့်ကျင်ပြတာတွေလည်းရှိတယ်။ နောက်ပြီး ပြည်သူ့ရဲဘော်၊ တပ်နီစတဲ့ လက်နက်ကိုင်နိုင်အောင် လေ့ကျင့်တဲ့အဖွဲ့တွေကလည်း မြို့ကြီးတွေမှာ ရင်ကော့စစ်ရေးပြနေကြတာ။ သာမန်လူထုထဲမှာကိုပဲ အလေးမတာ၊ ကာယဗလလေ့ကျင့်တာ၊ လက်ဝှေ့ထိုးတာတွေ ခေတ်စားနေတာ။ ဒါတွေအားလုံးဟာ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် နှာနှပ်ပြီးထလာတဲ့ လန်ဒန်ကခေါင်းဆောင်တွေကို ဗမာလူထုက စစ်ရေးနဲ့ပါ ခြိမ်းခြောက်နေတာဖြစ်ပါတယ်။ တကယ်ကျ အင်္ဂလိပ်က လန်ဒန်စာပွဲဝိုင်းမှာ ကိုယ်တင်ပြတာက ကျိုးကြောင်းဆီလျော်မှုရှိတာသက်သက်ကြောင့်မဟုတ်ဘူး။ လူထုအင်အားသာမပြနိုင်ရင် ဘာတွေ၊ ဘယ်လိုပြောလို့မှ မရဘူးပဲ။

တရုတ်ပြည်ကို ဂျပန်ကကျူးကျော်တော့ ချန်ကေရှိတ်အစိုးရဟာ ဂျပန်ကို မတိုက်ပဲ အီးယောင်ဝါးလုပ်နေတယ်။ ဒါ့အပြင် ပြည်တွင်းစစ်ကိုပဲမဲတိုက်နေတယ်။ ဒီအခါမှာ ချန်ကေရှိတ်ကို ဖက်ဆစ်ဂျပန်တွန်းလှန်ရေး ဆွေးနွေးတဲ့စာပွဲဝိုင်းရောက်လာဖို့အတွက် ကွန်မြူနစ်တွေဟာ လူထုနည်းနဲ့ဆန္ဒပြပွဲကြီးတွေကျင်းပ၊ ချန်ကေရှိတ်ရဲ့တပ်ထဲက ဗိုလ်ချုပ်ကြီးနှစ်ယောက်ကို ဖွဲ့ထုတ်ဖိအားပေးတော့မှ ချန်ကေရှိတ်ဟာ စာပွဲဝိုင်းကိုရောက်လာတဲ့ အဖြစ်အပျက်ရှိဖူးတယ်။

နအဖခေါင်းမာတာ ဗြိတိသျှကိုလိုနီ၊ ချန်ကေရှိတ်၊ စသူတွေထက်မလျော့ပါဘူး။

ဒါကြောင့် ဗမာပြည်မှာ ဒီနေ့ပေါ်ပေါက်နေတဲ့ ဆရာတော်သံဃာတော်များနဲ့ လူထုတွေရဲ့တိုက်ပွဲတွေဟာ မူသဘောတရားအရ မှန်ကန်မက နည်းနာအားဖြင့်လည်း မှန်ကန်တယ်။ အခြေအနေရဲ့လိုအပ်ချက်အရသဘာဝကျစွာပေါ်ပေါက်လာတာဖြစ်တယ်။ အခုအခါမှာ ဒီတိုက်ပွဲတွေပေါ်ပေါက်တာမှန်သလား၊ မှားသလား၊ တခြားနည်းနဲ့တိုက်ရင် မဖြစ်ဘူးလား စသဖြင့် ငြင်းခုံနေဖို့မလိုတော့ဘူး။ အခုဆက်ပြောကြ၊ ဆွေးနွေးကြရမှာဟာ တိုက်ပွဲကိုဘယ်လိုဆက်သယ်ဆောင်မလဲ။ ပြည်သူလူထုကြီးတရပ်လုံးပါလာအောင် ဘယ်လိုလုပ်မလဲဆိုတာပဲ။

ဗညြ

❖

Burma Independent News Agency
BINA
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
ခွာညို ၊ ဆက်အောင်နိုင်

**အလုပ်သင်အယ်ဒီတာ**
ဖွဲ့ပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ သန်းဇော်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

**– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**

**– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**

**– မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**

# ကုလအထူးကိုယ်စားလှယ်၏ လေးရက်ကြာမြန်မာပြည်ခရီးစဉ် တိတ်ဆိတ်စွာပြီးဆုံး၊

ကုလသမဂ္ဂ၏ အရေးပေါ်ညွှန်ကြားချက်ဖြင့် မြန်မာပြည်ရှိအကြမ်းဖက်မှုများအားစုံစမ်းစစ်ဆေးမည့် မစ္စတာဂမ်ဘာရီသည် သတ်မှတ် ရက်ထက် သီတင်းနှစ်ပတ်စော၍ မြန်မာပြည်သို့ရောက်ရှိလာခဲ့သည်။

စက်တင်ဘာ (၂၉) ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိလာသော ကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီသည် နေပြည်တော် မြို့သစ်တည်ရာသို့ နှစ်ရက်အတွင်း နှစ်ကြိမ်သွားရောက်ခဲ့သည့်တိုင်အောင် နိုင်ငံ့ခေါင်းဆောင်အဖြစ်လက်ရှိ တာဝန်ယူထားသူ ဗိုလ်ချုပ်မှူးကြီးနှင့်တွေ့ခွင့်မရခဲ့ပေ။ ဂမ်ဘာရီ၏ခရီးစဉ်နှင့်ချိန်ကိုက်၍ လားရှိုးမြို့တွင်ပြုလုပ်သော အတင်းအကျပ်ဖိအားပေးပြုလုပ်သော ညောင်နှစ်ပင်ညီလာခံထောက်ခံပွဲသို့ခေါ်သွားကာ ၎င်းတို့အားထောက်ခံသူများရှိကြောင်းကိုပြခဲ့ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် စကားပြောခွင့်မရသေးသည့်ရက်များအတွင်း အကျယ်ချုပ်ကျခံနေရသည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်မူ မိနစ် (၉၀) စကားပြောခွင့်ရရှိခဲ့သည်ဟု သိရှိရပြီး မည်သည့်ကိစ္စများဆွေးနွေးခဲ့သည်ကိုမူ ထုတ်ဖော်ပြောကြားမှု တစုံတရာမရှိခဲ့ပေ။

မစ္စတာဂမ်ဘာရီပြန်မည့် (၂) ရက်နေ့တွင်မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယအကြိမ်ထပ်မံတွေ့ပြီး ထိုနေ့ညတွင် မစ္စတာဂမ်ဘာရီ မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဤမျှ ဆိုးဝါးပြင်းထန်သည့် လူသတ်ကွင်းဖြစ်ခဲ့ရသည့်အပေါ်တွင် မစ္စတာဂမ်ဘာရီအနေနှင့် ကျောင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ သံဃာ့ခေါင်းဆောင်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုတစုံတရာမရှိခဲ့သည့်အတွက် လူထုကြားတွင် မ



လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ

ကျေနပ်မှုများရှိနေသည်ဟုလည်း သိရသည်။ ''ကျောင်းသားတွေနဲ့မတွေ့ချင်နေပါ၊ သံဃာ့ခေါင်းဆောင်တွေကိုတော့ တွေ့ရမှာပေါ့။ ရှေ့ဆုံးက အသေခံသွားရတာပဲဥစ္စာ'' ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် တဦးကပြောသည်။

မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်မသိကြရသော်လည်း ကုလအထူးကိုယ်စားလှယ်မစ္စတာဂမ်ဘာရီ



သည် အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏မှာကြားချက်များအတိုင်း ဖမ်းဆီးခံထားရသူများအား ချက်ခြင်းပြန်လွှတ်ပေးရန်၊ ပြည်သူအပေါ် စစ်အုပ်စု၏ အကြမ်းဖက်မှုများအား ချက်ခြင်းရပ်တန့်ရန်၊ စစ်အုပ်စုနှင့် အတိုက်အခံအင်အားစုတို့အကြား ဆွေးနွေးပွဲများဖြစ်ပေါ်လာရန်တို့ကို စစ်အုပ်စုအား ပြောဆိုနိုင်ခဲ့လိမ့်မည်ဟု မျှော်လင့်နေကြသည်။

အဖွဲ့ချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်ကမူ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ပြီးမှ ဗိုလ်ချုပ်မှူးကြီးနှင့်တွေ့၊ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့်ပြန်တွေ့ဆိုသည်မှာ ထူးခြားသည်ဟုပြောခဲ့ပြီး ''နောက်ပိုင်းက လုံခြုံရေးကောင်စီနဲ့ အထွေထွေအတွင်းရေးမှူးချုပ်ကဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တယ်''ဟုပြောလိုက်သည်။

မစ္စတာဘန်ကီမွန်းသည် လာမည့်ကြာသာပတေးနေ့တွင် မြန်မာပြည်ခရီးစဉ်အား အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံ တင်ပြရမည်ဖြစ်သည်။ နောက်ဆုံးရရှိသောသတင်းများအရ ကုလ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီညဲရိုးကိုလည်း မြန်မာနိုင်ငံသို့သွားရောက်စုံစမ်းရန် တာဝန်ပေးအပ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်ရေးကောင်စီ၏ ယမန်နေ့က အရေးပေါ်အစည်းအဝေး၌ ကြေညာခဲ့ကြောင်းသိရသည်။

မြန်မာပြည်အတွင်း ဖြစ်ပွားနေသည့် စစ်အုပ်စုနှင့်ပြည်သူကြားမှ တင်းမာမှုများအား ကူညီဖြေရှင်းရန်ဟုဆိုကာ မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံတွင်းသို့ အကြိမ်ကြိမ်သွားရောက်ခဲ့သော်လည်း ၎င်း၏ခရီးစဉ်များအတွင်း ထူးခြားကောင်းမွန်သောတိုးတက်မှုတစုံတရာကို မတွေ့ခဲ့ကြရပေ။

❖

# မြန်မာ့အရေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ တုန့်ပြန်မှု ပြင်းထန်နိုင်ဖွယ်ရှိ

အောက်တိုဘာ ၄။

လာမည့်သောကြာနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာအရေးကိစ္စကိုတင်သွင်းဆွေးနွေးမည်ဖြစ်ပြီး အထွေထွေညီလာခံသဘာပတိကိုလည်းအစီအရင်ခံ မည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး ပြောခွင့်ရပုဂ္ဂိုလ် မစ်ရှဲလ်မွန်းတပ်စ် (Miss, Michelle Montas) က ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံသို့ အရေးပေါ်ခရီးစဉ်သွားခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီ (Ibrahim Gambari) သည် အောက်တိုဘာ (၂) ရက်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့သို့ပြန်ရောက်လာပြီးနောက် ဤသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီအနေနှင့် သတင်းထောက်များအား ယခုခရီးစဉ်ကိစ္စနှင့် ပတ်သက်၍ လာမည့်သောကြာနေ့တွင် အတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းအား ရှင်းလင်းပြောကြားလိမ့်မည်ဟုလည်းသိရသည်။ ယခုလာမည့်သောကြာနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံကိစ္စ



မြန်မာ့အရေးကိစ္စအား ဆွေးနွေးနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ မြင်ကွင်း

ကို အရေးပေါ်ထပ်မံဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

မစ္စတာဂမ်ဘာရီ ကုလသမဂ္ဂဌာနချုပ်သို့ပြန်မလာခင် စင်ကာပူနိုင်ငံရှိ အာဆီယံ၏ အလှည့်ကျ သဘာပတိနေရာယူထားသော စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း (Lee Hsien Loong) နှင့် နိုင်ငံခြားရေးဝန်ကြီး ဂျော့ဂ်ျရိုး (George Yeo) တို့နှင့် တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ နှစ်ဖက်အမြင်သဘောထားများ အပြန်အလှန်ဖလှယ်ပြီး အာဆီယံအနေနှင့် မစ္စတာဂမ်ဘာရီ၏ခရီးစဉ်အား အပြည့်အဝထောက်ခံကြောင်း ဝန်ကြီးချုပ်ရော နိုင်ငံခြားရေးဝန်ကြီးကပါ ပြောကြားခဲ့သည်ဟု မစ်ရှဲလ်မွန်းတပ်စ်ကပြေ ဆိုခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယခုလက်ရှိ မြန်မာနိုင်ငံတွင်းရှိ ဆန္ဒပြသူများနှင့် အတိုက်အခံ နိုင်ငံရေးလုပ်ရှားသူများအား စစ်အစိုးရမှ ယခုအချိန်အထိ ဆက်လက်ဖမ်းဆီးနေခြင်း၊ ညှင်းပမ်းနှိပ်စက်နေခြင်းများနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း၊ မစ္စတာဂမ်ဘာရီ၏ အစီအရင်ခံစာတင်သွင်းပြီး နောက်ပိုင်းတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့်ဆွေးနွေးပြီး ဆက်လက်ကိုင်တွယ်အရေးယူ ဆောင်ရွက်ခြင်းများဆက်လက်လုပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဌာနချုပ်သတင်းထောက်များအား ပြောသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ဆူဒန်နိုင်ငံ ဒါဖောအရေးအခင်းပြဿနာ၊ ပါလက်စတိုင်းပြဿနာစတဲ့ အရေးပေါ်လူ့အခွင့်ရေးဆိုင်ရာ ပြဿနာများအတွက်သာ အရေးပေါ်အစည်းအဝေးများ သီးသန့်ပြုလုပ်ခဲ့ဖူးသည်။ ယခုဖြစ်ပွားနေသည့် မြန်မာပြည်အရေးတွင်လည်း အရေးပေါ်အထူးအစည်းအဝေးတရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် အောက်တိုဘာ (၂) ရက်နေ့ကကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင်းက ရဟန်းသံဃာ၊ ပြည်သူလူထုတို့၏ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြမှုအပေါ် အကြမ်းဖက်နှိမ်နင်းမှုများကြောင့် မြန်မာပြည်၏ လူ့အခွင့်ရေးအခြေအနေတွေပေါ်တွင် နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုအတိုင်းအတာ မည်မျှရှိမည်ကို ခန့်မှန်းသိရှိနိုင်သည်။

အခုလက်ရှိ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာ စိုးရိမ်မှုအခြေအနေကိုမြင့်မားလာစေပြီး မြန်မာနိုင်ငံနဲ့ပတ်သက်၍ ကုလသမဂ္ဂတုန့်ပြန်မှုသည်လည်း ပြင်းထန်လာမည့်အခြေတွင်ရှိနေသည်။

❖